# ကြေးမုံ

The Mirror Daily

၁၉၅၇ ခုနှစ် မေ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

၁၃၇၈ ခုနှစ် နယုန်လဆန်း ၁၃ ရက် စနေနေ့ 18, Saturday June 2016 (၈၅၉၆)


## မိမိကိုယ်ကိုစောင့်ရှောက်

မိမိသာလျှင် မိမိ၏ကိုးကွယ်ရာဖြစ်၏။ တစ်ပါးသူသည် အဘယ်မှာ ကိုးကွယ်ရာဖြစ်နိုင်အံ့နည်း။ မိမိသာလျှင် မိမိ၏လဲလျောင်းရာဖြစ်၏။ ထို့ကြောင့် မြင်းကုန်သည်သည် အမျိုးကောင်းမြင်းများကို စောင့်ရှောက်သကဲ့သို့ မိမိကိုယ်ကိုစောင့်ရှောက်လေလော့။

ခုဒ္ဒကနိကာယ်(ဓမ္မပဒ-၃၈၀)

# နိုင်ငံတော်သမ္မတ ဦးထင်ကျော်၊ ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်တို့အား ဂျာမနီနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုဝန်ကြီး လာရောက်တွေ့ဆုံ



**နေပြည်တော် ဇွန် ၁၇**

မြန်မာနိုင်ငံ၌ ရောက်ရှိနေသည့် ဂျာမနီနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာဂဲလ်မြူးလာသည် ယနေ့တွင် နိုင်ငံတော်သမ္မတ ဦးထင်ကျော်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်တို့ထံ သီးခြားစီလာရောက်တွေ့ဆုံဆွေးနွေးခဲ့သည်။

ဧည့်သည်တော်ဝန်ကြီးသည် ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်နှင့် ယနေ့ နံနက် ၁၁ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံဆွေးနွေးသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံဝန်ကြီးများသည် မြန်မာနိုင်ငံနှင့် ဂျာမနီနိုင်ငံတို့အကြား ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်ကြားရေးစင်တာများ ဖွင့်လှစ်တည်ထောင်ရေး၊ စိုက်ပျိုးရေးကဏ္ဍ၊ အထူးသဖြင့် ကျန်းမာရေးနှင့်ညီညွတ်သော အော်ဂဲနစ်သီးနှံများစိုက်ပျိုးထုတ်လုပ်တင်ပို့နိုင်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရေးနှင့် နှစ်နိုင်ငံကုန်သွယ်မှုမြှင့်တင်ရေး၊ မြန်မာနိုင်ငံ၌ ဆောင်ရွက်လျက်ရှိသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ဂျာမနီနိုင်ငံနှင့် အီးယူတို့အနေဖြင့် ဆက်လက်ပံ့ပိုးပေးနိုင်ရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

ထို့နောက် ဧည့်သည်တော်ဝန်ကြီးသည် နိုင်ငံတော်သမ္မတ ဦးထင်ကျော်အား မွန်းလွဲ ၂ နာရီတွင် သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံဆွေးနွေးသည်။ **(ယာပုံ)**

**စာမျက်နှာ ၈ ကော်လံ ၁ သို့ ❖**

# မြန်မာနိုင်ငံအတွက် ယဉ်ကျေးမှု၊ နိုင်ငံရေး၊ စီးပွားရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးများတွင် ကူညီဆောင်ရွက်ပေးခဲ့သည့်အတွက် ကျေးဇူးတင်

ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်

# ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် အမျိုးသားရင်ကြားစေ့ရေးအတွက် ပြင်သစ်နိုင်ငံက ကူညီထောက်ပံ့ရန် အဆင်သင့်ရှိ

ပြင်သစ်နိုင်ငံခြားရေးဝန်ကြီး မစ္စတာဂျီးမာ့ခ်အီရောင်



ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်နှင့် ပြင်သစ်နိုင်ငံခြားရေးဝန်ကြီး မစ္စတာဂျီးမာ့ခ်အီရောင်တို့ သတင်းစာရှင်းလင်းပွဲပြုလုပ်စဉ်။ (ဓာတ်ပုံ-အောင်ရှိန်းဦး)

**နေပြည်တော် ဇွန် ၁၇**

ပြင်သစ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံအပေါ် ကူညီပေးနေသည့် ဖွံ့ဖြိုးရေးငွေကြေးပမာဏကိုမြှင့်တင်ရန် အစီအစဉ်ရှိပြီး ယူရိုသန်း ၂၀၀ ကူညီရန်ရှိကြောင်း ပြင်သစ်နိုင်ငံခြားရေးဝန်ကြီး မစ္စတာဂျီးမာ့ခ်အီရောင်(Mr. Jean-Marc Ayrault)က ပြောကြားလိုက်သည်။

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်နှင့် ပြင်သစ်နိုင်ငံ နိုင်ငံခြားရေးနှင့် နိုင်ငံတကာဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီး မစ္စတာဂျီးမာ့ခ်အီရောင်တို့သည် ယနေ့နံနက် ၉ နာရီ ၁၅ မိနစ်တွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးခဲ့ကြပြီးနောက် သတင်းစာရှင်းလင်းပွဲပြုလုပ်စဉ် ပြင်သစ်နိုင်ငံခြားရေးဝန်ကြီးက အထက်ပါအတိုင်း ပြောကြားလိုက်ခြင်းဖြစ်သည်။

ပြင်သစ်နိုင်ငံခြားရေးဝန်ကြီးက ပြင်သစ်ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီ (AFD)အနေဖြင့်လည်း မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်တွင် ပါဝင်ဆောင်ရွက်မှုများရှိနေပါကြောင်း၊ အထူးသဖြင့် ရန်ကုန်မြို့ပြဖွံ့ဖြိုးမှုစီမံကိန်းကိစ္စရပ်များ၊ စွမ်းအင်ကဏ္ဍနှင့် ကျန်းမာရေးကဏ္ဍများတွင် ကူညီဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံတွင် လိုအပ်နေသည့် လူမှုကယ်ဆယ်ရေးလုပ်ငန်းများနှင့်ပတ်သက်၍လည်း ကူညီဆောင်ရွက်ပေးနေသည့်ကိစ္စရပ်များရှိပါကြောင်း၊ မြန်မာနိုင်ငံ၏ လူနေမှုဘဝများ တိုးတက်ရန်အတွက်

**စာမျက်နှာ ၉ ကော်လံ ၁ သို့ ❒**




# ဂျာမနီနိုင်ငံ စိုက်ပျိုးရေးနှင့် လယ်ယာပို့ကုန်မြှင့်တင်ရေးစွမ်းဆောင်ခဲ့သူ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုဝန်ကြီးဌာနဝန်ကြီး ဒေါက်တာဂဲလ်မြူးလာ



ဝန်ကြီး ဒေါက်တာဂဲလ်မြူးလာ (Dr.Gerd Muller)ကို ၁၉၅၅ ခုနှစ် ဩဂုတ် ၂၅ ရက်တွင် ဂျာမနီနိုင်ငံ Krumbach မြို့၌မွေးဖွားခဲ့သည်။ ၎င်းသည် အိမ်ထောင်သည် တစ်ဦးဖြစ်ပြီး ဇနီး၊ ကလေးနှစ်ယောက်တို့နှင့်အတူ ဘာဗေးရီးယားပြည်နယ် ဒူရက်ရ်ဒေသ ကမ်ပတန်(Kempten)မြို့၌ နေထိုင်လျက်ရှိသည်။ ဒေါက်တာဂဲလ်မြူးလာသည် Business Education ဖြင့် မဟာဘွဲ့ရရှိထားပြီး ကက်သလစ်ဘာသာဝင်တစ်ဦးဖြစ်သည်။

သူသည် ၁၉၈၉ ခုနှစ်မှ ၁၉၉၄ ခုနှစ်အထိ ဥရောပပါလီမန်အမတ်အဖြစ်လည်းကောင်း၊ ၁၉၉၄ ခုနှစ်တွင် German Bundestag ၌ အဖွဲ့ဝင်တစ်ဦးအဖြစ်လည်းကောင်းဆောင်ရွက်ခဲ့ပြီး ၂၀၀၅ ခုနှစ်မှ ၂၀၁၃ ခုနှစ်အထိ Federal Ministry of Food,Agriculture and Consumer Protection ၌ Parliamentary State Secretary အဖြစ် ထမ်းဆောင်ခဲ့သည်။

၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၁၇ ရက်မှစ၍ ဂျာမနီနိုင်ငံ စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနဝန်ကြီး ဖြစ်လာခဲ့သည်။

အာဖရိကတိုက်ဆိုင်ရာ Military engagement အဖြစ် ကုလသမဂ္ဂငြိမ်းချမ်းရေးထိန်းသိမ်းရေးအထူးတာဝန်များကို ဆိုမာလီယာနိုင်ငံ၌ ၂၀၀၉ မှ ၂၀၁၅ ခုနှစ်အထိလည်းကောင်း၊ ဆူဒန်နိုင်ငံဒါဖာဒေသ၌ ၂၀၁၀ မှ ၂၀၁၅ ခုနှစ် အထိလည်းကောင်း၊ တောင်ဆူဒန်၌ ၂၀၁၂ မှ ၂၀၁၅ ခုနှစ်အထိလည်းကောင်း၊ မာလီ၌ ၂၀၁၃ ခုနှစ်မှ ၂၀၁၆ ခုနှစ်အထိလည်းကောင်း၊ ဗဟိုအာဖရိကသမ္မတနိုင်ငံ၌ ၂၀၁၄ ခုနှစ်တွင်လည်းကောင်း၊ လိုက်ဘေးရီးယား၌ ၂၀၁၅ ခုနှစ်တွင်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သည်။ အခြားလှုပ်ရှားမှုများအနေဖြင့် KFW အဖွဲ့၏ ကြီးကြပ်ဒါရိုက်တာဘုတ်အဖွဲ့တွင် အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ ကမ်ပတန် အသုံးချသိပ္ပံတက္ကသိုလ်၏ ဘုတ်အဖွဲ့၌ အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ Hanns Seidel ဖောင်ဒေးရှင်းအဖွဲ့ဝင်အဖြစ်လည်းကောင်း၊ German Spa အသင်း (DHV)၌ ၂၀၀၈ ခုနှစ်မှ ၂၀၁၂ ခုနှစ်အထိဥက္ကဋ္ဌအဖြစ်လည်းကောင်း ဆောင်ရွက်ခဲ့သည်။

၎င်းသည် ဂျာမန်စိုက်ပျိုးရေးလုပ်ငန်းများအတွက် အမတော်ကြေးပိုမိုထုတ်ပေးနိုင်ရေးနှင့် လယ်ယာပို့ကုန်မြှင့်တင်ရေးကို တွန်းအားပေးဆောင်ရွက်ခဲ့ပြီး ဥရောပမှဝင်ရောက်လာသည့် ဒုက္ခသည်အရေးအတွက် လျော့နည်းသွားရေးအတွက်ကိုလည်း ကြိုးပမ်းဆောင်ရွက်ခဲ့သည်။

# ပြင်သစ်နိုင်ငံ ဖွံ့ဖြိုးရေးနှင့် ပြုပြင်ပြောင်းလဲမှုများစွာစွမ်းဆောင်ခဲ့သည့် နိုင်ငံခြားရေးနှင့် နိုင်ငံတကာဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီး မစ္စတာဂျီးမာ့ခ်အီရောင်

ပြင်သစ်နိုင်ငံခြားရေးနှင့် နိုင်ငံတကာဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီး မစ္စတာဂျီးမာ့ခ်အီရောင် (Mr. Jean-Marc Ayrault)သည် မြန်မာနိုင်ငံသို့ ယမန်နေ့က ရောက်ရှိလာခဲ့သည်။ မစ္စတာဂျီးမာ့ခ်အီရောင်သည် ၂၀၁၂ ခုနှစ်မေလမှ ၂၀၁၄ ခုနှစ် မတ်လအထိ ပြင်သစ်နိုင်ငံ၏ ဝန်ကြီးချုပ်တာဝန်ထမ်းဆောင်ခဲ့သူဖြစ်ပြီး ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလမှ ယနေ့အထိ နိုင်ငံခြားရေးနှင့် နိုင်ငံတကာ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်နေသူဖြစ်သည်။

ထိုသို့တာဝန်ထမ်းဆောင်ခဲ့ရာတွင် ၁၉၈၉ ခုနှစ်မှ ၂၀၁၂ ခုနှစ်အထိ Nantes မြို့တော်ဝန်အဖြစ် လည်းကောင်း၊ ၂၀၀၁ ခုနှစ်မှ ၂၀၁၂ ခုနှစ်အထိ Nantes Metropole ၏ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ၁၉၉၂ ခုနှစ်မှ ၂၀၀၁ ခုနှစ်အထိ Agglomeration Nantaise ပြည်နယ်ဥက္ကဋ္ဌအဖြစ် လည်းကောင်း၊ ၁၉၇၆ ခုနှစ်မှ ၁၉၈၂ ခုနှစ်အထိ Loire-Alkantique Department အထွေထွေကောင်စီအဖွဲ့ဝင်အဖြစ် လည်းကောင်း၊ ၁၉၇၇ ခုနှစ်မှ ၁၉၈၉ ခုနှစ်အထိ Saint Herblain မြို့တော်ဝန်အဖြစ်လည်းကောင်း ရွေးချယ်ခန့်အပ်ခြင်းခံခဲ့ရသည်။

မစ္စတာဂျီးမာ့ခ်အီရောင်သည် Nantes တက္ကသိုလ်တွင် ဂျာမန်ဘာသာကိုသင်ယူခဲ့ပြီး ၁၉၇၂ ခုနှစ်တွင် သင်ကြားရေးဒီပလိုမာဘွဲ့ကို ရရှိခဲ့သည်။ ဂျာမန်ဘာသာစကားသင်ကြားသည့် ဆရာအဖြစ်လည်းလုပ်ကိုင်ခဲ့သည်။ ၁၉၉၇ ခုနှစ်မှ ၂၀၁၂ ခုနှစ်အထိ အမျိုးသားလွှတ်တော်



ရှိ ဆိုရှယ်လစ်ပါတီကို ဦးဆောင်ခဲ့သူဖြစ်သည်။ ၂၀၁၂ ခုနှစ် သမ္မတရွေးကောက်ပွဲတွင် သမ္မတအဖြစ် Francois Hollande ရွေးချယ်ခံရပြီး သမ္မတအဖြစ်တာဝန်ယူသည့် ၂၀၁၂ ခုနှစ်၊ မေလ ၁၅ ရက်နေ့တွင် မစ္စတာဂျီးမာ့ခ်အီရောင်အား ဝန်ကြီးချုပ်အဖြစ် ခန့်အပ်ခဲ့သည်။

မစ္စတာဂျီးမာ့ခ်အီရောင်သည် ၁၉၇၁ ခုနှစ်တွင် ဆိုရှယ်လစ်ပါတီသို့ ဝင်ရောက်ခဲ့သည်။ ၁၉၇၇ ခုနှစ်တွင် Nantes အနောက်ပိုင်းဒေသရှိ Saint-Herblain ၏ မြို့တော်ဝန်ဖြစ်လာခဲ့သည်။ ထိုအချိန်က အသက် (၂၇) နှစ်အရွယ်ရှိ မစ္စတာဂျီးမာ့ခ်အီရောင်သည် ပြင်သစ်နိုင်ငံအတွင်းရှိ လူဦးရေ (၃) သောင်းကျော်နေထိုင်ရာ Saint-Herblain မြို့၌ ပထမဆုံးသော အသက်အငယ်ဆုံး မြို့တော်ဝန်အဖြစ် ထင်ရှားခဲ့သူဖြစ်သည်။

၁၉၈၁ ခုနှစ်တွင် ဆိုရှယ်လစ်ပါတီ (PS) အမှုဆောင်တစ်ဦး ဖြစ်လာခဲ့သည်။ ထို့နောက် ၁၉၈၆ အမျိုးသားလွှတ်တော်တွင် Loire Atlantique ကိုယ်စားပြုအမတ်အဖြစ်ရွေးချယ်ခံခဲ့ရပြီး ၁၉၈၉ ခုနှစ်တွင် Rally for the Republi (RPR) မှ ကျင်းပသည့် Nantes မြို့တော်ဝန်ရွေးကောက်ပွဲတွင် ယှဉ်ပြိုင်ရန် ပါတီကရွေးချယ်ခဲ့သဖြင့် ဝင်ရောက်ယှဉ်ပြိုင်ရာအနိုင်ရရှိခဲ့သည်။ ၁၉၉၅ ခုနှစ်၊ ၂၀၀၁ ခုနှစ်နှင့် ၂၀၀၈ ခုနှစ်များတွင် ကျင်းပသည့် ရွေးကောက်ပွဲများတွင်လည်း ထပ်မံရွေးချယ်ခြင်းခံခဲ့ရပြန်သည်။ ထို့နောက် Nantes Metropole Urban Community ၏ ဥက္ကဋ္ဌအဖြစ် ၂၀၀၂ ခုနှစ်ကတည်းက ဆောင်ရွက်ခဲ့သည်။

၁၉၉၇ ခုနှစ်တွင် ကျင်းပခဲ့သည့် ရွေးကောက်ပွဲတွင် Plural Left မဟာမိတ်အဖွဲ့ အနိုင်ရရှိပြီး အမျိုးသားလွှတ်တော် ဆိုရှယ်လစ်ပါလီမန်အဖွဲ့၏ ဥက္ကဋ္ဌအဖြစ် (၁၅) နှစ်ကြာ တာဝန်ထမ်းဆောင်ခဲ့သည်။ ထို့နောက် ဆိုရှယ်လစ်ပါတီ (PS) ၏ ၂၀၁၁ ခုနှစ် အခြေခံရွေးကောက်ပွဲတွင် Francois Hollande အား သမ္မတလောင်းအဖြစ် ရွေးချယ်ခံရရေးအတွက် ပံ့ပိုးခဲ့သည်။ ထို့ကြောင့် ၂၀၁၂ ခုနှစ် သမ္မတရွေးကောက်ပွဲတွင် Hollande သမ္မတအဖြစ် အရွေးချယ်ခံခဲ့ရပြီး ဝန်ကြီးချုပ်အဖြစ် ခန့်အပ်ခြင်းခံခဲ့ရသည်။

မစ္စတာဂျီးမာ့ခ်အီရောင်သည် ဝန်ကြီးချုပ်အဖြစ် ခန့်အပ်ခြင်းခံခဲ့ရသည့်နောက်ပိုင်းတွင် ၎င်း၏အစိုးရအဖွဲ့ကိုဖွဲ့စည်းခဲ့ပြီး ပြင်သစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာဆောင်ရွက်ခဲ့သည်။ Francois Hollande သည် ဂရိအစိုးရ၏ ကြွေးမြီပြဿနာနှင့်ရင်ဆိုင်နေရချိန်တွင် စီးပွားရေးပြန်လည်ဦးမော့လာစေရေးအတွက် အသုံးမပြုသည့် ရန်ပုံငွေများကိုချထားပေးရန် ဥရောပကော်မရှင်ကိုတောင်းဆိုခဲ့သည်။

မစ္စတာဂျီးမာ့ခ်အီရောင်နှင့် ၎င်း၏ဝန်ကြီးများအဖွဲ့သည် အစိုးရအဖွဲ့တာဝန်ယူစဉ် ပင်စင်ယူသည့် အသက်ကို (၆၂) နှစ်မှ (၆၀) နှစ်သို့ လျှော့ချပေးသည့် ကိစ္စရပ်များအပါအဝင် အလုပ်သမားရေးရာကိစ္စရပ်များနှင့် ဝန်ကြီးများ၏လစာကို ၃၀ ရာခိုင်နှုန်းဖြတ်တောက်ခြင်း၊ အနိမ့်ဆုံးလုပ်ခလစာအား မြှင့်တင်သတ်မှတ်ခြင်း၊ မြို့ကြီးအချို့ရှိ ကန်ထရိုက်သစ်များအပေါ် (၃၆)လ ငှားရမ်းမှုစနစ်ကိုထိန်းချုပ်ခြင်း၊ ဝင်ငွေနည်းမိသားစုများအတွက် ပညာရေးထောက်ပံ့ငွေ တိုးမြှင့်ပေးခြင်း၊ အသက် (၁၆) နှစ်မှ (၂၅) နှစ်အတွင်း လူငယ်များအတွက် အလုပ်တိုးမြှင့်ခန့်ထားရေးစနစ်ကို မိတ်ဆက်ပေးခြင်းနှင့် အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုပေးသည့် အစီအစဉ်ကို လူဦးရေ(၅)သိန်းအတွက်ထပ်မံတိုးမြှင့်ခြင်းတို့ကို ဆောင်ရွက်ခဲ့သူဖြစ်သည်။ ■

✱ ကျောဖုံးမှ

၆၆ ရာခိုင်နှုန်းကတော့ လျှပ်စစ်ဓာတ်အား မသုံးစွဲနိုင်သေးပါဘူး။ ၂၀၃၀ မှာ တစ်နိုင်ငံလုံး လျှပ်စစ်ဓာတ်အားသုံးစွဲနိုင်ဖို့ ရည်ရွယ်ချက်နဲ့ ကြိုးပမ်းဆောင်ရွက်နေပါတယ်။

ဒီနေ့ ပြင်သစ်နိုင်ငံခြားရေးဝန်ကြီးနဲ့ သူတို့ဆီက စီးပွားရေးအဖွဲ့အစည်းတွေနဲ့ တွေ့ခဲ့ပါတယ်။ ဒီလိုတွေ့တဲ့အခါမှာ အဓိကပြင်သစ်နဲ့ ကျွန်တော်တို့ လျှပ်စစ်စွမ်းအင်ကဏ္ဍ ပူးပေါင်းဆောင်ရွက်ဖို့ ဆွေးနွေးခဲ့ပါတယ်။ ရှမ်းပြည်မြောက်ပိုင်းမှာ မဂ္ဂါဝပ် ၁၀၅၀ ခန့် ထုတ်လုပ်နိုင်တဲ့ ရွှေလီ-၃ ရေအားလျှပ်စစ်စီမံကိန်းကြီး ရှိပါတယ်။ ဒီစီမံကိန်းကို ကျွန်တော်တို့ ဘဏ္ဍာငွေနဲ့ စတင်အကောင်အထည်ဖော်တာဆိုရင် ၁၀ ရာခိုင်နှုန်းကျော်ကျော်လောက် ပြီးသွားပါပြီ။ ကျွန်တော်တို့မှာ ဘဏ္ဍာငွေကန့်သတ်ချက်ရှိနေပါတယ်။ ပြင်သစ်ကလည်း အကူအညီပေးမယ်ပြောတဲ့အတွက် ပြင်သစ်ချေးငွေနဲ့ ဆောင်ရွက်နိုင်မယ်ဆိုရင် ဒီစီမံကိန်းကြီးအတွက် ငွေရေးကြေးရေး ပူစရာမရှိတော့ပါဘူး။



လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးထိန်လွင်

ပြင်သစ်နိုင်ငံနဲ့ ဆွေးနွေးတဲ့အခါမှာ ရန်ကုန်မြို့ လျှပ်စစ်ဓာတ်အားအတွက်လည်း ဆွေးနွေးခဲ့တယ်။ ရန်ကုန်မှာ လျှပ်စစ်ဓာတ်အားဖြေရှင်းဖို့ အထောက်အကူပြုမယ်လို့ ကမ်းလှမ်းပါတယ်။ စိတ်ဝင်စားကြပါတယ်။ မဂ္ဂါဝပ် ၃၀၀ လောက်ထပ်ရဖို့ အစီအမံတွေ ဆောင်ရွက်နေတာရှိပါတယ်။ အဆင်ပြေနိုင်ပါတယ်”ဟု ပြောပြသည်။

“ရခိုင်ပြည်နယ်လေးမြို့မှာ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖို့အတွက် အကြမ်းဖျင်း ခန့်မှန်းထားတာကတော့ လေးမြို့(၁)က မဂ္ဂါဝပ် ၆၀၀၊ လေးမြို့ (၂)က မဂ္ဂါဝပ် ၉၀ စုစုပေါင်း မဂ္ဂါဝပ် ၆၉၀ ထုတ်လုပ်ဖို့ ရည်မှန်းထားတယ်။ လျှပ်စစ်ဓာတ်အားထုတ်လုပ်ဖို့အတွက် မထုတ်ခင်မှာ အရင်ဆုံးဖြစ်မြောက်နိုင်စွမ်းကို လေ့လာရပါတယ်။ ဒီကြားထဲမှာ သဘာဝပတ်ဝန်းကျင်ထိခိုက်မှုတွေ၊ လူမှုပတ်ဝန်းကျင်ထိခိုက်မှုတွေကိုလည်း လေ့လာရပါတယ်။ ဒီလိုလေ့လာဖို့အတွက် ကုန်ကျစရိတ်ကို ပြင်သစ်က ဒေါ်လာတစ်သန်း အကူအညီပေးပါမယ်။ ဒီဟာ ဆောင်ရွက်ပြီးသွားရင် ရခိုင်ပြည်နယ်အတွက် လုံလောက်တဲ့ ဓာတ်အားရရှိပါမယ်”ဟု အမြဲတမ်းအတွင်းဝန်က အဆိုပါစီမံကိန်းနှင့် စပ်လျဉ်း၍ ပြောကြားသည်။

“ရေအားဆိုရင် ရေသယံဇာတကို အသုံးပြုတယ်။ ဘယ်လိုသယံဇာတကိုမဆို အသုံးပြုရင် ထိခိုက်မှု side effect ကတော့ အနည်းနဲ့အများ ရှိမယ်။ ဒီလို ရေသယံဇာတကို အသုံးပြုတဲ့အခါမှာလည်း သဘာဝပတ်ဝန်းကျင်မှာ ရေမြုပ်တဲ့ ဧရိယာတွေရှိနိုင်တယ်။ ဒါပေမယ့် အနည်းဆုံးဖြစ်အောင်လုပ်ရမယ်။ ထိခိုက်မှုအနည်းဆုံးဖြစ်အောင် ကျွမ်းကျင်တဲ့ ပညာရှင်တွေ၊ အဖွဲ့အစည်းတွေနဲ့ ပူးပေါင်းပြီး သူတို့ရဲ့ လေ့လာဆန်းစစ်မှုတွေကို မူတည်ပြီးမှ Project တွေကို ဒီဇိုင်းလုပ်ရတာ ဖြစ်ပါတယ်”ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

(သတင်းစဉ်)

**စာပေမြင့်မှ လူမျိုးတင့်မည်**

# ပြည်မြို့နယ် သမဝါယမအသင်းစုလီမိတက် အရပ်ရပ်ဆိုင်ရာ စည်းဝေး

**ပြည် ဇွန် ၁၇**

ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း)ပြည်မြို့နယ် သမဝါယမအသင်းစုလီမိတက်၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ရက် ၁၀၀ စီမံချက်အရ ဇွန် ၁၂ ရက်က ပြည်မြို့နယ် သမဝါယမအသင်းစုလီမိတက် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပဲခူးတိုင်းဒေသကြီး သမဝါယမဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးစိန်လှနှင့် ပြည်မြို့နယ်သမဝါယမအသင်းစုလီမိတက် ဥက္ကဋ္ဌ ဦးသောင်းထွန်းတို့က အမှာစကားပြောကြားပြီး အခြေခံကျေးရွာ သမဝါယမအသင်းတို့၏ ချေးငွေပေးဆပ်ခြင်းများကို သိန်း ၁၀၀ အထက် ပထမ၊ ဒုတိယ၊ တတိယနှင့် သိန်း ၁၀၀ အောက် ပထမ၊ ဒုတိယ၊ တတိယရရှိကြသော အသင်းကိုယ်စားလှယ်များအား တာဝန်ရှိသူများက ဆုများအသီးသီးပေးအပ်ကြသည်။

ယင်းနောက် ပဲခူးတိုင်းဒေသကြီး သမဝါယမဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးစိန်လှက ပြည်မြို့နယ် သမဝါယမအသင်းစုလီမိတက် အလုပ်အမှုဆောင်အဖွဲ့၏ အစီရင်ခံစာနှင့် ဘဏ္ဍာရေးရှင်းတမ်းများကို ဖတ်ကြားသည်။

(၄၉၇)

# ဗြိတိန်နိုင်ငံအနောက်ယော့ရှိုင်းယား၌ အမျိုးသမီးပါလီမန်အမတ်တစ်ဦး လုပ်ကြံခံရ

**လန်ဒန် ဇွန် ၁၇**

ဗြိတိန်နိုင်ငံ၌ ပါလီမန်အမတ်တစ်ဦးဖြစ်သူ ဂျိုကောက်သည် အင်္ဂလန်မြောက်ပိုင်း အနောက်ယော့ရှိုင်းယားဒေသ လိဒ်မြို့အနီး ဘာစတောမြို့၌ ၎င်း၏ မဲဆန္ဒရှင်များနှင့် တွေ့ဆုံရန် ပြင်ဆင်နေချိန်အတွင်း တိုက်ခိုက်ခံရမှုကြောင့် သေဆုံးခဲ့ရကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဇွန် ၁၇ ရက်တွင် သတင်းထုတ်ပြန်သည်။

လေဘာပါတီ အမတ်တစ်ဦးဖြစ်သူ ဂျိုကောက်သည် ဇွန် ၁၆ ရက်က ဘာစတောမြို့ရှိ သူမ၏ မဲဆန္ဒနယ်မြေအတွင်း အကြမ်းဖက်တိုက်ခိုက်ခံရမှုကြောင့် သေဆုံးခဲ့ရကြောင်း ဒေသဆိုင်ရာ ရဲတပ်ဖွဲ့မှ ရဲမှူး ဒီးကောလင်းက ပြောကြားသည်။

အသက် (၄၁) နှစ် အရွယ်ရှိ ဂျိုကောက်သည် ကလေးနှစ်ယောက်မိခင်ဖြစ်ပြီး ဘက်တလီနှင့် စပန်းမဲဆန္ဒနယ်အတွင်း သေနတ်ဖြင့် သုံးကြိမ်ပစ်ခတ်ခံခဲ့ရပြီး ဓားထိုးခံခဲ့ရကြောင်း၊ ဇွန် ၁၆ ရက် မွန်းလွဲ ၁ နာရီခန့်တွင် တိုက်ခိုက်ခံခဲ့ရပြီး နောက်တစ်နာရီခန့်အကြာတွင် သေဆုံးခဲ့ရကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ပါလီမန်အမတ် ဂျိုကောက်သေဆုံးရမှုနှင့် ပတ်သက်၍ သောမတ်မေယာအမည်ရှိ အသက် (၅၂) နှစ်အရွယ် အမျိုးသားတစ်ဦးကို အနောက်ယော့ရှိုင်းယား ရဲတပ်ဖွဲ့က ဖမ်းဆီးခဲ့သည်။

ပါလီမန်အမတ်ကို သတ်ဖြတ်သူက ဗြိတိန်နိုင်ငံက ပဋမဟု အော်ဟစ်ခဲ့



ကြောင်း မျက်မြင်တွေ့ရှိသူတစ်ဦးက ပြောကြားသည်။

ဥရောပ သမဂ္ဂ (အီးယူ)မှ ဗြိတိန်နိုင်ငံခွဲထွက်လိုခြင်းရှိ မရှိ ငြင်းခုံနေကြပြီး လူထုဆန္ဒခံယူပွဲ မကျင်းပမီ ရက်သတ္တတစ်ပတ်အလိုတွင် အမတ် ဂျိုကောက်လုပ်ကြံခံရခြင်းဖြစ်သည်။ ဗြိတိန်နိုင်ငံ အီးယူမှ ခွဲထွက်ရေးကို ထောက်ခံသူများကရော၊ ကန့်ကွက်သူများကပါ ၎င်းတို့၏ မဲဆွယ်မှုများကို ဇွန် ၁၆ ရက်တွင် ရပ်ဆိုင်းထားခဲ့ကြသည်။

**ရိုက်တာ။**

# ပျက်ကျသွားသော အီဂျစ်လေကြောင်းပိုင် လေယာဉ်၏ ပျံသန်းရေးမှတ်တမ်းတင်ကိရိယာကို ရှာဖွေတွေ့ရှိ

**ကိုင်ရို ဇွန် ၁၇**

ပျက်ကျသွားသော အီဂျစ်လေကြောင်းလိုင်းပိုင် ခရီးသည်တင်လေယာဉ်တစ်စင်းမှ ဒုတိယမြောက်ပျံသန်းမှု မှတ်တမ်းတင်ကိရိယာကို ရှာဖွေတွေ့ရှိပြီဖြစ်ကြောင်း ယင်းဖြစ်ရပ်နှင့် ပတ်သက်၍ စုံစမ်းစစ်ဆေးနေသည့် အီဂျစ်စုံစမ်းစစ်ဆေးရေးအဖွဲ့က ဇွန် ၁၇ ရက်တွင် ပြောကြားသည်။

အဆိုပါ တွေ့ရှိရသည့် ဒုတိယမြောက်ပျံသန်းမှု မှတ်တမ်းတင်ကိရိယာသည် လေယာဉ်၏ အမြန်နှုန်း၊ ပျံသန်းနေသော အမြင့်ပေနှင့် ဦးတည်ရာအရပ်တို့နှင့် ပတ်သက်၍ သတင်းအချက်အလက်များကို စုဆောင်းမှတ်တမ်းတင်ထားကြောင်း စုံစမ်းစစ်ဆေးမှူးများက ပြောကြားသည်။

လေယာဉ်မောင်းခန်းအတွင်းရှိ အသံမှတ်တမ်းတင်ကိရိယာကို ဇွန် ၁၆ ရက်က ရှာဖွေတွေ့ရှိခဲ့သည်။

ယင်းလေယာဉ်သည် မည်သည့်အကြောင်းကြောင့် ပျက်ကျခဲ့ရသည်ကို စုံစမ်းစစ်ဆေးရေးမှူးများက ဖော်ထုတ်နိုင်မည်ဖြစ်သည်။

အီဂျစ်လေကြောင်းပိုင် လေယာဉ်ပျက်ကျမှုတွင် လေယာဉ်ပေါ် လိုက်ပါလာသူ လူ ၆၆ ဦးစလုံး သေဆုံးခဲ့ရသည်။

ပျက်ကျခဲ့သော လေယာဉ်မှာ အဲဘတ်စ် အေ-၃၂၀ အမျိုးအစားဖြစ်ပြီး မေ ၁၉ ရက် အစောပိုင်းက ပြင်သစ်နိုင်ငံ ပါရီမြို့မှ အီဂျစ်နိုင်ငံ ကိုင်ရိုမြို့သို့ ဦးတည်ပျံသန်းစဉ် မြေထဲပင်လယ်အတွင်းသို့ ပျက်ကျခဲ့ခြင်းဖြစ်သည်။

**ဆင်ဟွာ။**

# ဗီယက်နမ်ကမ်းရိုးတန်းစောင့်တပ်ဖွဲ့မှ ပျက်ကျလေယာဉ်ကို ရှာဖွေရာတွင် ကူညီရန် တရုတ်နိုင်ငံက ရေယာဉ်များစေလွှတ်

**ဟန်နွိုင်း ဇွန် ၁၇**

ဗီယက်နမ် ကမ်းရိုးတန်းစောင့်တပ်ဖွဲ့မှ ပျက်ကျခဲ့သော လေယာဉ်တစ်စင်းကို ရှာဖွေရာတွင် ပါဝင်ကူညီနိုင်ရန် တရုတ်နိုင်ငံက ရေယာဉ်များကို စေလွှတ်ပေးခဲ့ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဇွန် ၁၇ ရက်တွင် သတင်းထုတ်ပြန်သည်။

စီအေအက်စ်အေ တာဘိုလေယာဉ်သည် ဇွန် ၁၆ ရက်က ဗီယက်နမ်နိုင်ငံမြောက်ပိုင်း ပင်လယ်ကမ်းရိုးတန်းဒေသနှင့် တရုတ်နိုင်ငံ ဟိုင်နန်ကျွန်းအကြား တုန်ကင်ပင်လယ်ကွေ့၌ ပျက်ကျခဲ့သည်။ အဆိုပါ လေယာဉ်ပေါ်တွင် လူကိုးဦး လိုက်ပါလာခဲ့သည်။

ရှာဖွေရေးအဖွဲ့များက လေယာဉ်ပျက်ကျခဲ့ရာ နေရာမှ လေယာဉ်အပျက်အစီးအပိုင်းအစအချို့နှင့် တစ်ကိုယ်ရေသုံးပစ္စည်းများကို ရှာဖွေတွေ့ရှိခဲ့ရကြောင်း ဗီယက်နမ်ကာကွယ်ရေးဝန်ကြီးဌာန၏ ကြေညာချက်တွင် ဖော်ပြသည်။

ဗီယက်နမ်ကမ်းရိုးတန်းစောင့်တပ်ဖွဲ့မှ လေယာဉ်မှာ ဇွန် ၁၄ ရက်က ရေဒါမြင်ကွင်းမှ ပျောက်ကွယ်သွားခဲ့သော ဂျက်တိုက်လေယာဉ်တစ်စင်းကို ရှာဖွေနေစဉ် ပျက်ကျခဲ့ခြင်းဖြစ်ခဲ့သည်။

အဆိုပါ တိုက်လေယာဉ်မှာ ဆူကွိုင်း အက်စ်ယူ-၃၀ အမ်ကေ ၂ ဂျက်တိုက်လေယာဉ်ဖြစ်ပြီး တိုက်လေယာဉ်မှူး နှစ်ဦးအနက် တစ်ဦးကို ဇွန် ၁၆ ရက်တွင် ပင်လယ်ပြင်အတွင်းမှ ကယ်တင်ပေးနိုင်ခဲ့သည်။

ပျောက်ဆုံးနေသူ ဂျက်တိုက်လေယာဉ်မှူးကို ဆက်လက်ရှာဖွေနေဆဲဖြစ်သည်။

ရှာဖွေရေးလုပ်ငန်းတွင် ပါဝင်ကူညီပေးရန် ဗီယက်နမ်နိုင်ငံက တရုတ်နိုင်ငံအား မေတ္တာရပ်ခံခဲ့သည်။

ဗီယက်နမ် ကမ်းရိုးတန်းစောင့်တပ်ဖွဲ့မှ လေယာဉ်သည် ရှာဖွေရေးလုပ်ငန်းဆောင်ရွက်နေစဉ် ရာသီဥတုဆိုးရွားခြင်းနှင့် အမြင်အာရုံမှုန်ဝါးနေခြင်းတို့ကြောင့် ပျက်ကျခဲ့ခြင်းဖြစ်သည်။

**ရိုက်တာ။**

# ဓားစာခံအဖြစ်ဖမ်းဆီးခြင်းခံခဲ့ရပြီး ပြန်လည်လွတ်မြောက်လာသော စပိန်သတင်းထောက် အင်န်အိတ်ချ်ကေ သတင်းဌာနနှင့် အင်တာဗျူး

**မက်ဒရစ် ဇွန် ၁၇**

ဆီးရီးယားနိုင်ငံတွင် ဓားစာခံအဖြစ်ဖမ်းဆီးခြင်းခံခဲ့ရပြီး ပြန်လည်လွတ်မြောက်လာသော စပိန်သတင်းထောက်တစ်ဦးသည် ၎င်း၏ ၁၀ လတာမျှရင်ဆိုင်ခဲ့ရသည့် အခက်အခဲများကို အင်န်အိတ်ချ်ကေသတင်းဌာနသို့ ပြောကြားခဲ့သည်။

ယမန်နှစ် ဇူလိုင်လက ဆီးရီးယားနိုင်ငံမြောက်ပိုင်း အလက်ပိုမြို့တွင် စစ်သွေးကြွများက အန်ဂျယ်ဆာစတီးနှင့် စပိန်သတင်းထောက်နှစ်ဦးတို့ကို ဖမ်းဆီးခေါ်ဆောင်သွားခဲ့သည်။ အဆိုပါသုံးယောက်ကို လွန်ခဲ့သည့်လက ပြန်လည်လွှတ်ပေးခဲ့သည်။

၎င်းတို့သုံးဦးအား အယ်လ်ခိုင်ဒါအကြမ်းဖက်အဖွဲ့နှင့် ဆက်စပ်မှုရှိသော နူဆာဖရန့် အုပ်စုသို့ အောက်တိုဘာလတွင် လွှဲပြောင်းပေးအပ်ခဲ့ကြောင်း အန်ဂျယ်ဆာစတီးက စပိန်နိုင်ငံ မြို့တော်မက်ဒရစ်တွင် ဇွန် ၁၆ ရက်က အင်န်အိတ်ချ်ကေသတင်းဌာနနှင့် အင်တာဗျူးတစ်ခုတွင် ပြောကြားခဲ့သည်။


၎င်းတို့အားဖမ်းဆီးခေါ်ဆောင်သွားသူများက ၎င်းတို့အား နိုင်ငံခြားသား ဓားစာခံများကို ရိုင်းစိုင်းစွာ ဆက်ဆံသည့် အစ္စလာမ္မစ်စစ်သွေးကြွများလက်သို့ ရောင်းစားမည်ဟု ခြိမ်းခြောက်ခဲ့သည်။



ဖမ်းဆီးခေါ်ဆောင်သူများက စပိန်အစိုးရသည် ဖမ်းဆီးခံသတင်းထောက်များအတွက် မည်သည့်အပေးအယူကိုမျှ လုပ်ဆောင်မည်မဟုတ်ကြောင်း ၎င်းတို့အား ခြိမ်းခြောက်ပြောဆိုခဲ့သည်။ အန်ဂျယ်ဆာစတီးသည် မျှော်လင့်ချက်ပျောက်ဆုံးသွားသဖြင့် အလွန်ပင်ဝမ်းနည်းခဲ့ရသည်။ သူ့အပေါင်းအဖော်များက သူ့အား နှစ်သိမ့်ပေးခဲ့ကြောင်း အန်ဂျယ်ဆာစတီးက ဆိုသည်။

ယမန်နှစ် ဇွန်လကတည်းက ပျောက်ဆုံးသွားသော ဂျပန်သတင်းထောက် ဂျမ်ပိုင်ယာဆူဒါကို နူဆာဖရန့် အုပ်စုက ဖမ်းဆီးထားကြောင်း သိရသည်။ သို့သော် ၎င်းအား နူဆာဖရန့် အုပ်စုအတွင်း တွေ့မြင်ခဲ့ခြင်းမရှိကြောင်း အန်ဂျယ်ဆာစတီးက ဆိုသည်။ ဂျပန်သတင်းထောက် ဂျမ်ပိုင်ယာဆူဒါ အမြန်လွတ်မြောက်ပြီး မိသားစုနှင့် ပြန်လည်ဆုံတွေ့နိုင်ရန် ဆုတောင်းလျက်ရှိကြောင်း အန်ဂျယ်ဆာစတီးက ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ။**



# ၂၀၂၀ တိုကျို အိုလံပစ်နှင့်ပါရာလံပစ်ပြိုင်ပွဲများ ကျင်းပရန် အားကစားကွင်းပုံစံငယ် အတည်ပြုရွေးချယ်

**တိုကျို ဇွန် ၁၇**

၂၀၂၀ တိုကျို အိုလံပစ်နှင့်ပါရာလံပစ်ပြိုင်ပွဲများကျင်းပရန် အားကစားကွင်းပုံစံငယ်ကို ယနေ့အတည်ပြုရွေးချယ်လိုက်ပြီဖြစ်ကြောင်း သတင်းများအရသိရသည်။

ဗိသုကာပညာရှင် ကန်ဂိုကူမားက ဂျပန်အစိုးရသဘောတူထားသည့် ပုံစံကိုအခြေခံပြီး ရေးဆွဲခဲ့ခြင်းဖြစ်သည်။ တိုက်ဆန်ကော်ပိုရေးရှင်းအပါအဝင် အားကစားကွင်း ဆောက်လုပ်ရေးလုပ်ငန်းတွင် ပါဝင်ကြသည့် ကုမ္ပဏီများက ပါဝင်ရေးဆွဲခဲ့ကြောင်း သိရသည်။

ယင်းအားကစားကွင်းကို ၂၀၁၉ နိုဝင်ဘာလတွင် အပြီးသတ် ဆောက်လုပ်မည်ဖြစ်သည်။

အဆိုပါအားကစားကွင်းပုံစံငယ်ကို အားကစားကွင်းပင်မအဆောင်နှင့် နီးကပ်သည့်နေရာတွင် တည်ရှိသည့် ဂျပန်ရိုးရာအိမ်တွင် ခင်းကျင်းပြသထားသည်။ ဂျပန်ရိုးရာအိမ်တွင် ဂျပန်ရိုးရာယဉ်ကျေးမှုနှင့် အားကစားပစ္စည်းများပြသထားမည်ဖြစ်သည်။

ဇွန် ၁၇ ရက်တွင် ဂျပန်အားကစားဝန်ကြီး ဟီရိုရှိဟာဆီနှင့် အိုလံပစ်အားကစားပွဲဝန်ကြီး တိုရှိကိုင် အန်ဒိုတို့သည် ယင်းအားကစားကွင်းပုံစံငယ်ကို လာရောက်ကြည့်ရှုခဲ့သည်။

ဝန်ကြီး အန်ဒိုက ယခုအားကစားကွင်းပုံစံငယ်သည် လေဝင်လေထွက် ကောင်းမွန်ကြောင်းနှင့် သစ်ပင်ပန်းမန်များဖြင့် စိမ်းလန်းစိုပြည်မှုရှိမည်ဖြစ်ကြောင်း သတင်းထောက်များကို ပြောကြားခဲ့သည်။ ပြည်သူများလည်း အားကစားကွင်းပုံစံကို နှစ်သက်မည်ဖြစ်ကြောင်း ဆက်လက်ပြောကြားခဲ့သည်။

အိုလံပစ်မီးရှူးတိုင်ထားရှိမည့်နေရာကို အတိအကျမသတ်မှတ်ရသေးကြောင်း ဝန်ကြီးအန်ဒိုက သတင်းထောက်များကိုပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ။**

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် မွန်ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များအား တွေ့ဆုံ

**နေပြည်တော် ဇွန် ၁၇**

မိမိတို့သည် ဥပဒေပြုရေးမဏ္ဍိုင်မှ ကိုယ်စားလှယ်များဖြစ်သည့်အတွက် ဥပဒေကို လေးစားလိုက်နာရန် လိုအပ်ပါကြောင်း၊ အထူးသဖြင့် လွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများနှင့် တည်ဆဲဥပဒေများကို လိုက်နာကျင့်သုံးရမည်ဖြစ်ပါကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပြောကြားသည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် မွန်ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များနှင့် ယနေ့မွန်းလွဲ ၂ နာရီတွင် ပြည်နယ်လွှတ်တော်အစည်းအဝေးခန်းမ၌**(ယာပုံ)** တွေ့ဆုံစဉ် ထိုသို့ပြောကြားခဲ့ခြင်းဖြစ်သည်။

ဆက်လက်၍ လွှတ်တော်သည် ပြည်သူများက ၎င်းတို့၏ လုပ်ပိုင်ခွင့်ကို ပြည်သူ့ကိုယ်စားလှယ်များဖြစ်သည့် မိမိတို့လွှတ်တော်ကိုယ်စားလှယ်များထံ ပေးအပ်ထားခြင်းဖြစ်ပါကြောင်း၊ ဒီမိုကရေစီနိုင်ငံတွင် အချုပ်အခြာအာဏာသည် ပြည်သူ့ထံမှဆင်းသက်သည်ဆိုခြင်းသည် ဒီမိုကရေစီ၏ အခြေခံမူဖြစ်ပါကြောင်း၊ ပြည်သူ့ထံမှဆင်းသက်သည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးအာဏာသုံးရပ်တွင် မိမိတို့က ဥပဒေပြုရေးကို အကောင်အထည်ဖော်ဆောင်ရွက်ရပါကြောင်း၊ မိမိတို့သည် လွှတ်တော်ကိုယ်စားလှယ်များဖြစ်သည့်အတွက် ဥပဒေပြုရေးအာဏာကို အကောင်အထည်ဖော်ဆောင်ရွက်ရသော်လည်း အုပ်ချုပ်ရေးနှင့်တရားစီရင်ရေးအာဏာများတွင် ဝင်ရောက်စွက်ဖက်ခွင့်မရှိပါကြောင်း။

ဥပဒေပြုရေးအပိုင်းရှိ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် လုပ်ပိုင်ခွင့် တာဝန်နှင့် ကျင့်ဝတ်များရှိပါကြောင်း၊ လုပ်ပိုင်ခွင့်အပိုင်း၌ မေးခွန်းများမေးမြန်းခြင်း၊ အဆိုများနှင့် ဥပဒေကြမ်းများတင်သွင်းနိုင်ပါကြောင်း၊ ကျင့်ဝတ်သိက္ခာအပိုင်း၌ ကိုယ်စားလှယ်တစ်ယောက်၏ ကျင့်ဝတ်သိက္ခာနှင့်အညီ လေးစားလိုက်နာကျင့်သုံးရန် လိုအပ်ပါကြောင်း၊ အထူးသဖြင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦး၏ တာဝန်နှင့် လုပ်ပိုင်ခွင့်အပေါ်တွင် အလွဲသုံးစားမပြုလုပ်ရန် လိုအပ်ပါကြောင်း၊ တာဝန်နှင့်လုပ်ပိုင်ခွင့်ကို ရိုးသားမှန်ကန်စွာဖြင့် ကျင့်သုံးရန် လိုအပ်ပါကြောင်း၊ မိမိတို့နိုင်ငံရှိ မဲဆန္ဒရှင်ပြည်သူများသည် ဆင်းရဲနွမ်းပါး၍ တိုင်းပြည်မှာလည်း ဆင်းရဲချို့တဲ့နေသည့်အတွက် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်များကို လိုအပ်သည်ထက်ပို၍ ခံစားမနေသင့်ပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ရိုးသားဖြောင့်မတ်မှုကို အခြေခံ၍ ဆောင်ရွက်သင့်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဒေါ်တင်တင်အိတို့က လွှတ်တော်လုပ်ငန်းများဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပြန်လည်ဆွေးနွေးခဲ့သည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။





**(သတင်းစဉ်)**

# ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ပြင်သစ်နိုင်ငံ၏ အီဖယ်မျှော်စင်သို့ သွားရောက်လေ့လာ



**နေပြည်တော် ဇွန် ၁၇**

ပြင်သစ်နိုင်ငံတွင်ရောက်ရှိနေသော ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းသည် ဇွန် ၁၅ ရက် ဒေသစံတော်ချိန် နံနက် ၉ နာရီခွဲတွင် အပြည်ပြည်ဆိုင်ရာကာကွယ်ရေး၊ မြေပြင်နှင့် ဝေဟင်လုံခြုံရေးဆိုင်ရာပြပွဲ “Eurosatory 2016” ရှိ ပြင်သစ်ကာကွယ်ရေးဝန်ကြီးဌာန ပြခန်းဧည့်ခန်းမဆောင်၌ ပြင်သစ်တပ်မတော် ကြည်းတပ်ဦးစီးချုပ် General Jean –Pierre Bosser နှင့် တွေ့ဆုံဆွေးနွေးသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံတပ်မတော်နှစ်ရပ်ကြား ဆက်ဆံရေး ပိုမိုတိုးတက်ခိုင်မာလာစေရေး၊ သင်တန်းပိုင်းဆိုင်ရာ တိုးတက်လေ့လာနိုင်စေရေးနှင့် ဖြစ်နိုင်ခြေရှိသည့် ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်တိုးမြှင့်ဆောင်ရွက်ရေးကိစ္စရပ်များအား ဆွေးနွေးကြသည်။

ဆက်လက်၍ ပြင်သစ်ကာကွယ်ရေးဝန်ကြီးဌာန ပြခန်းများအား ဆက်လက်ကြည့်ရှုအားပေးကြပြီး မွန်းတည့် ၁၂ နာရီတွင် ပြင်သစ်တပ်မတော် ကြည်းတပ်ဦးစီးချုပ်မှ တည်ခင်းဧည့်ခံသော နေ့လယ်စာစားပွဲသို့ NATO တပ်ဖွဲ့၏ စစ်ဘက်ဆိုင်ရာအကြီးအကဲများနှင့်အတူ တက်ရောက်သည်။

မွန်းလွဲပိုင်းတွင် ခင်းကျင်းပြသထားသည့် ကုမ္ပဏီပြခန်း ခြောက်မျိုးအား လှည့်လည်ကြည့်ရှုလေ့လာခဲ့ကြပြီးနောက် ပြင်သစ်နိုင်ငံ၏ အထိမ်းအမှတ်ပြယုဂ်တစ်ခုဖြစ်သည့် အီဖယ်မျှော်စင်သို့ သွားရောက်လေ့လာခဲ့သည်။

ထို့နောက် ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် ဇွန် ၁၆ ရက် မွန်းလွဲပိုင်းတွင် လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာခဲ့ကြရာ ပြင်သစ်နိုင်ငံ Charles de Gaullc လေဆိပ်၌ ပြင်သစ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးဟန်သူ၊ မြန်မာစစ်သံမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးချုပ်တင်မောင်ဆွေနှင့် ပြင်သစ်တပ်မတော်မှ ဆက်ဆံရေးအရာရှိတို့က ပို့ဆောင်နှုတ်ဆက်ကြပြီး ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တပ်မတော်အရာရှိကြီးများ၊ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

**(သတင်းစဉ်)**

# ကျေးရွာမြေငှားဂရန်များ ထုတ်ပေးနိုင်ရေး ကွင်းဆင်းဆွေးနွေး

**ဖျာပုံ ဇွန် ၁၇**

ဖျာပုံခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ပြည်သူ့အတွက် ရက်(၁၀၀) စီမံချက်ဝင် လုပ်ငန်းဆောင်ရွက်မှုတစ်ခုဖြစ်သည့် ကျေးရွာမြေငှားဂရန်များ အောင်မြင်စွာ ထုတ်ပေးနိုင်ရေးအတွက် ခရိုင်ကျေးရွာမြေငှားဂရန် ထုတ်ပေးရေးလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအေးလွင်၊ မြို့နယ်ကျေးရွာမြေငှားဂရန် ထုတ်ပေးရေးလုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇေယျာအုန်းနှင့် ဌာနဆိုင်ရာများ ပါဝင်သောအဖွဲ့သည် ယနေ့နံနက်က ဖျာပုံမြို့နယ် တင်ပုလွဲကျေးရွာနေပြည်သူများနှင့် တွေ့ဆုံခဲ့ပြီး ကျေးလက်နေပြည်သူများ မြေပိုင်ဆိုင်မှုအခွင့်အရေး ခိုင်ခိုင်မာမာရရှိစေရန်အတွက် ကျေးရွာအလိုက် ကွက်ကျဲကွက်စိပ်တိုင်းတာခြင်း၊ ကန့်ကွက်လွှာခေါ်ယူခြင်း၊ မြေရာဇဝင် စစ်ဆေးခြင်း၊ ပတ်ဝန်းကျင်သက်သေစစ်ဆေးခြင်း၊ အမှုတွဲပြုစုခြင်း၊ မြေပြင်အခြေအနေစစ်ဆေးခြင်း၊ သတ်မှတ်ချက်နှင့်အညီ အိမ်ခြေစာရင်း အတည်ပြုကောက်ယူခြင်း စသည့် ကနဦးဆောင်ရွက်ချက်များအား အသိပေးဆွေးနွေးခြင်းများ ပြုလုပ်၍ မကြာမီ မြေငှားဂရန်များ ထုတ်ပေးနိုင်ရေး ဆွေးနွေးခဲ့ကြောင်း သိရသည်။

အဆိုပါကျေးရွာ မြေငှားဂရန်များ ထုတ်ပေးနိုင်ရေး ဆောင်ရွက်ထားရှိပြီးသော ကျေးရွာများမှာ ဖျာပုံမြို့နယ်တွင် တင်ပုလွဲကျေးရွာ အိမ်ခြေ ၅၉ လုံး၊ ဘိုကလေးမြို့နယ်တွင် ရွှေပြည်သာကျေးရွာ အိမ်ခြေ ၁၀၅ လုံး၊ ကျိုက်လတ်မြို့နယ်တွင် ပန်းဘဲစုရွာမကျေးရွာ အိမ်ခြေ ၇၃ လုံးနှင့် ဒေးဒရဲမြို့နယ်တွင် ဆင်ကူးကျေးရွာ အိမ်ခြေ ၆၀ စုစုပေါင်း အိမ်ခြေ ၂၉၇ လုံး ဖြစ်ကြောင်း သိရသည်။

**(ဝဇဓ)**

# အများပြည်သူပိုင်နေရာများကို အများပြည်သူများ ပြန်လည်ပိုင်ဆိုင်ရေး တိုက်တွန်းကြောင်းအဆို ကန့်ကွက်သူမရှိ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် အတည်ပြု

**ရန်ကုန် ဇွန် ၁၇**

ဇွန် ၁၆ ရက်က ကျင်းပခဲ့သည့် ဒုတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး(အဋ္ဌမနေ့)တွင် “အများပြည်သူပိုင်နေရာ များကို အများပြည်သူများ ပြန်လည်ပိုင်ဆိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးရန် တိုက်တွန်းကြောင်းအဆို”ကို မဲခွဲဆုံးဖြတ်ရာ ကန့်ကွက်သူမရှိသောကြောင့် ယင်းအဆိုကို လွှတ်တော်က အတည်ပြုခဲ့သည်။

ယင်းအဆိုကို သဃ်န်းကျွန်းမြို့နယ် အမှတ်(၁)မဲဆန္ဒနယ်မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးနေမျိုးကျော်(ခ) ဦးနေဘုန်းလတ်က တင်သွင်းခဲ့ပြီး အဆိုနှင့်ပတ်သက်၍ ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုးက မှတ်တမ်းတင်ရန် ပြောကြားခဲ့သော်လည်း အဆိုရှင်က လွှတ်တော်၏ အဆုံးအဖြတ်ခံယူရန် တောင်းဆိုခဲ့သောကြောင့် လွှတ်တော်က မဲခွဲဆုံးဖြတ်ခဲ့ခြင်း ဖြစ်သည်။

ယင်းအဆိုအား မြို့တော်ဝန်က ထောက်ခံခဲ့သော်လည်း မှတ်တမ်းတင်ရန် ပြောကြားခဲ့ကြောင်း အဆိုရှင် ဦးနေဘုန်းလတ်က “ကျွန်တော့်အဆိုထဲမှာ သဃ်န်းကျွန်းမြို့နယ်ကို ထည့်ပြောထားပေမယ့် ဒီတစ်မြို့နယ်ထဲကို ပြောတာမဟုတ်ပါဘူး။ အများပြည်သူပိုင်နေရာတွေကို အစိုးရက အကွက်ချရောင်းချခြင်းနဲ့ ငှားရမ်းခြင်းတွေ ထပ်မဖြစ်ဖို့ပါ။ အခုဆိုရင် တားလို့ရတာတွေ ရှိပါသေးတယ်။ အစိုးရရဲ့ အခက်အခဲတွေကိုလည်း နားလည်သဘောပေါက်ပါတယ်။ ဖြစ်ပြီးသားကိစ္စတွေထဲက ပြန်ယူလို့ရတာတွေကို ပြန်ယူပေးဖို့ တင်သွင်းတာဖြစ်ပါတယ်။ ဒီအဆိုကို မှတ်တမ်းတင်ရုံမဟုတ်ဘဲ အတည်ပြုပေးနိုင်ဖို့ လွှတ်တော်ရဲ့ အဆုံးအဖြတ်ကို ခံယူချင်ပါတယ်”ဟု ပြန်လည်တင်ပြခဲ့သဖြင့် တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌက မဲခွဲဆုံးဖြတ်ရာတွင် ကန့်ကွက်သူမရှိသောကြောင့် အတည်ပြုခဲ့ခြင်းဖြစ်သည်။

ယမန်နေ့က ကျင်းပသည့် ဒုတိယအကြိမ် တိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးတွင် ယင်းအဆိုနှင့်ပတ်သက်၍ လွှတ်တော်ကိုယ်စားလှယ် ၁၄ ဦးက ထောက်ခံဆွေးနွေးခဲ့ပြီး အများ ပြည်သူပိုင်နေရာများဖြစ်သည့် အားကစားကွင်း၊ စာကြည့်တိုက်၊ ရေကန် အစရှိသည့် နေရာတို့တွင် အစိုးရနှင့် သက်ဆိုင်သည့် အဆောက်အအုံများ တည်ဆောက်ခြင်း၊ ဌာနဆိုင်ရာများက အငှားချထားခြင်းများ အပြင် ဆေးခန်းများ၊ ကျူးကျော်တဲများ စသည်ဖြင့် တည်ဆောက်ထားရှိခြင်းတို့ကို ပြန်လည်စိစစ်သင့်ကြောင်း ကိုယ်စားလှယ်များက ဆွေးနွေးခဲ့ကြကြောင်းသိရသည်။

**ဇော်ကြီး(ပဏီတ)**

■

# အဘယ့်ကြောင့် စတော့အိတ်ချိန်းတွင် စာရင်းဝင်ကြပါသနည်း

**ကေတီအို**

ပြီးခဲ့သည့်နှစ် ၂၀၁၅ ခုနှစ် ဒီဇင်ဘာလအတွင်းက မြန်မာနိုင်ငံစီးပွားရေးစနစ်၏ အထင်ကရ မှတ်တိုင်တစ်ခုဖြစ်လာမည့် ရန်ကုန်စတော့အိတ်ချိန်းကို စတင်ဖွင့်လှစ်နိုင်ခဲ့ပါသည်။ စတင်ဖွင့်လှစ်ပြီးနောက်ပိုင်း စတော့ဈေးကွက်သို့ဝင်ရောက်ရန် အလားအလာရှိသည့် စံချိန်စံညွှန်းများနှင့်ပြည့်စုံသည့် ကုမ္ပဏီများမှ စိတ်ဝင်တစားစောင့်ကြည့်လျက်ရှိပြီး အချို့လည်းဝင်ရောက်ရန် ကြိုတင်ပြင်ဆင်မှုများကို ပြုလုပ်လျက်ရှိသည်ကို တွေ့ရှိရပါသည်။ လောလောဆယ်ရန်ကုန်စတော့အိတ်ချိန်း၏ စာရင်းဝင်ကုမ္ပဏီအဖြစ်လက်ခံပြီး ပါဝင်ရောင်းချနေကြသည့် ကုမ္ပဏီနှစ်ခုပေါ်ပေါက်လာပြီး ယင်း၏ရှယ်ယာများကို ဝယ်ယူရောင်းချသူများဖြင့် စည်ကားလျက်ရှိသည်ကိုလည်းတွေ့မြင်ရပါသည်။ အချို့က သတင်းအချက်အလက်ပြည့်စုံစွာရရှိခြင်းမရှိဘဲ အပျက်သဘောဖြင့် ပြောဆိုရေးသားနေကြသည်ကို တွေ့ရှိရသလို မြန်မာနိုင်ငံ၏ စတော့ဈေးကွက်ကောင်းမွန်လာစေရေးအတွက် အပြုသဘောဖြင့် ရေးသားပြောဆိုမှုများကိုလည်း မြင်တွေ့နေရပါသည်။ အချို့က စတော့အိတ်ချိန်းတည်ထောင်သည်ကို စောသေးသည်ဟုပြောဆိုသူများရှိသလို အချို့က နောက်ကျနေပြီဟု ပြောဆိုမှုများလည်းရှိပါသည်။

မည်သို့ပင်ဆိုစေ နိုင်ငံ့စီးပွားရေးကိုအထောက်အကူဖြစ်စေမည့်၊ စီးပွားရေးလုပ်ငန်းများအတွက် ကာလရှည်ငွေကြေးအရင်းအနှီးကို ရရှိစေမည့် အရင်းအနှီးဈေးကွက် (သို့မဟုတ်) စတော့ဈေးကွက်ကို ဈေးကွက်စီးပွားရေးစနစ် ကျင့်သုံးသည့်အခြားနိုင်ငံများနည်းတူ မြန်မာနိုင်ငံသည်လည်း ထူထောင်ပြီးဖြစ်ရာ ဤဈေးကွက်ကိုမည်သို့ အသုံးချ၍ စီးပွားဖြစ်ထွန်းအောင်ဆောင်ရွက်မည်၊ ချမ်းသာကြွယ်ဝမှုကို မည်သို့ဖန်တီးကြမည်ဆိုသည်ကို စဉ်းစားကြရန်လိုအပ်ပါသည်။

အချို့သောသူများက စတော့အိတ်ချိန်းတစ်ခုကို မည်သည့်အတွက်ကြောင့်တည်ထောင်ကြပါသနည်း၊ စတော့အိတ်ချိန်းတွင် စာရင်းဝင်ခြင်းဖြင့် မည်သို့အကျိုးဖြစ်ထွန်းကြပါသနည်း စသည်တို့ကိုသိရှိလိုကြသည့်အတွက် အောက်ပါအတိုင်း ရေးသားတင်ပြလိုက်ရပါသည်။

စတော့အိတ်ချိန်းတွင် ကုမ္ပဏီများစာရင်းဝင်ကာ ရောင်းဝယ်ခြင်းဖြင့် ကုမ္ပဏီများအနေဖြင့်အောက်ဖော်ပြပါအကျိုးကျေးဇူး (၆)ရပ်ကိုရရှိစေပါသည်-

(က) ရင်းနှီးငွေမြှင့်တင်နိုင်ခြင်း။ ။ ကုမ္ပဏီတစ်ခု၏ နိစ္စဓူဝ ကုန်ကျရမည့်စရိတ်များအတွက်လည်းကောင်း၊ လုပ်ငန်းများချဲ့ထွင်ကာ စီးပွားရေးအရယူဉ်ပြိုင်နိုင်စွမ်းများ မြှင့်တင်နိုင်ရန်လည်းကောင်း၊ နည်းပညာအသစ်များရယူကာ လုပ်ငန်းကိုပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရန်အတွက်လည်းကောင်း ကာလရှည်ငွေအရင်းအနှီးများလိုအပ်ပါသည်။ ယင်းသို့လိုအပ်သောငွေကြေးများအတွက် စတော့ရှယ်ယာများ၊ ငွေချေးစာချုပ်များကို အများပြည်သူသို့ စတော့ဈေးကွက်မှတစ်ဆင့် ထုတ်ဝေရောင်းချခြင်းဖြင့် မိမိလိုအပ်သည့် အရင်းအနှီးကို အချိန်တိုအတွင်း လုံလောက်စွာရရှိစေပါသည်။ အဘယ့်ကြောင့်ဆိုသော် စတော့ဈေးကွက်တွင်ရင်းနှီးမြှုပ်နှံသူ အရေအတွက်မြောက်မြားစွာမှ ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းသစ်များကို စောင့်မျှော်နေကြခြင်းကြောင့်ဖြစ်ပါသည်။ ရင်းနှီးမြှုပ်နှံသူများသည် ထုတ်ဝေရောင်းချမည့် ကုမ္ပဏီများ၏ အနာဂတ်အလားအလာကို အကဲဖြတ်ပြီးနောက် စတော့အသစ်များကို တိုက်ရိုက်ဝယ်ယူခြင်းဖြင့်လည်းကောင်း၊ စတော့ဈေးကွက်မှတစ်ဆင့် ပြန်လည်ဝယ်ယူခြင်းဖြင့်လည်းကောင်း ရင်းနှီးမြှုပ်နှံနိုင်ကြမည်ဖြစ်ပါသည်။ ယင်းသို့ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းသစ်များမှာ စတော့အိတ်ချိန်းသို့ စာရင်းဝင်ခြင်းမှ ရရှိနိုင်မည်ဖြစ်ပါသည်။

**စတော့အိတ်ချိန်းမှ သတ်မှတ်ထားသည့် စာရင်းဝင်စံများနှင့်ပြည့်စုံသည့်ကုမ္ပဏီများ (သို့မဟုတ်)ပြည့်စုံလုနီးပါးဖြစ်နေသည့် ကုမ္ပဏီများအနေဖြင့် စတော့အိတ်ချိန်းသို့ စာရင်းဝင်အဖြစ်လျှောက်ထားလိုပါက ကြိုတင်ပြင်ဆင်မှုများစွာကို ပြုလုပ်ထားရန်လိုအပ်ပါသည်။ အဓိကအားဖြင့် မိမိတို့ကုမ္ပဏီ၏ ဘဏ္ဍာရေးစာရင်းရှင်းတမ်းများသည် နိုင်ငံတကာလက်ခံကျင့်သုံးသည့် စာရင်းစစ်၊ စာရင်းကိုင်စံများနှင့်အညီ ရေးဆွဲထားရန် လိုအပ်ပါသည်။**

(ခ) မှန်ကန်သောဈေးနှုန်းရှာဖွေတွေ့ရှိမှု။ ။ စတော့အိတ်ချိန်းသို့ စာရင်းဝင်ထားသည့် ကုမ္ပဏီ၏ ရှယ်ယာများကို အများပြည်သူတို့က ရောင်းချခြင်း၊ ဝယ်ယူခြင်းများ ပြုလုပ်ကြပါလိမ့်မည်။ အဆိုပါကုမ္ပဏီ၏ စတော့များကို ဝယ်ယူရင်းနှီးရန်အခြေအနေကောင်းမွန်သည်ဟု ယူဆသူများက ဝယ်ယူရင်းနှီးကြမည်ဖြစ်ပြီး ဈေးကွက်တွင်ပေါက်နေသည့် ဈေးနှုန်းက မိမိအတွက် ပြန်ရောင်းထုတ်ရန်အချိန်သင့်ပြီဟု ယူဆသူများက ရောင်းချကြမည်ဖြစ်ပါသည်။ ဤသို့ဝယ်ယူသူနှင့်ရောင်းချသူတို့၏ ဝယ်လိုအား/ရောင်းလိုအားအပေါ် မူတည်ကာ ဈေးနှုန်းတစ်ခုဖြစ်ပေါ်လာမည်ဖြစ်ပါသည်။ ဤဈေးနှုန်းသည် ဈေးကွက်မှ ပြဋ္ဌာန်းလိုက်သည့်၊ ဈေးကွက်၏ အင်အားကြောင့် ရှာဖွေတွေ့ရှိသည့်ဈေးနှုန်းတစ်ရပ်ဖြစ်ပြီး ယင်းပေါ်ပေါက်လာသည့်ဈေးနှုန်းသည် ကုမ္ပဏီ၏ "ပြဒါးတိုင်" ပင်ဖြစ်ပါသည်။ ယင်းဈေးနှုန်းသည် ကုမ္ပဏီမှထုတ်ပြန်ထားသည့် သတင်းအချက်အလက်များအပေါ်တွင် အခြေခံကာပြောင်းလဲနိုင်သလို တစ်ခါတစ်ရံ နိုင်ငံတစ်ခုလုံးနှင့်သက်ဆိုင်သည့် ရိုက်ခတ်မှုများကြောင့်လည်း ပြောင်းလဲနိုင်ပါသည်။ အဓိကအချက်မှာ ကုမ္ပဏီအပေါ်ပြည်သူတို့၏ ယုံကြည်ချက်ပင်ဖြစ်ပါသည်။ ဤဈေးနှုန်းသည် ကုမ္ပဏီကိုဈေးဖြတ်သည့် ဈေးနှုန်းဖြစ်သလို ပြည်တွင်း၊ ပြည်ပသုတေသီများ၊ ရင်းနှီးမြှုပ်နှံသူများအတွက် အကဲဖြတ်သည့် ကိန်းတစ်ခုလည်း ဖြစ်လာပါလိမ့်မည်။

(ဂ) ပွင့်လင်းမြင်သာမှု။ ။ ကုမ္ပဏီတစ်ခုစတော့ဈေးကွက်သို့ စာရင်းတင်ခွင့်ပြုပြီဆိုကတည်းက ယင်းကုမ္ပဏီသည်စတော့ဈေးကွက်မှ သတ်မှတ်ပြဋ္ဌာန်းထားသည့် စဉ်ဆက်မပြတ်စည်းကမ်းလိုက်နာမှုနှင့် ပွင့်လင်းမြင်သာသည့် ပတ်ဝန်းကျင်ကောင်းတစ်ခုကို ဖန်တီးပြီးဖြစ်လေရာ ယင်းကုမ္ပဏီမှာ အခြားကုမ္ပဏီများထက် ထင်ပေါ်ကျော်ကြားမှုနှင့် အမည်ကောင်းတန်ဖိုးများ မြင့်တက်စေပါသည်။ ထို့အပြင် ယင်းကုမ္ပဏီအနေဖြင့် စတော့အိတ်ချိန်းသို့မဝင်မီ ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်စဉ်အချိန်ကာလများကတည်းက စတော့ဈေးကွက်မှ သတ်မှတ်ပြဋ္ဌာန်းထားသည့် လမ်းညွှန်ချက်များ၊ စည်းမျဉ်းများအတိုင်း ကုမ္ပဏီတစ်ခုလုံးကိုပြင်ဆင်၊ တည့်မတ်ပေးလိုက်ပြီးဖြစ်သဖြင့် စတော့ဈေးကွက်ဝင် ကုမ္ပဏီမှာအများက စံပြုရလောက်သည့်အနေအထားကို ရောက်ရှိသွားပြီဖြစ်ပါသည်။ စတော့ဈေးကွက်သို့ ဝင်ရောက်သည့်ကုမ္ပဏီ၏ လုပ်ငန်းဆောင်ရွက်မှုများ၊ ကုမ္ပဏီ၏အရေးပါသည့် သတင်းအချက်အလက်များ၊ အရေးပါသည့်ဆုံးဖြတ်ချက်များကို သက်ဆိုင်ရာတာဝန်ရှိဌာနများသို့ စဉ်ဆက်မပြတ် အစီရင်ခံတင်ပြရခြင်းကြောင့် ပွင့်လင်းမြင်သာမှုပိုမိုဖြစ်စေကာ ရှယ်ယာရှင်များအနေဖြင့် ကုမ္ပဏီတွင်း ဆောင်ရွက်နေသည့်လုပ်ငန်းများကို ပွင့်လင်းမြင်သာစွာသိရှိခွင့်ရရှိစေမည် ဖြစ်ပါသည်။

(ဃ) စည်းမျဉ်းထိန်းကျောင်းမှုခံရခြင်း။ ။ စတော့ဈေးကွက်သို့ ဝင်ပြီးနောက်ပိုင်းကာလများတွင်လည်း ယင်းကုမ္ပဏီကို ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်နှင့် စတော့အိတ်ချိန်းတို့က အနီးကပ်ကြီးကြပ်လျက်ရှိသဖြင့် ရင်းနှီးမြှုပ်နှံသူများအကျိုးအတွက် ကာကွယ်ပြီးဖြစ်သွားပါသည်။ စတော့ဈေးကွက်စည်းမျဉ်းထိန်းကျောင်းသူများကလည်း ရှယ်ယာရှင်အချို့၏ မှုမမှန်သည့်ရောင်းဝယ်မှုများ၊ ဈေးနှုန်းကြိုးကိုင်ခြယ်လှယ်မှုများ၊ အတွင်းလူတို့ထံမှရရှိသည့်သတင်းဖြင့် ရှယ်ယာရောင်းဝယ်မှုများကို ကြိုတင်ကာကွယ်မှုများဆောင်ရွက်ကြရသဖြင့် ရင်းနှီးမြှုပ်နှံသူတို့၏ ငွေကြေးဆုံးရှုံးနစ်နာမည့်အရေးကို အကာအကွယ်ပေးထားပြီး ဖြစ်ပါသည်။

(င) တည်ထောင်သူများနှင့် စွန့်စားထည့်ဝင်သူများအတွက်ထွက်ပေါက်။ ။ စတော့ဈေးကွက်သို့ မဝင်ရောက်မီ "သုည"အခြေအနေကတည်းက ကုမ္ပဏီသို့ ယုံကြည်မှုအပြည့်နှင့် ရှယ်ယာထည့်ဝင်ထားသူ (founders) များအတွက်လည်းကောင်း၊ ကုမ္ပဏီ၏ အနာဂတ်အခြေအနေကောင်းမွန်မှုကြောင့် ငွေကြေးနှင့်နည်းပညာများ အစောပိုင်းကတည်းက ထည့်ဝင်ပေးသည့် စွန့်စားထည့်ဝင်သူ (venture capitalists) များအနေဖြင့်လည်းကောင်း၊ စတော့ဈေးကွက်သို့ စာရင်းဝင်ပြီးသည့်အချိန်တွင် ဈေးကွက်ပေါက်ဈေးဖြင့် ရောင်းချထွက်ခွာနိုင်သည့် အခွင့်အရေးကိုရရှိစေပါသည်။ တည်ထောင်သူအချို့အနေဖြင့် ရှယ်ယာအချို့ကို ပြန်လည်ရောင်းချထွက်ခွာကာ အခြားရင်းနှီးမြှုပ်နှံမှုအသစ်များသို့ တိုးချဲ့ရင်းနှီးနိုင်ခြင်း၊ ပိုင်ရှင်များနှင့် စီမံခန့်ခွဲရေးအဖွဲ့တို့ကို သီးခြားစီဖြစ်တည်စေခြင်း စသည့် အကျိုးကျေးဇူးများကိုလည်း ရရှိစေမည်ဖြစ်ပါသည်။

(စ) ပြည်တွင်းပြည်ပအဖွဲ့အစည်းများ၏အသိမှတ်ပြုခံရမှု။ ။ ကုမ္ပဏီတစ်ခုစတော့အိတ်ချိန်းတွင် စာရင်းဝင်ခြင်းဖြင့် ယင်းကုမ္ပဏီတည်ထောင်သူအကြီးအကဲများအနေဖြင့် ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများ၏အသိအမှတ်ပြုခံရခြင်း၊ စာရင်းဝင်ကုမ္ပဏီကို အောင်မြင်အောင် ဆောင်ရွက်နိုင်သည်ဆိုသည့် ဂုဏ်ဒြပ်ကိုရရှိစေခြင်း၊ အမည်ကောင်းတန်ဖိုးများ မြင့်တက်စေခြင်း စသည့်အကျိုးကျေးဇူးများရရှိမည်ဖြစ်သလို နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ပွင့်လင်းမြင်သာစွာလက်ခံလာသည့်အချိန်တွင် အဆိုပါကုမ္ပဏီအနေဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများ၏ အာရုံစူးစိုက်မှုကိုလည်းခံရမည်ဖြစ်ပါသည်။

**ကုမ္ပဏီများ မည်သို့ပြင်ဆင်ထားရမည်နည်း**

စတော့အိတ်ချိန်းမှ သတ်မှတ်ထားသည့်စာရင်းဝင်စံများနှင့် ပြည့်စုံသည့် ကုမ္ပဏီများ(သို့မဟုတ်)ပြည့်စုံလုနီးပါးဖြစ်နေသည့်ကုမ္ပဏီများအနေဖြင့် စတော့အိတ်ချိန်းသို့ စာရင်းဝင်အဖြစ်လျှောက်ထားလိုပါက ကြိုတင်ပြင်ဆင်မှုများစွာကို ပြုလုပ်ထားရန်လိုအပ်ပါသည်။ အဓိကအားဖြင့် မိမိတို့ကုမ္ပဏီ၏ဘဏ္ဍာရေးစာရင်းရှင်းတမ်းများသည် နိုင်ငံတကာလက်ခံကျင့်သုံးသည့် စာရင်းစစ်၊ စာရင်းကိုင်စံများနှင့်အညီ ရေးဆွဲထားရန်လိုအပ်ပါသည်။ နိုင်ငံတော်သို့ပေးသွင်းရန်ရှိသည့် အခွန်တာဝန်များကျေပွန်ရန်လိုအပ်ပြီး မိမိကုမ္ပဏီ၏ ပိုင်ဆိုင်မှု (Assets)များ၊ စာချုပ်စာတမ်းများအားလုံးသည်ဥပဒေကြောင်းအရ ရှင်းလင်းစွာဆောင်ရွက်ထားပြီးဖြစ်ရပါမည်။ ထို့အပြင်ကုမ္ပဏီ၏ စီမံခန့်ခွဲရေးစနစ်နှင့် ကော်ပိုရိတ်စီမံခန့်ခွဲမှုလမ်းညွှန်ချက်များကိုလည်း တိကျစွာလိုက်နာဆောင်ရွက်ထားရန် လိုအပ်မည်ဖြစ်ပါသည်။ ထိုသို့သော ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများကို ဆောင်ရွက်ရန်အတွက်လိုအပ်သည့် စစ်ဆေးမှုများ၊ ပြင်ဆင်မှုများ (due-diligence process) လုပ်ငန်းများကို ဆောင်ရွက်ရမည်ဖြစ်ပါသည်။

အကြံပြုလိုသည်မှာ စတော့ရှယ်ယာလုပ်ငန်းများကို ကျွမ်းကျင်သည့်၊ မြန်မာနိုင်ငံငွေချေးသက်သေခံလက်မှတ် လုပ်ငန်းကြီးကြပ်ရေးကော်မရှင်က တရားဝင်လိုင်စင်ထုတ်ပေးပြီးဖြစ်သည့် ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီ(Securities Co.)တစ်ခုခုနှင့်သော်လည်းကောင်း၊ ဥပဒေအကြံပေးအဖွဲ့ (Legal Firm)တစ်ခုနှင့်လည်းကောင်း၊ စာရင်းစစ်၊ စာရင်းကိုင်အဖွဲ့တစ်ခုနှင့်လည်းကောင်း ကြိုတင်ဆွေးနွေးကာ ပြင်ဆင်မှုများပြုလုပ်ခြင်းဖြင့် စတော့ဈေးကွက်သို့ မြန်ဆန်မှန်ကန်စွာ ဝင်ရောက်နိုင်မည်ဖြစ်ပါသည်။ ။

# အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဘွဲ့နှင်းသဘင်ကျင်းပ

**ရန်ကုန် ဇွန် ၁၇**

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ၂၀၁၅-၂၀၁၆ ပညာသင်နှစ် (၁၅)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဟောပြောခန်းမဋ္ဌကျင်းပရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဗန်းမော်ဆရာတော်အမှူးပြုသော သံဃာတော်များကြွရောက်တော်မူကြပြီး သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို တက်ရောက်၍ ဂုဏ်ပြုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ယင်းနောက် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ပါမောက္ခချုပ် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာဘဒ္ဒန္တနန္ဒမာလာဘိဝံသက ၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် ပါရဂူဘွဲ့(ဗုဒ္ဓဓမ္မ) Ph.D (Buddha Dhamma) ရရှိသူ ရဟန်း တစ်ပါး၊ သီလရှင်တစ်ပါး၊ မဟာဝိဇ္ဇာဘွဲ့(ဗုဒ္ဓဓမ္မ)M.A(Buddha Dhamma) ရရှိသူ ရဟန်း ၁၅ ပါး၊ အမျိုးသား သုံးဦး၊ သီလရှင်ခြောက်ပါး၊ အမျိုးသမီး လေးဦး၊ ဝိဇ္ဇာဘွဲ့(ဗုဒ္ဓဓမ္မ) B.A (Buddha Dhamma) ရရှိသူရဟန်း ၂၂ ပါး၊ အမျိုးသားသုံးဦး၊ သီလရှင် ၂၀ ပါး၊ အမျိုးသမီး ငါးဦး၊ ဒီပလိုမာအောင်လက်မှတ် Dip. (Buddha Dhamma) ရရှိသူ ရဟန်း ၁၈ ပါး၊ အမျိုးသားခြောက်ဦး၊ သီလရှင် ၁၁ ပါး၊ အမျိုးသမီးခုနစ်ဦးတို့အား ဘွဲ့တံဆိပ်နှင့် အဆောင်အယောင်များ၊ ဒီပလိုမာအောင်လက်မှတ်များ ချီးမြှင့်အပ်နှင်းတော်မူကြပြီး ဩဝါဒကထာမြွက်ကြား ချီးမြှင့်တော်မူသည်။

အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ကို ၁၉၉၈ ခုနှစ် ဒီဇင်ဘာလမှ စတင်၍ ဖွင့်လှစ်ခဲ့ပြီး ပြည်ပနိုင်ငံ ၂၇ နိုင်ငံမှ ရဟန်း၊ သီလရှင်၊ လူပုဂ္ဂိုလ်များ၊ ပြည်တွင်းမှ ရဟန်းသံဃာများတက်ရောက်လျက်ရှိကာ ယနေ့အချိန်ထိ တက္ကသိုလ်သို့တက်ရောက်ခဲ့သော ပြည်တွင်း၊ ပြည်ပ သင်တန်းသားများမှ ပါရဂူဘွဲ့ Ph.D (Buddha Dhamma)ရရှိသူ ၁၇ ပါး/ဦး၊ မဟာဝိဇ္ဇာဘွဲ့ရရှိသူ ၁၆၇ ပါး/ဦး၊ ဝိဇ္ဇာဘွဲ့ရရှိသူ ၆၃၃ ပါး/ဦး၊ ဒီပလိုမာအောင်လက်မှတ် ရရှိသူ ၉၆၃ ပါး/ဦး မွေးထုတ်ပေးနိုင်ခဲ့ပြီး ယခုနှစ် ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် ပြည်ပနိုင်ငံ ၁၇ နိုင်ငံမှ ရဟန်း၊ သီလရှင်၊ လူပုဂ္ဂိုလ်များအပါအဝင် စုစုပေါင်း ၂၉၈ ပါး/ဦး တက်ရောက်ပညာသင်ကြားလျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြော

**သီပေါ ဇွန် ၁၇**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန တွဲဖက်ပြည်နယ်ရုံး (လားရှိုး)၏ ရက်၁၀၀အတွင်း ပြည်သူ့အကျိုးပြုလုပ်ငန်းစဉ်အဖြစ် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအသိပညာပေးဟောပြောပွဲကို နည်းပညာတက္ကသိုလ်(လားရှိုး)တွင် ယနေ့နံနက် ၁၀ နာရီက ကျင်းပသည်။

ရှေးဦးစွာ တွဲဖက်ပြည်နယ်ဦးစီးမှူး ဦးကျော်လွင်က အမှာစကားပြောကြားပြီး ကညန(လားရှိုး)မှ စစ်ဆေးရေးမှူး(၂) ဦးမင်းဆွေ၊ ယာဉ်ထိန်းရဲအုပ်စောဝင်းနှင့် မြန်မာနိုင်ငံစာရေးဆရာအသင်းမှ စာရေးဆရာ သီပေါကိုလတ်တို့က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ သိကောင်းစရာများကို အသိပညာပေးဟောပြောကြသည်။ ယင်းနောက် ယာဉ်ထိန်းတပ်ဖွဲ့မှ ပညာပေးလက်ကမ်းစာစောင်များ ဝေငှပေးကြောင်း သိရသည်။

**ကိုနေ(သီပေါ)**

**ပြည်သူ့သဘောထားစင်မြင့်**

*တိုင်းပြည်၏နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသည်တို့နှင့်စပ်လျဉ်း၍ ရှုထောင့်စုံမှ သဘောထားအမြင်စုံတို့ကို အများပြည်သူသို့ တင်ပြပေးနိုင်ရန် ဤကဏ္ဍကို ဖွင့်လှစ်ခြင်းဖြစ်၍ စိတ်ဝင်စားသူ မည်သူမဆို ပါဝင်ရေးသားရန် ဖိတ်ခေါ်ပါသည်။ သို့သော် ကြမ်းတမ်းပြင်းထန်သော အယူအဆ၊ အရေးအသားများကိုမူ သတင်းစာ၏မူဝါဒအရ ဖော်ပြပေးနိုင်မည်မဟုတ်ကြောင်းနှင့် ဤကဏ္ဍတွင်ပါရှိသမျှတို့သည် သက်ဆိုင်ရာဆောင်းပါးရှင်အသီးသီး၏ အာဘော်များသာဖြစ်ပါကြောင်း အစီရင်ခံအပ်ပါသည်။ (စာတည်းအဖွဲ့)*

# ကတ္တီပါအဖုံးနဲ့ ရွှေစာလုံး

**သန်းဝင်းမောင်(မဂ်လာဒုံ)**

ပြောင်းလဲချိန်တန်ပြီဆိုတဲ့ အထဲမှာ ကတ္တီပါအဖုံးနဲ့ ရွှေစာလုံးလည်းပါသဗျ။ အစိုးရသစ်က နိုင်ငံတော်ဘဏ္ဍာ၊ ပြည်သူ့ဘဏ္ဍာကို အစစခြိုးခြံချွေတာနေတဲ့အချိန်မှာ အချို့သော အဖွဲ့အစည်းတွေက တင်ပြချက်တွေ၊ လုပ်ငန်းလုပ်ကိုင်ခွင့်တွေ၊ အစီရင်ခံစာတွေမှာ ကတ္တီပါအဖုံးနဲ့ ရွှေစာလုံးနဲ့တင်မှ အဆင်ပြေတယ်ဆိုတာ ရှိသေးသတဲ့။

ဖြစ်ရလေ ငါ့ရှင်ရယ်လို့သာ စာရေးသူရေရွတ်လိုက်ချင်တော့တယ်။ နိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့ ခြိုးခြံချွေတာခြင်းနဲ့ အတူ ရက် ၁၀၀ စီမံကိန်းတွေချမှတ်ပြီး အစိုးရအဖွဲ့က စိတ်ရောကိုယ်ပါဆောင်ရွက်နေတဲ့အချိန်မှာ ဒီလိုပကာသနတွေ၊ အနှစ်မပါတဲ့ အကာအခွံအလုပ်တွေ လိုသေးလို့လားလို့ စာရေးသူ တွေးမိ၊ မေးမိတယ်။

ကြုံလို့ ဒီကိစ္စနဲ့ပတ်သက်ပြီး ကမ္ဘာမှာဖွံ့ဖြိုးတိုးတက်ဆုံး နိုင်ငံစာရင်းဝင်၊ အိမ်နီးချင်းနိုင်ငံကရတဲ့ အတွေ့အကြုံလေးနဲ့ယှဉ်ပြီး ပြောချင်တယ်။ စာရေးသူညွှန်းဆိုတဲ့ အိမ်နီးချင်းဆွေမျိုးတွေရဲ့ တိုင်းမဟာကို လွန်ခဲ့တဲ့ဆယ်စုနှစ်နှစ်စုလောက်က တပ်မတော်ဆိုင်ရာ သင်တန်းတစ်ခုကို သင်တန်းကာလ လေးလခွဲလောက် သွားတက်ခဲ့ဖူးတယ်။ အခြားအိမ်နီးချင်းနိုင်ငံတွေလည်း အပါအဝင်နဲ့ပါ။ အဲဒီမှာ လေ့လာတွေ့ရှိခဲ့ရတာက သူတို့ဆီက ဆောင်ရွက်မှုတိုင်းမှာ ပကာသနကင်းတာ၊ အလုပ်ဖြစ်မှုကို ဦးစားပေးတာတွေပဲ တွေ့ခဲ့တယ်။ တွေ့တာလေးတွေကို အမှတ်ရစရာလေးတွေ အနေနဲ့ပြောရ၊ ရေးရရင် ဆုံးနိုင်မယ်မထင်ပါဘူး။ သင်တန်းရဲ့ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနားတွေကအစ အခမ်းအနားတိုင်းမှာ ပုံမှန်ရှိပြီးသား နောက်ခံ Background အသေတပ်ထားတဲ့ Stage စင်မှာ သင်တန်းနဲ့ဆိုင်တဲ့ စာတမ်းလေးရေး၊ ရေသန့်ဘူးလေး၊ ရေနွေးကြမ်းလေးလောက်ပဲချပြီး ပုံမှန်ပဲလုပ်တယ်။ အပတ်စဉ်၊ လစဉ် စာမေးပွဲဆိုရင်လည်း စာရေးသူတို့နိုင်ငံ သိမ်ကြီးဈေးမှာရောင်းတဲ့ မျဉ်းကြောင်းပါစာရွက်အပါးလေးမျိုးနဲ့ဖြေရတယ်။ ပြီးရင် Stapler နဲ့ ထောင့်ကချုပ်ပြီး တင်ရတယ်။ အချက်အလက်အားလုံးမှန်ရင် အမှတ် ၁၀၀ ပါပဲ။ Final စာမေးပွဲလည်း ဒီအတိုင်းမပြောင်းလဲဘူး။ Thesis စာတမ်းတို့ Assignment တို့မှာလည်း သင်တန်းသားဆီမှာပါလာတဲ့ A4 လိုစာရွက်မှာ ရေးတင်မယ်။ မှန်ရင်အမှတ်ပြည့်ပါပဲ။ မည်သို့မျှ ခြယ်မှုန်းတောက်ပရန်မလိုတာကို တွေ့ရတယ်။ ကျေနပ်စရာ အပြည့်ပါပဲ။

ပြီးတော့ရှိသေးတယ်။ သင်တန်းကို သင်ခန်းစာလာပို့ချတဲ့ သင်တန်းဆရာ အရာရှိကြီးက အလွန်ရိုးရှင်းလွန်းလှပါတယ်။ အမြောက်တပ်မှူးပါတဲ့။ အဲဒီနေ့က စာရေးသူက သင်တန်းသားခေါင်းဆောင်ဆိုတော့ သင်တန်းပို့ချမယ့်သူ အလာ စောင့်ဆိုင်းရင်းကြိုရတာမို့ သူ့အနေအထား တွေ့ရတယ်။ သူနေတဲ့နေရာက ဘယ်လောက်ဝေးလဲမသိ စက်ဘီးစီးပြီး အောက်ကစစ်ဘောင်းဘီ၊ အပေါ်ကအရပ်ဝတ်နဲ့လာတယ်။ ချွေးသံတရွှဲရွှဲနဲ့ သင်တန်းခန်းမအပြင်ဘက်က ဆရာများနားနေခန်းမှာ ချွေးသုတ်၊ အပေါ်ပိုင်း Uniform ပြန်လဲလှယ်ဝတ်ဆင်ပြီး စာရေးသူကိုတော့ ပြုံးပြကာ စာသင်ခန်းထဲဝင်တယ်။ စာရေးသူက စာသင်တန်းအပ်ပြီးတာနဲ့ သူ့စာကိုစိတ်ဝင်တစား၊ အာဘောင်အာရင်းသန်သန် သူ့ဘာသာစကားနဲ့ သင်တော့တာပါပဲ။ စာသင်တော့ စကားပြန်နဲ့ပေါ့။ စာသင်ရင်းဖြစ်ဖြစ်၊ ၁၀ မိနစ်နားလို့ဖြစ်ဖြစ် ရေနွေးကြမ်းသောက်ရင် သူတို့ အသင့်ယူလာတဲ့ ဖန်ပုလင်းနဲ့ အဖုံးဖွင့်သောက်တာပါပဲ။ (စာရေးသူတို့ဆီမှာ ထမင်းစားပြီး အချိုတည်း၊ သစ်သီးဘူး ဖန်ပုလင်းအဖုံးပါနဲ့ ထည့်သောက်ခြင်းဖြစ်ပါတယ်။) သောက်တဲ့နေရာမှာလည်း အရာရှိငယ်အဆင့် စကားပြန်ဆီ အရာရှိကြီးလှမ်းတောင်းရင် အဲဒီအရာရှိငယ်ကလည်း ဆရာသင်လိုက်တဲ့စကားကို သင်တန်းသားနားလည်အောင် အင်္ဂလိပ်လို စကားပြန်ပေးရင်း ဆရာဘက်မလှည့်ဘဲ လက်နဲ့ကမ်းပေးလိုက်တာပါပဲ။ အရာရှိကြီးကလည်း ကြည်ကြည်သာသာ၊ ပြုံးပြုံးရွှင်ရွှင် စာသင်တာ အမောဖြေရင်း သောက်နေတာပါပဲ။ အဲဒီမှာ စာရေးသူတို့ဆီက ပြုမူရတဲ့ အခြေအနေကိုသတိရပြီး ပြုံးမိပါရဲ့။ စာသင်ပြီးတော့လည်း နားနေခန်းမှာ အဝတ်လဲပြီး စက်ဘီးလေး ချောက်ချက်ချောက်ချက်နဲ့ နှုတ်ဆက်ပြီး အပူအပင်ကင်းကင်း ပြန်သွားတာပါပဲ။ အလွန်ရိုးရှင်းလို့ မြင်ရတာအဲဒီကတည်းက ကျေနပ်မိပါရဲ့။ ကိုယ်ဆီကနဲ့နှိုင်းပြီးရင်ထဲက လွမ်းသလိုလိုလည်း ခံစားမိပါရဲ့။

တစ်ခါ သင်တန်းက outdoor ထွက်လို့ Golf ကွင်းဘေးနားက ဖြတ်သွားလို့ သင်တန်းဆရာကို စာရေးသူစပ်စုကြည့်တော့ "သူတို့ဆီမှာ လူအနည်းစုပဲ Golf ရိုက်သတဲ့။ အရာရှိကြီးတွေက သိပ်မရိုက်ကြဘူးတဲ့။ စာရေးသူတွေးမိပြန်သည်။ သက်သာလိုက်တဲ့ ငွေကုန်ကြေးကျပေါ့လို့။ စာရေးသူတို့ သင်တန်းသားတွေ ကျောင်းက သန္ဓေအရာရှိစစ်သည်တွေကိုလည်း ပကာသနမပါပေမယ့် Relax အနေနဲ့ အိပ်ဆောင်ရဲ့ အတန်အသင့်ကျယ်ဝန်းတဲ့ ခန်းမငယ်တစ်ခန်းမှာ တီဗွီနဲ့ ရောင်စုံဖြာ လည်နေတဲ့ မီးသီးကြီး။ သီချင်းအခွေနဲ့ VCD ကာရာအိုကေဆိုဖို့ ထားပေးတယ်။ သန္ဓေဝန်ထမ်းများနဲ့ သင်တန်းသားများဆိုချင်ရင် အချင်းချင်း ကကြ ဆိုကြ၊ အမျိုးတူအရာရှိစစ်သည်အထီးလေးတွေချည်းပါပဲ။ မည်သို့ဆိုစေ သက်သာချောင်ချိမှုနဲ့ အပန်းဖြေနိုင်ဖို့ စီမံပေးထားတာကို၊ စည်းကမ်းကြီးတဲ့ကြားက အကွက်စေ့အောင်စီမံထားတာကို စာရေးသူပြောချင်တာပါ။

စာရေးသူပြောချင်၊ message ပေးချင်တဲ့ ရည်ရွယ်ချက်က သူတို့တိုင်းပြည်ဟာ ကမ္ဘာမှာ နံပါတ်(၁)၊ (၂) အဆင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်နေတယ်။ စစ်ရေးမှာလည်း လုံးဝမည့်သောတိုင်းပြည်၊ ဝါဒကလည်း တင်းကျပ်တဲ့ဝါဒ။ ဘာကြောင့် တရိပ်ရိပ်တိုးတက်နေသလဲ။ စာရေးသူအမြင်ပြောချင်တယ်။ သူတို့ကစီးပွားရေးမှာ ဖြေလျှော့တယ်။ စစ်မှန်တဲ့ တံခါးဖွင့်ဝါဒကို ကျင့်သုံးတယ်။ ဗဟိုဦးစီးမချုပ်ကိုင်တဲ့ဈေးကွက်ကို ယှဉ်ပြိုင်တဲ့စနစ် ကျင့်သုံးတယ်။ ဝါဒကတင်းကျပ်ပေမယ့် နိုင်ငံရေးကို ဦးဆောင်နိုင်သူက ထက်ထက်မြက်မြက် ဦးဆောင်တယ်။ တပ်မတော်က ကာကွယ်ရေးအပြင် ပေးအပ်လာတဲ့တာဝန်ကို ထမ်းဆောင်တယ်။ အချုပ်ပြောရရင် နိုင်ငံရေး၊ စီးပွားရေး၊ ကာကွယ်ရေးကဏ္ဍတွေမှာ သူ့ကဏ္ဍနဲ့သူ စည်းခြားထားတယ်။ နိုင်ငံဘဏ္ဍာကို ခြိုးခြံချွေတာသုံးတယ်မဆိုသာပေမယ့် ပကာသနတော့ လုံးဝမဖက်တာ အသေအချာပါပဲ။ အကျိုးဖြစ်ထွန်းတဲ့အသုံးတော့ရှိပေမယ့် အကျိုးမဖြစ်တဲ့ ပကာသနအဖြုန်းတော့မရှိဘူးလို့ ဆိုရမှာဖြစ်တယ်။ နိုင်ငံတကာနဲ့ ရင်ပေါင်တန်းရမည်။ နိုင်ငံအလှည့်ကျပွဲမျိုးဆိုရင်သာ သူတို့ရဲ့ သိက္ခာအတွက် အကောင်းဆုံးလုပ်ပြတတ်တယ်။

သူတို့ဆီမှာ ခြမစားဘူးလို့မဆိုသာပေမယ့် ခြစားသူကို ရာထူးအကြီးဆုံးဝန်ကြီး၊ ဝန်ကလေးကစပြီး အောက်ခြေထိ အယုတ်အလတ်အမြတ်မရွေး ထောင်ဒဏ်၊ သေဒဏ်ပါပဲ။ ခြေမ မကောင်းခြေမ၊ လက်မမကောင်း လက်မဆိုသလိုပါပဲ။ နှုတ်ဖြင့် အော်ပြနေတာ၊ ရုပ်ပြကောင်းရုံ တိုင်းပြည်ချစ်ပြနေတာ မဟုတ်တာသေချာတယ်။ သူတို့လုပ်ရပ်ကြောင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ပြီး သူတို့တိုင်းပြည်က ကမ္ဘာမှာထိပ်တန်းနိုင်ငံတစ်ခု ဖြစ်လာပြီဆိုတော့ သူတို့တွေဟာ အမျိုးကိုချစ်တယ်။ သူတို့လူမျိုးကို နိုင်ငံတကာအလယ်မှာ အောက်တန်းမကျအောင်၊ လူတန်းစေ့ဖြစ်အောင် အပြောမဟုတ် အလုပ်နဲ့သက်သေပြပြီး ချစ်နေတယ်လို့ စာရေးသူမြင်တယ်။ ရိုးရှင်းစွာ ဆောင်ရွက်သင့်တဲ့ လုပ်ငန်းတွေမှာ ကတ္တီပါအဖုံးနဲ့ ရွှေစာလုံးဆိုတဲ့ ပကာသန မသုံးပေမယ့် တိုင်းပြည်နဲ့ ပြည်သူပြည်သားတွေရဲ့ ဂုဏ်ကိုတော့ "ကတ္တီပါအဖုံးနဲ့ ရွှေစာလုံး"ကဲ့သို့ တောက်ပြောင်အောင် ပကာသနမပါ ရိုးရှင်းစွာ အတ္တအကျိုးစီးပွားနည်းပါးစွာနဲ့ ဆောင်ရွက်နေကြတယ်။

တိုင်းပြည်ကိုချစ်သော၊ ပညာဉာဏ်ထက်မြက်သော ခေါင်းဆောင်တွေက စံနမူနာပြ ဦးဆောင်ဦးရွက်ပြုပြီး ဥပဒေစည်းမျဉ်းစည်းကမ်းအထက်မှာ အခွင့်ထူးမခံဘဲ ဆောင်ရွက်နေကြတယ်ဆိုတာ သိရှိလေ့လာနိုင်ခဲ့တယ်။ ဆိုခဲ့တဲ့ သူတို့ရဲ့ရင်ထဲကနေ လက်တွေ့ထိပါတဲ့ မျိုးချစ်စိတ်ကို စာရေးသူလေးစားမိသလို ချီးကျူးမိတယ်။

စာရေးသူအတွေးမှာတော့ သူတို့ရဲ့ မှန်ကန်သော လုပ်ရပ်တွေကို လေးစားချီးကျူးမိပေမယ့် တပည့်ခံယူဖို့ မလိုသလို ဆရာကျဖို့လည်းမလိုဘူးလို့ ခံယူထားပါတယ်။ ကိုယ့်အပေါ် ကောင်းသည်ဖြစ်စေ၊ မကောင်းသည်ဖြစ်စေ၊ ကိုယ်ကလည်းကြိုက်သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ သူတို့လုပ်ရပ်ကောင်းလျှင်ကောင်းတယ် ဝေဖန်ရမှာဖြစ်သလို အတုယူဆောင်ရွက်သင့်တာတွေလည်း အတုယူနိုင်ရမယ်။ သူတို့ရဲ့အကြိုက် အလိုက်သင့်တော့ လုပ်နေပါရဲ့ သူတို့ရဲ့ကောင်းတဲ့စရိုက်ကိုတော့ အတုမယူဘူးဆိုရင် ကျွန်တော်တို့ ညံ့ရာကျပါတယ် ပြောရမလား။ အမျိုးမချစ်ရာကျတယ် ပြောရမလား။ စာရေးသူမတွေးတတ်တော့ပါဘူး။

စာရေးသူတို့တွေဟာ ရာဇဝင်ထဲက ဘိုးဘေးဘီဘင်တွေဖြစ်ကြတဲ့ အနော်ရထာ၊ ဘုရင့်နောင်၊ အလောင်းဘုရားအစပြုတဲ့ မင်းသုံးပါးကို ဂုဏ်ပြုစံနမူနာထားပြီး သူတို့ရဲ့ ရုပ်လုံးကြွတွေကို အထွတ်အမြတ်ထားကာ နောင်လာနောက်သားတွေကို နိုင်ငံအတွက် ထိုထိုခေါင်းဆောင်များကဲ့သို့ သာယာဝပြောတဲ့ နိုင်ငံတော်ကြီးကို ထူထောင်နိုင်ကြဖို့ အသိပညာပေး စံနမူနာပြုစေတယ်လို့ ဆိုနိုင်ပါတယ်။ သူတို့လို နှလုံးရည်၊ လက်ရုံးရည်ပြည့်စုံစွာနဲ့ ကိုယ်ကျိုးစွန့် အနစ်နာခံပြီး တိုင်းသူပြည်သားများကို ရင်ဝယ်သားကဲ့သို့ အုပ်ချုပ်နိုင်သော၊ နိုင်ငံဖွံ့ဖြိုးတိုးတက် စည်ပင်သာယာဝပြောအောင်၊ အကောင်းဆုံးလုပ်ဆောင်နိုင်စွမ်းသော၊ ထက်မြက်သူခေါင်းဆောင်တွေဖြစ်ဖို့ ကြိုးစားကြရပါမယ်။

ထိုဆိုခဲ့တဲ့ ရာဇဝင်ထဲက မင်းသုံးပါးရဲ့ နောက်မှာ ခေတ်သစ်၊ စနစ်သစ်၊ အတွေးအခေါ်သစ်တွေနဲ့ လက်ရှိစနစ်နဲ့ အနီးကပ်ဆုံးအယူဝါဒတွေ၊ အဆိုအမိန့်တွေ၊ နိုင်ငံရေးဦးဆောင်လမ်းပြမှုတွေပေးခဲ့တာ အမျိုးသားခေါင်းဆောင်ဗိုလ်ချုပ်အောင်ဆန်း ဖြစ်ပါတယ်။ ပကာသနမဖက်တဲ့ ရိုးရှင်းမှု၊ ကိုယ်ကျင့်တရား၊ ခေါင်းဆောင်မှု၊ သတ္တိ၊ ဗျတ္တိ၊ နိုင်ငံအတွက်ပေးဆပ်ခဲ့တဲ့ ကြံရည်ဖန်ရည်တွေကို ယနေ့ခေတ်ရဲ့ အနီးကပ်ဆုံး၊ နိုင်ငံရဲ့စံနမူနာပြလုပ်ငန်းလမ်းညွှန်လို့ခံယူပြီး လုပ်ကိုင်ကြရပါမယ်။ တိုင်းပြည်အတွက် လုပ်ငန်းများလုပ်ဆောင်ရာမှာ ပကာသနဖက်တဲ့၊ ကတ္တီပါအဖုံး ရွှေစာလုံးနဲ့ ရေးသားဆက်သမှ နှစ်ခြိုက်တဲ့လုပ်ငန်းစနစ်အစား ရိုးရှင်းပြီး ခိုင်ခံ့ကောင်းမွန်သော၊ အဆီအနှစ်ပြည့်ဝသော အစီအမံများဖြင့် တို့ပြည်သူအားလုံးရဲ့ မွေးဖွားရှင်သန်ရာ ဤပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးရဲ့ဂုဏ်ကိုပဲ ကတ္တီပါအဖုံး၊ ရွှေစာလုံးနဲ့ ဆင်ယင်ပေးနိုင်ကြဖို့လိုတယ်လို့ တင်စားပြီး ပြောချင်ပါတယ်။

ဒါကြောင့် ဖွံ့ဖြိုးတိုးတက်သော ရွှေနိုင်ငံတော်ကြီးဆီသို့ ရည်မှန်းချက်မပျောက် ရောက်ရှိနိုင်ဖို့ ရိုးရှင်းသော ပြည်သူ့အစိုးရရဲ့ ဦးဆောင်မှုနောက်မှာ ဦးလည်မသုန်ဝန်းရံလိုက်ပါကြဖို့ လိုအပ်ပါကြောင်း စေတနာကောင်းဖြင့် နှိုးဆော်တိုက်တွန်းလိုက်ရပါကြောင်း။ ။

**တိုင်းပြည်အတွက် လုပ်ငန်းများလုပ်ဆောင်ရာမှာ ပကာသနဖက်တဲ့၊ ကတ္တီပါအဖုံး ရွှေစာလုံးနဲ့ ရေးသားဆက်သမှ နှစ်ခြိုက်တဲ့လုပ်ငန်းစနစ်အစား ရိုးရှင်းပြီး ခိုင်ခံ့ ကောင်းမွန်သော၊ အဆီအနှစ်ပြည့်ဝသော အစီအမံများဖြင့် တို့ပြည်သူအားလုံး ရဲ့ မွေးဖွားရှင်သန်ရာ ဤပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးရဲ့ ဂုဏ်ကိုပဲ ကတ္တီပါအဖုံး၊ ရွှေစာလုံးနဲ့ ဆင်ယင်ပေးနိုင်ကြဖို့လို**

## ရေပြင်မီးငြိမ်းသတ်ခြင်း၊ အသက်ကယ်ခြင်းနှင့် စက်လှေကိုင်တွယ်မောင်းနှင်ခြင်း သရုပ်ပြ

**မုံရွာ ဇွန် ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှ ကြီးမှူးပြီး ရေပြင်မီးငြိမ်းသတ်ခြင်း၊ အသက်ကယ်ခြင်းနှင့် စက်လှေကိုင်တွယ်မောင်းနှင်ခြင်း သရုပ်ပြသခြင်းကို ဇွန် ၁၆ ရက် ညနေ ၃ နာရီခွဲက မုံရွာမြို့ ချင်းတွင်းမြစ်အတွင်း၌ ကျင်းပခဲ့ကြောင်း သိရသည်။

မြစ်ကြောင်းများနှင့် ချောင်းများအတွင်း ဖြစ်ပွားတတ်သည့် မီးလောင်မှုများတွင် ဆုံးရှုံးမှုနည်းပါးအောင် မီးငြိမ်းသတ်ရေးစနစ်များ၊ သဘာဝဘေးကြောင့်သော်လည်းကောင်း၊ အကြောင်းကြောင်းကြောင့်သော်လည်းကောင်း လှေ၊ သင်္ဘော၊ တိမ်းမှောက်မှုဖြစ်စဉ်များ ပေါ်ပေါက်လာပါက မီးသက်တပ်ဖွဲ့ဝင်များက ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို ထိရောက်လျင်မြန်စွာ တုံ့ပြန်ဆောင်ရွက်နိုင်ရန်အတွက် လေ့ကျင့်ခြင်းဖြစ်ကြောင်း သိရသည်။

"မြစ်၊ ချောင်းများအတွင်း မီးလောင်မှုကြောင့်သော်လည်းကောင်း၊ ရေယာဉ်တိမ်းမှောက်မှုကြောင့်သော်လည်းကောင်း ပျက်စီးဆုံးရှုံးမှု နည်းပါးစေရေးအတွက် ရေယာဉ်တွေမှာ မီးသတ်ဆေးဘူးတွေ၊ အသက်ကယ်အင်္ကျီတွေ အလုံအလောက်ပါရှိရေးတွေကို လိုက်လံစစ်ဆေးသလို၊ မီးလောင်မှုတွေ ဖြစ်ပွားခဲ့ရင်လည်း အချိန်မီ မီးငြိမ်းသတ်ဖို့နဲ့ ကယ်ဆယ်ရေးလုပ်ငန်းတွေကို အချိန်ကိုက်လုပ်ဆောင်နိုင်ဖို့အတွက် တပ်ဖွဲ့ဝင်တွေကို သဏ္ဍာန်တူလေ့ကျင့်ခန်းတွေ လုပ်ဆောင်တာပါ။ အခုလေ့ကျင့်စဉ်မှာ မြစ်ကြောင်းအတွင်း မီးငြိမ်းသတ်ရေယာဉ်တစ်စင်း၊ အသက်ကယ်ဆယ်ရေးအတွက် အထောက်အကူပြု ဘုတ်သုံးစင်းနဲ့ လေ့ကျင့်မှုတွေ လုပ်ဆောင်တာပါ။ မြစ်ကမ်းမှာလည်း မီးငြိမ်းသတ်ယာဉ်တွေနဲ့ အသင့်စောင့်ကြပ်မှုတွေကို လေ့ကျင့်လုပ်ဆောင်တာပါ" ဟု တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးမင်းစမ်းအေးက ပြောသည်။

အဆိုပါ လေ့ကျင့်မှုတွင် မြစ်၊ချောင်းများအတွင်း ဆီတင်ယာဉ်မီးလောင်မှုများကို မီးငြိမ်းသတ်ရေယာဉ်တစ်စင်းဖြင့် မီးငြိမ်းသတ်ခြင်း၊ ရှာဖွေကယ်ဆယ်ရေး အထောက်အကူပြု ဘုတ်သုံးစင်းပေါ်မှ အသက်ကယ်ဆယ်ရေးတို့ကို လက်တွေ့သရုပ်ပြ လေ့ကျင့်ခဲ့ကြောင်းနှင့် အဆိုပါ လေ့ကျင့်ခြင်း အစီအစဉ်တွင် တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်သန့်နိုင်၊ တိုင်းဒေသကြီးမီးသတ်ဦးစီးဌာနမှ ကြီးကြပ်မှုဖြင့် မီးသတ်အရာရှိများနှင့် ဝန်ထမ်းများ၊ မုံရွာမြို့ပေါ်ရှိ ရပ်ကွက်များမှ အရန်မီးသတ်တပ်ဖွဲ့ဝင်များက စုပေါင်းသရုပ်ပြလေ့ကျင့်ခဲ့ကြောင်း သိရသည်။

**မင်းဝေ(မုံရွာ)**

# နိုင်ငံတော်သမ္မတနှင့် တာဝန်ရှိသူများအား ပြင်သစ်နိုင်ငံခြားရေးဝန်ကြီး သီးခြားစီ လာရောက်တွေ့ဆုံ

**နေပြည်တော် ဇွန် ၁၇**

မြန်မာနိုင်ငံသို့ရောက်ရှိနေသည့် ပြင်သစ်နိုင်ငံ နိုင်ငံခြားရေးနှင့်နိုင်ငံတကာ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီး မစ္စတာဂျီးမာ့ခ်အီရောင်သည် ယနေ့တွင် နိုင်ငံတော်သမ္မတ ဦးထင်ကျော်၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၊ ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်၊ ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ပြည်ထောင်စုဝန်ကြီး ဦးဖေဇင်ထွန်းတို့ထံ သီးခြားစီတွေ့ဆုံခဲ့သည်။

ပြင်သစ်နိုင်ငံခြားရေးဝန်ကြီး မစ္စတာဂျီးမာ့ခ်အီရောင်သည် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်နှင့် ယနေ့နံနက် ၉ နာရီ ၁၅ မိနစ်တွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးသည်။

လူ့အခွင့်အရေး ကာကွယ်မြှင့်တင်ရေး၊ ပြင်သစ်နိုင်ငံမှ ထောက်ပံ့ပေးနေသည့် လူသားအရင်းအမြစ်နှင့် အရည်အသွေးမြှင့်တင်ရေးဆိုင်ရာသင်တန်းဆိုင်ရာများ၊ မြန်မာနိုင်ငံရှိမြို့တော်များအတွက် မြို့ပြစီမံကိန်းဆိုင်ရာများ၊ ဖွံ့ဖြိုးရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာများ၊ နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ မြန်မာနိုင်ငံအပေါ် ပြင်သစ်နိုင်ငံမှ ထောက်ပံ့ပေးလျက်ရှိသော ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာအကူအညီများနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံဆွေးနွေးပွဲအပြီးတွင် နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးများ သတင်းစာရှင်းလင်းပွဲပြုလုပ်ခဲ့ပြီး သတင်းမီဒီယာများ၏ မေးမြန်းချက်များအပေါ် ပြန်လည်ဖြေကြားခဲ့ကြသည်။

ထို့နောက် ပြင်သစ်နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဂျီးမာ့ခ်အီရောင်သည် နိုင်ငံတော်သမ္မတ ဦးထင်ကျော်အား နံနက် ၁၁ နာရီတွင် နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမသို့ သွားရောက်တွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံ ပြည်သူအချင်းချင်းအကြား ထိတွေ့ဆက်ဆံမှုမြှင့်တင်ရေး၊ မြန်မာနိုင်ငံ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြင်သစ်နိုင်ငံက တိုးမြှင့်အကူအညီပေးရေး၊ နှစ်နိုင်ငံဆက်ဆံရေး ဖွံ့ဖြိုးတိုးတက်မှုပိုမိုမြှင့်တင်ရေး၊ ပညာရေးနှင့် ယဉ်ကျေးမှုကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရေး၊ မြန်မာနိုင်ငံ၏ လက်ရှိဆောင်ရွက်နေသည့် ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များနှင့် လူ့အခွင့်အရေးမြှင့်တင်နိုင်ရန်အတွက် ဆောင်ရွက်နေမှုများ၊ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံအကြိုပြင်ဆင်နေမှုများ၊ ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်မှု လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည့်အပြင် နိုင်ငံတော်သမ္မတအား ပြင်သစ်သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးလာရောက်ရန် ဖိတ်ကြားခဲ့သည်။

မွန်းလွဲပိုင်းတွင် ပြင်သစ်နိုင်ငံခြားရေးဝန်ကြီး မစ္စတာဂျီးမာ့ခ်အီရောင်သည် ပြည်ထောင်စုလွှတ်တော်နာယက၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းအား နေပြည်တော်ရှိ အမျိုးသားလွှတ်တော် ဧည့်ခန်းမဆောင်သို့ သွားရောက်တွေ့ဆုံပြီး နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု တိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။



နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ပြင်သစ်နိုင်ငံခြားရေးဝန်ကြီး မစ္စတာဂျီးမာ့ခ်အီရောင်တို့ တွေ့ဆုံဆွေးနွေးစဉ်။ (သတင်းစဉ်)

ထို့နောက် ပြင်သစ်နိုင်ငံခြားရေးဝန်ကြီးသည် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဖေဇင်ထွန်းနှင့်တွေ့ဆုံပြီး မြန်မာနိုင်ငံ၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက် ဖြည့်ဆည်းပေးနိုင်ရေး၊ ရေအားလျှပ်စစ်ဓာတ်အား ထုတ်လုပ်မှု ပူးပေါင်းဆောင်ရွက်ရေးကိစ္စများနှင့် စုစုပေါင်း မဂ္ဂါဝပ် ၆၉၀ ခန့် ထုတ်လုပ်နိုင်မည့် ရခိုင်ပြည်နယ် လေးမြို့ ရေအားလျှပ်စစ်စီမံကိန်း ဖြစ်မြောက်နိုင်စွမ်းလေ့လာရန် အမေရိကန်ဒေါ်လာ တစ်သန်း ကူညီပေးသွားရေးကိစ္စများကို ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် ပြင်သစ်နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဂျီးမာ့ခ်အီရောင်သည် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ဇေယျာသီရိဗိမာန် ဧည့်ခန်းမဆောင်၌ သွားရောက်တွေ့ဆုံခဲ့သည်။


တွေ့ဆုံစဉ် နှစ်နိုင်ငံဆက်ဆံရေး၊ ပူးပေါင်းဆောင်ရွက်မှုအခြေအနေများ၊ ပြင်သစ်နိုင်ငံမှ မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ယူရိုသန်း(၂၀၀)ကူညီထောက်ပံ့မှု အခြေအနေများ၊ မြန်မာနိုင်ငံ၏ တည်ငြိမ်အေးချမ်းရေးနှင့် ငြိမ်းချမ်းရေးကိုလိုလားပြီး ဆက်လက်ကူညီဆောင်ရွက်မည့်အခြေအနေများ၊ မြန်မာ့တပ်မတော်ဆိုင်ရာ ခရီးစဉ်ကိစ္စရပ်များ၊ တပ်မတော်နှစ်ရပ် ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး တိုးမြှင့်လုပ်ဆောင်မှုအခြေအနေများ၊ ချစ်ကြည်ရေးနှင့် လေ့လာရေးခရီးစဉ်များ၊ အပြန်အလှန်လည်ပတ်ရေးဆိုင်ရာများ၊ နည်းပညာဆိုင်ရာနှင့် လေ့ကျင့်ရေးသင်တန်းကိစ္စရပ်များ၊ ကုလသမဂ္ဂငြိမ်းချမ်းရေးတပ်ဖွဲ့တွင် ပါဝင်ဆောင်ရွက်နေမှုအခြေအနေများ၊ ရခိုင်ဒေသတည်ငြိမ်အေးချမ်းရေးအတွက် လုပ်ဆောင်နေမှုနှင့် ဥပဒေနှင့်အညီ ကူညီဆောင်ရွက်နိုင်မှု အခြေအနေများ၊ မြန်မာနိုင်ငံငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

ပြင်သစ်နိုင်ငံခြားရေးဝန်ကြီးသည် ညနေပိုင်းတွင် နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ရန်ကုန်မြို့သို့ ဆက်လက်ထွက်ခွာသွားသည်။

ပြင်သစ်နိုင်ငံခြားရေးဝန်ကြီးသည် ရန်ကုန်မြို့တွင် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ မြန်မာလူမှုအဖွဲ့အစည်းမှ ကိုယ်စားလှယ်များနှင့် တွေ့ဆုံမည်ဖြစ်ပြီး ဦးသန့်၏နေအိမ်၊ အတွင်းဝန်များရုံးနှင့် ရွှေတိဂုံစေတီတော်သို့ သွားရောက်လေ့လာမည်ဖြစ်ကြောင်းသိရသည်။ **(သတင်းစဉ်)**



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၊ ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်နှင့် ပြင်သစ်နိုင်ငံခြားရေးဝန်ကြီး မစ္စတာဂျီးမာ့ခ်အီရောင်တို့ တွေ့ဆုံ ဆွေးနွေးစဉ်။ (သတင်းစဉ်)



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ပြင်သစ်နိုင်ငံခြားရေးဝန်ကြီး မစ္စတာဂျီးမာ့ခ်အီရောင်တို့ တွေ့ဆုံဆွေးနွေးစဉ်။ (သတင်းစဉ်)

## ❖ နိုင်ငံတော်သမ္မတမှ

တွေ့ဆုံစဉ် နိုင်ငံတော်သမ္မတနှင့် ဧည့်သည်တော်ဝန်ကြီးတို့သည် စီးပွားရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးနှင့် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ အသက်မွေးဝမ်းကျောင်းပညာ သင်တန်းကျောင်းများ ဖွင့်လှစ်သင်ကြားနိုင်ရေး၊ အသေးစားစက်မှုလုပ်ငန်းများအတွက် နည်းပညာနှင့် ဘဏ္ဍာရေးအကူအညီများ ပိုမိုပေးအပ်နိုင်ရေး၊ ခေတ်မီစိုက်ပျိုးရေးနည်းပညာများရရှိရေးနှင့် လယ်ယာထွက်ကုန်ပစ္စည်းစက်ရုံများ ထူထောင်နိုင်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေးအတွက် (၂၁)ရာစု ပင်လုံညီလာခံ အောင်မြင်စွာကျင်းပနိုင်ရေး၊ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးအတွက် ဆောင်ရွက်နေမှုတို့နှင့်စပ်လျဉ်းပြီး ဆွေးနွေးခဲ့သည်။

ထို့ပြင် ဧည့်သည်တော်ဝန်ကြီးက နိုင်ငံတော်သမ္မတနှင့် ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်တို့ကို ဂျာမနီနိုင်ငံသို့ ချစ်ကြည်ရေးခရီး လာရောက်လည်ပတ်ရန် ဖိတ်ကြားခဲ့သည်။

ဂျာမနီနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ညနေပိုင်းတွင် နေပြည်တော်မှ ပြန်လည်ထွက်ခွာသွားကြသည်။ **(သတင်းစဉ်)**

## မြန်မာ့ပင်လယ်ပြင်အခြေအနေ

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။

❑ ရှေ့ဖုံးမှ

အကူအညီကို နှစ်ဆတိုးမြှင့်ခဲ့ပါကြောင်း ဆက်လက်ပြောကြားသည်။

ထို့ပြင် ပြင်သစ်နိုင်ငံခြားရေးဝန်ကြီးက အစိုးရမဟုတ်သည့် အဖွဲ့အစည်းများလည်း မြန်မာနိုင်ငံတွင် လုပ်ကိုင်လျက်ရှိပါကြောင်း၊ စီးပွားရေး၊ ယဉ်ကျေးမှုနှင့်အခြားကဏ္ဍများစွာတွင် ဖွံ့ဖြိုးတိုးတက်ရန် နှစ်နိုင်ငံအကြားပူးပေါင်းဆောင်ရွက်လိုပါကြောင်း၊ ပြင်သစ်ယဉ်ကျေးမှုဌာနတည်ထောင်ခဲ့သည့် (၅၅) နှစ်မြောက် ယဉ်ကျေးမှုပွဲတော်ကြီးကိုလည်း ယခုနှစ်တွင်ကျင်းပရန် စီစဉ်ထားပါကြောင်း၊ ရန်ကုန်မြို့တွင်ရှိသည့် ပြင်သစ်ကျောင်းကို ယခုထက်ပိုမိုကြီးမားသည့်ကျောင်းဖြစ်အောင် ဆောင်ရွက်လိုပါကြောင်း၊ ယခုအခါ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံရန် လာရောက်သည့် ပြင်သစ်ကုမ္ပဏီများမှာ တဖြည်းဖြည်းနှင့် ပိုမိုများပြားလာလျက်ရှိပါကြောင်း။

မြန်မာနိုင်ငံတွင်ဒီမိုကရေစီနှင့် လူ့အခွင့်အရေးတိုးတက်မှုအတွက် နိုင်ငံခြားရေးဝန်ကြီး ဒေါ်အောင်ဆန်းစုကြည် ဆောင်ရွက်နေသည့်ကိစ္စရပ်များအပေါ် ပြင်သစ်နိုင်ငံအနေဖြင့် ဂုဏ်ယူပါကြောင်း၊ မြန်မာနိုင်ငံတွင်ဒီမိုကရေစီစနစ် ဖွံ့ဖြိုးတိုးတက်ရန်များစွာမျှော်လင့်ပါကြောင်း၊ မြန်မာနိုင်ငံ၏ အင်အားမှာ ပြည်သူလူထုဖြစ်ပြီး ပြည်သူလူထုအင်အားဖြင့် မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်ကို အောင်မြင်အောင်ဆောင်ရွက်သွားနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ မြန်မာနိုင်ငံ၏ အင်အားဖြစ်သည့် ပြည်သူလူထုကိုလည်း ပြင်သစ်နိုင်ငံက အမြဲတမ်းထောက်ပံ့အားပေးလျက်ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးဒေါ်အောင်ဆန်းစုကြည်က မိမိတို့နိုင်ငံနှင့် ပြင်သစ်နိုင်ငံတို့သည် ကောင်းမွန်သောဆက်ဆံရေးများရှိပါကြောင်း၊ မိမိတို့သည် ပြင်သစ်နိုင်ငံ၏ယဉ်ကျေးမှုကိုစိတ်ဝင်စားပါကြောင်း၊ ပြင်သစ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံအတွက် ယဉ်ကျေးမှုတွင်သာမက နိုင်ငံရေး၊ စီးပွားရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးများတွင် ကူညီဆောင်ရွက်ပေးခဲ့သည့်အတွက် ကျေးဇူးတင်ဝမ်းမြောက်ပါကြောင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် သတင်းမီဒီယာများ၏ မေးမြန်းမှုများနှင့် ပတ်သက်၍ ပြင်သစ်နိုင်ငံခြားရေးဝန်ကြီးက မြန်မာနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်သစ်နိုင်ငံက လေးစားပါကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံရေးပြုပြင်ပြောင်းလဲမှု လုပ်ငန်းစဉ်နှင့် အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များတွင် ပါဝင်ခဲ့မှုကိုအသိအမှတ်ပြုပါကြောင်း၊ မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်တွင် ပြည်သူများ၏ ပူးပေါင်းပါဝင်မှုကိုအသိအမှတ်ပြုထောက်ခံပါကြောင်း။

မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်နှင့်လည်းဆွေးနွေးခဲ့ပါကြောင်း၊ ပြင်သစ်နိုင်ငံက မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်လိုပါကြောင်း၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် အမျိုးသားရင်ကြားစေ့ရေးအတွက် ပြင်သစ်နိုင်ငံကို အကူအညီတောင်းခံပါက ကူညီထောက်ပံ့ရန် အဆင်သင့်ရှိနေပါကြောင်း။

မြန်မာနိုင်ငံနှင့် ကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်လိုပါကြောင်း၊ အထူးသဖြင့် စွမ်းအင်၊ ကျန်းမာရေး၊ မြို့ပြဖွံ့ဖြိုးရေးနှင့် အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်ရေးတို့တွင် ပူးပေါင်းဆောင်ရွက်လိုပါကြောင်း၊ ရန်ကုန်မြို့ပြဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း ကူညီဆောင်ရွက်လိုပြီး ပြင်သစ်နိုင်ငံရှိ ပါရီမြို့တော်ဝန်ရုံးကလည်း ရန်ကုန်မြို့ပြဖွံ့ဖြိုးတိုးတက်ရေးတွင် ပါဝင်ဆောင်ရွက်ရန် အဆင်သင့်ရှိနေပါကြောင်း ပြန်လည်ဖြေကြားခဲ့သည်။

(သတင်းစဉ်)

# နှစ်နိုင်ငံတရားစီရင်ရေးနှင့် ဥပဒေရေးရာကိစ္စရပ်များဆွေးနွေး

**ရန်ကုန် ဇွန် ၁၇**

ဩစတြေးလျ ဖက်ဒရယ်တရားရုံး တရားသူကြီးချုပ် The Hon James Leslie Bain ALLSOP AQ ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ဇွန် ၁၆ ရက်က ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် ဦးဝင်းဆွေအား လာရောက်တွေ့ဆုံ၍ နှစ်နိုင်ငံတရားစီရင်ရေးနှင့် ဥပဒေရေးရာကိစ္စရပ်များဆွေးနွေးကြသည်။

ထို့နောက် ကိုယ်စားလှယ်အဖွဲ့သည် ရန်ကုန်အနောက်ပိုင်းခရိုင် တရားရုံးသို့ သွားရောက်၍ အမှုများစစ်ဆေးနေသည်ကို လေ့လာကြည့်ရှုသည်။

ညနေပိုင်းတွင် ဩစတြေးလျ ဖက်ဒရယ်တရားရုံး တရားသူကြီးချုပ် ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့ ပြန်လည်ထွက်ခွာရာ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် ဦးဝင်းဆွေနှင့် တရားသူကြီးများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပို့ဆောင်နှုတ်ဆက်ကြကြောင်း သိရသည်။

(ကြေးမုံ)

# ရွှေအဆင်း၊ မြအဆင်း စပါးခင်းများဖြင့် သာယာလှပနေသည့် ကြက်ဖမွေးဇောင်းရွာနှင့် ကြက်ဖမွေးဇောင်းတာ

**သပြေထွန်း**

“အဘိုးသိရသလောက်တော့ ကြက်ဖမွေးဇောင်းရွာဆိုတာ ခရစ်နှစ် ၁၅၃၈-၁၅၅၀ ကာလ တပင်ရွှေထီးမင်းနဲ့ မွန်ဘုရင်သူ့ရှင်တကာရွတ်ပိတို့ စစ်အင်အားပြိုင်ကြရင်း မိဖုရားကြီး တလပရော်သမီးနဲ့ မှူးကြီးမတ်ရာ သေနာပတိများ၊ မင်းဆွေမင်းမျိုးများ စစ်ဘေးလွတ်ရာခိုလှုံရင်း ရိက္ခာစပါး စိုက်ပျိုးစားလာခဲ့တဲ့ ဒေသတစ်ခုပါ။ သမိန်ထောကုန်းတန်း၊သမိန်ထောသိမ်ကုန်း၊ ကမာပို၊ ကြက်ဖမွေးဇောင်း၊ဒေါ်ညိမ်း၊မြို့ကုန်း၊ ကုလားထိပ်ဆိုတဲ့ ကျေးရွာတွေမှာ စစ်ရေးနဲ့ စိုက်ပျိုးရေးဟာ ဟိုတုန်းထဲက အတူယှဉ်တွဲပေါ်ပေါက်ခဲ့တာပါ။ ရှေးစာအလိုကတော့ ဇွဲမဏ္ဍာပြည်မြန်မာနှင့်ဟံသာဝေါ်လှိုင်း မွန်တိုင်းသုံးထွေ ဒီရေငန်စွ ရာမညနှင့်. . . ပုသိမ်မြောင်းမြ ဒလမကျန် တစ်ဖန်ပဲခူး မြို့ရိုးမြို့တာ ဥက္ကလာနာဂရ ဧရာဝတီ နဒီဖြတ်သန်း ရေကမ်းအထိ . . . စတဲ့ မွန်လူမျိုးများရဲ့ ရာမညတိုင်း (၃၂)မြို့ရဲ့ အစိတ်အပိုင်း သမိုင်းဝင် မြို့ဖျာပုံရဲ့ အုပ်ချုပ်မှုအောက်မှာရှိတဲ့ အထင်ကရရွာကြီး တစ်ရွာပါ။ ခုဆိုရွာသက်တမ်း (၄၄၀)ကျော်ခဲ့ပါပြီ။ အဘိုးတို့ရွာရဲ့ မူလအမည်ကတော့ မွန်ဘာသာနဲ့“ ကျိုက်ပါမွေ့ဇော် ” လို့ သိရပါတယ်။ ကျိုက်ဆိုတာက-ဘုရား၊ ပါဆိုတာက-၂ ဂဏန်း၊ မွေ့ဆိုတာက-၁ ဂဏန်း၊ ဇော်ဆိုတာက-ပလဒင် တချို့ကလည်း စောင်းတန်းလို့ဆိုကြပြန်တယ်။ ဆက်စပ်ပြီး အဓိပ္ပာယ်ကောက်ယူလိုက်တဲ့အခါ ဘုရားနှစ်ဆူ ပလဒင်တစ်ခု (သို့မဟုတ်) ဘုရားနှစ်ဆူ စောင်းတန်းတစ်ခုရှိတဲ့ ကျေးရွာလို့ အဓိပ္ပာယ်ရပါတယ်။ ဒါထက်ပိုပြီးခိုင်မာတဲ့ ရွာသမိုင်းအထောက်အထားတွေလည်း ရှိကောင်းရှိနိုင်ပါသေးတယ်။ ဟိုတုန်းထဲက အတိတ်ရှိတဲ့လူမျိုး၊ သမိုင်းကြီးတဲ့ လူမျိုးအဖြစ်ဘာသာ သာသနာနဲ့တည်ရှိလာခဲ့တဲ့ စိုက်ပျိုးရေး အခြေခံရွာကြီးတစ်ရွာပါ။ နောက်မှ ခေတ်ကာလရွေ့လျောပြီး ကြက်ဖမွေးဇောင်းရယ်လို့ ဖြစ်လာရတာပါ။ ခုလို သမိုင်းကြီး၊ ယဉ်ကျေးမှုကြီးပြီး စိုက်ပျိုးရေး ရေခံမြေခံကောင်းတဲ့ အဘိုးတို့ရပ်ရွာ၊ အဘိုးတို့ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ဖို့နဲ့ ဆန်ရေစပါး စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးဖို့အတွက် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနကလာပြီး ကွင်းပတ်တာထိန်းသိမ်းပြုပြင်မှုတွေ၊ ရေတံခါးပြင်ဆင်မှုတွေ၊ ချောင်းမြောင်းတူးဖော်မှုတွေနဲ့ လိုအပ်တဲ့နေရာတွေမှာ ရေတံခါးအသစ်တွေ လာရောက်တည်ဆောက်ပေးခဲ့တဲ့အတွက် ကျေးရွာမိသားစုအားလုံးရဲ့ကိုယ်စား အလွန်ကျေးဇူးတင်ပါတယ် ”ဟု ဖျာပုံမြို့နယ် ကြက်ဖမွေးဇောင်းကျေးရွာမှ သက်ကြီးအဘိုးတစ်ဦးက ရွာသမိုင်းအား ရှင်းပြရင်း ကျေးဇူးတင်စကားဆိုသည်။

“ကျွန်တော်တို့ ဒီကြက်ဖကျွန်းထဲမှာ စီမံကိန်းပြီးထဲက ခုနစ်နှစ်လောက်ထိ ရေကြီးနစ်မြုပ်မှုဆိုတာ မရှိသေးပါဘူး။ စီမံကိန်းအဖွဲ့တွေကလည်း ကွင်းရဲ့မြေပြင်အခြေအနေအပေါ်မှာ အဘက်ဘက်ကလေ့လာပြီးတော့ သင့်တော်တဲ့ပုံစံရေးဆွဲ၊ ရှိသင့်တဲ့ တာအမြင့်၊ တာထိပ်ဝအကျယ်၊ တာအောက်ခြေအကျယ်၊ တာတမံအလျား စတာတွေ သတ်မှတ်ထားရှိကာ လိုက်ဖက်တဲ့အရေအတွက်နဲ့ အချိုးကျတွက်ချက်ပြီး ရေထုတ်အဆောက်အအုံ ခုနစ်လုံးနဲ့ တည်ဆောက်ပေးခဲ့တာဖြစ်လို့ စီမံကိန်းပြီး ခုနစ်နှစ်လောက်ထိ မိုးစပါးစိုက်ပျိုးရေး အဆင်ပြေခဲ့ပါတယ်။ ခုနောက်ပိုင်း မိုးများတဲ့နှစ်တိုင်းလိုလို ကျွန်းတွင်းမှာ ရေကြီးနစ်မြုပ်မှုဆိုတာ ကြုံလာကြရတယ်။ ဒီရေကြီးနစ်မြုပ်မှု ကျွန်းတွင်းမှာဖြစ်ပေါ်လာရတဲ့ အကြောင်းရင်းကို ကျွန်တော်တို့အမြင် လေ့လာသုံးသပ်မိရသလောက် စီမံကိန်းအပြီး ၁၉၉၂ ခုနှစ်မှာ ကြက်ဖကျွန်းပတ်တာရဲ့ အလယ်တည့်တည့်ကနေ ကျုံကဒွန်း-စက်ဆန်းကားလမ်းနဲ့ ကျုံကဒွန်း-အမာမြို့နယ်ခွဲကားလမ်းဆိုပြီး ကားလမ်း(၂)ခုဖြတ်ဖောက်ပါတယ်။ အဲဒီလိုဖောက်လိုက်တဲ့အခါမှာ ကျွန်တော်တို့ကျွန်းပတ်တာကြီးက အနီးစပ်ဆုံးမြင်အောင်ပြောရရင် ထက်ခြမ်းခြမ်းလိုက်သလိုဖြစ်သွားပါတယ်။ အဲဒီတော့ ကားလမ်းအထက်ပိုင်း အဝန်းအဝိုင်းထဲမှာက ဧက ၂၅၀၀၀ ခန့်နဲ့ ရေတံခါးသုံးလုံး၊ ကားလမ်းအောက်ပိုင်းဧရိယာထဲမှာက ဧက ၁၀၀၀၀ခန့်နဲ့ ရေတံခါးလေးလုံးဆိုပြီး နှစ်ပိုင်းကွဲသွားတဲ့အခြေအနေ။ ဒီလိုနှစ်ပိုင်းကွဲသွားတဲ့အနေအထားမှာ ကားလမ်းအထက်ပိုင်းက မြေပြင် (R.L)က အနိမ့်ဆုံးလည်းဖြစ်၊ ရေတံခါးအပေါက်အရေအတွက်ကလည်းနည်းပြီးတော့ ကျွန်းပတ်တာအပြင်ဘက်မှာရှိတဲ့ ချောင်းမကြီးတွေကလည်းကောဆိုတော့ ထန်းသီးကြွေခိုက် ကျီးနင်းခိုက်ဆိုသလို အကြောင်းသုံးပါးတိုက်ဆိုင်ပြီး ကျွန်းတွင်းပိုလျှံရေပိုရေနုတ်နိုင်မှုကျဆင်းလာပြီး ခုလို နှစ်စဉ်နီးပါး ရေကြီးနစ်မြုပ်မှုဖြစ်ရတယ်လို့ ယူဆပါတယ်။ ဒီကြက်ဖမွေးဇောင်း ကျွန်း ရေကြီးနစ်မြုပ်မှုရဲ့ အဓိကအကြောင်းအရင်းက ဒီလမ်းနှစ်ခု ဖောက်လုပ်မှုကြောင့်လို့ သုံးသပ်မိပေမယ့် လမ်းကလည်း ဆက်သွယ်ရေးအတွက် လိုအပ်နေတာလေ။ ဒါကြောင့်မို့ ကျွန်တော်တို့ကျွန်းထဲမှာ စိုက်ရေးပျိုးရေးကောင်းမွန်ဖို့နဲ့ ရေကြီးနစ်မြုပ်မှုသက်သာဖို့ သက်ဆိုင်ရာဌာနတွေက သင့်တော်သလို စီမံဆောင်ရွက်ပေးစေချင်ပါတယ်” ဟု ဖျာပုံမြို့နယ် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ အငြိမ်းစားအရာရှိတစ်ဦးက ၎င်း၏အမြင်ကို သုံးသပ်တင်ပြသည်။

အဆိုပါ ကြက်ဖမွေးဇောင်းကျွန်းပတ်တာသည် ဖျာပုံခရိုင် ဖျာပုံမြို့နယ်အတွင်း တည်ရှိပြီး အရှေ့ဘက်တွင် မယ်လေးရိုးချောင်း၊ အနောက်ဘက်တွင် ကျုံအင်းချောင်း၊ တောင်ဘက်တွင် ကျုံကော်ချောင်း၊ မြောက်ဘက်တွင် ကျုံကန်ချောင်းများနှင့် ထိစပ်လျက်ရှိကြောင်း သိရသည်။ ကျွန်းပတ်တာအလျား (၄၆)မိုင်၊ စီမံကိန်းမှ တည်ဆောက်ခဲ့



ကြက်ဖမွေးဇောင်းကျွန်းပတ်တာအတွင်း မိုးစပါးထွန်ယက်စိုက်ပျိုးနေမှုကို တွေ့ရစဉ်။

သည့် ရေထုတ်အဆောက်အအုံ ခုနစ်လုံး၊ ရေနုတ်မြောင်းမကြီး ခုနစ်ခုနှင့် လက်တံမြောင်းများအပါအဝင် ရေနုတ်မြောင်း စုစုပေါင်းအလျား (၇၂)မိုင်ဖြင့် ဖွဲ့စည်းတည်ဆောက်ထားပြီး ကျေးရွာအုပ်စု(၅)အုပ်စုရှိ လူဦးရေ ၄၀၀၀၀ ကျော်တို့၏ လယ်ယာစိုက်ပျိုးရေးကဏ္ဍများကို အထောက်အကူပြုလျက်ရှိကြောင်း သိရသည်။

ဖျာပုံခရိုင် ဖျာပုံမြို့နယ်တွင် ဘန့်ဘွေးစုကျွန်းပတ်တာ အလျား(၂၆)မိုင်၊ ဇင်းဘောင်ကျွန်းပတ်တာ အလျား (၁၅) မိုင်၊ ဒေါ်ညိမ်းကျွန်းပတ်တာ အလျား (၁၄)မိုင်၊ မြို့ကုန်းကျွန်းပတ်တာ အလျား (၁၇)မိုင်၊ ဒေးဒလူကျွန်းပတ်တာ အလျား(၁၃)မိုင်နှင့် လက်ပန်ပင်ကျွန်းပတ်တာ အလျား မိုင် (၂၀)ဟူ၍ ကျွန်းပတ်တာ ခုနစ်ခုရှိရာ ကြက်ဖမွေးဇောင်း ကျွန်းပတ်တာသည်လည်း တစ်ခုအပါအဝင်ဖြစ်ကြောင်း၊ ကျွန်းပတ်တာအလျား (၄၆)မိုင်ရှိပြီး ပျမ်းမျှတာထိပ်ဝ အကျယ် ၁၂ ပေ၊ သတ်မှတ်အမြင့်ပေ (A.C.L) ၈ ဒသမ ၅ ပေနှင့် အကျိုးပြုဧရိယာ ၃၄၃၉၁ ဧကရှိကြောင်း၊ စီမံကိန်းမတိုင်မီက စပါးစိုက်ပျိုး၍မရသည့် ဒယ်အိုးပုံရေကြီးကွင်း၊ ရေနက်ကွင်းမြေရိုင်းများတွင် လယ်မြေသားအများစု(၇၅ ရာခိုင်နှုန်းမှ ၉၀ ရာခိုင်နှုန်း အတွင်း) မိုးစပါးစိုက်ပျိုးနိုင်ရန်အတွက်သာ အဓိက ရည်ရွယ်၍ တာပတ်ကာ ရေနုတ်မြောင်းတူး မိုးရေနုတ်၍ မိုးစပါးစိုက်လယ်ယာမြေအဖြစ် ဖော်ထုတ်ခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းကျွန်းပတ်တာအား စပါး(၁)စီမံကိန်းမှ (၁၉၇၆-၁၉၈၅)ခုနှစ်တွင် တည်ဆောက်ပြီးစီးခဲ့ကြောင်း၊ မိုးတွင်းအခါ ကျွန်းတွင်းရှိ ပိုလျှံနေသောရေများ ထုတ်ပေးနိုင်ရန်အတွက် ဘားလား၊ ဖလက်၊ ဝါးချောင်း၊ ရပ်ဖရုံ၊ ကဇောင်းမ၊ ဗလီရိုးနှင့် အောက္ကဘာ စသည့်ရေတံခါးများ တည်ဆောက်ခဲ့ကြောင်း ဆည်မြောင်းဦးစီးဌာနမှ မှတ်တမ်းများအရ သိရသည်။

“ကွင်းရေကြီးပြီး မိုးအလွန်များတဲ့နှစ်တွေမှာ ကျွန်းတွင်းမှာရှိတဲ့ အချို့သောနေရာတွေ ရေကြီးနစ်မြုပ်မှု အခြေအနေတွေရှိခဲ့တဲ့အတွက် ဒီနှစ်ပိုင်းအတွင်း ကွင်းရေနုတ်ရေတံခါးတွေဖြစ်တဲ့ ကျုံတမာရေတံခါး (၄ ပေ × ၄ ပေ - ၄ ပေါက်)၊ ရိုးကောက်ရေတံခါး (၅ ပေ × ၅ ပေ - ၃ ပေါက်)နဲ့ ရေချိုသွင်းရေတံခါးတွေ ဖြစ်တဲ့ လမုလေးရေတံခါး (၄ ပေ × ၄ ပေ - ၂ ပေါက်)နဲ့ တပ်မဲ့ရေတံခါး (၄ ပေ × ၄ ပေ - ၂ ပေါက်)စတဲ့ ရေတံခါးတွေကို အသစ်တည်ဆောက်ပေးပြီး ရေတံခါးအဟောင်းတစ်လုံးဖြစ်တဲ့ စံပုလဲရေတံခါး (၈ ပေ × ၈ ပေ - ၆ ပေါက်)ကိုလည်း ပြန်လည်ပြုပြင်ပေးခဲ့ပါတယ်။ အဓိကရည်ရွယ်ချက်ကတော့ ကြက်ဖမွေးဇောင်း ကျွန်းပတ်တာအတွင်းမှာရှိတဲ့ စိုက်ဧကတွေအတွင်းကို ရေငန်ဝင်ရောက်မှုမရှိစေရေးနဲ့ မိုးရာသီရေကြီးနစ်မြုပ်မှုကို ထိရောက်စွာကာကွယ်နိုင်ရေး၊နောက်ပြီး ဒီကျွန်းပတ်တာကို အကြောင်းပြုပြီး ကျေးရွာချင်းဆက် လွယ်ကူစွာသွားလာနိုင်ရေး စတဲ့ ရည်ရွယ်ချက်တွေနဲ့ ဆောင်ရွက်နေတာဖြစ်ပါတယ်”ဟု ဖျာပုံခရိုင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်ဇော်က ပြောသည်။

ယခုကဲ့သို့ မြို့နယ်အတွင်း လိုအပ်သော ရေချိုသွင်းရေတံခါးနှင့် ရေပိုထုတ်ရေတံခါးများအား လိုအပ်သော ကျွန်းပတ်တာနေရာဒေသအလိုက် ဒေသအတွက် အဓိက လိုအပ်ချက်အပေါ်မူတည်၍ အခါအားလျော်စွာ နှစ်အလိုက် တည်ဆောက်ပေးနိုင်ခဲ့သဖြင့်(ရာသီဥတုနှင့် ပိုးမွှားစသည့် ထူးခြားသောဖျက်ဆီးမှုများရှိသည့် နှစ်မှလွဲ၍) ဖျာပုံခရိုင်အတွင်း နွေစပါးစိုက်ပျိုးမှုပမာဏမှာ ပြီးခဲ့သည့် ၂၀၁၂-၂၀၁၃ ခုနှစ်တွင် ၃၆၇၂၈၇ ဧက၊ ၂၀၁၃-၂၀၁၄ ခုနှစ်တွင် ၃၇၁၀၂၂ ဧက၊ ၂၀၁၄-၂၀၁၅ ခုနှစ်တွင် ဧက ၃၇၃၉၀၀၊ ၂၀၁၅-၂၀၁၆ ခုနှစ်တွင် ၃၇၉၇၆၇ ဧကထိ မြင့်မားလာခဲ့ပြီး အလားတူ မိုးစပါးစိုက်ပျိုးထုတ်လုပ်မှုပမာဏမှာလည်း ၂၀၁၃-၂၀၁၄ ခုနှစ်တွင် ၈၂၅၀၇၆ ဧက၊ ၂၀၁၄-၂၀၁၅ ခုနှစ်တွင် ၈၂၈၄၆၃ ဧကနှင့် ၂၀၁၅-၂၀၁၆ ခုနှစ်တွင် ၈၂၈၄၇၇ ဧက အသီးသီးမြင့်တက်ခဲ့ကြောင်း လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းဦးစီးဌာနစာရင်းဇယားများအရ သိရသည်။

■

# ဘောဂဗေဒဆိုတာက ကိုယ့်အကျိုးဆောင်ရင်းနဲ့ အများအကျိုးအောင်တဲ့နည်းလမ်းကို ပေးတာ၊ ဘောဂဗေဒကို နားလည်ရင် ကိုယ်ကျိုးစီးပွားကို ဆောင်ရွက်ရင်း အများအကျိုးကိုအောင်အောင် လုပ်ပေးသွားနိုင်တယ်။

တွေ့ဆုံမေးမြန်း- ဆုနင်းလဲ့
ဓာတ်ပုံ-ငွေးအောင်(ကြေးမုံ)

ရန်ကုန်တက္ကသိုလ်ကြီးကို ၁၉၂၀ ခုနှစ်တွင် တည်ထောင်ခဲ့သည်။ ၁၉၂၄ ခုနှစ်တွင် ဘောဂဗေဒဌာနကို စတင်ဖွင့်လှစ်ခဲ့ရာ ၁၉၆၄ ခုနှစ်တွင် တည်ထောင်ခဲ့သော ရန်ကုန်စီးပွားရေးတက္ကသိုလ်ကြီး၏ ဇာစ်မြစ်တစ်ခုဖြစ်ခဲ့သည့် ဘောဂဗေဒဌာနကြီးသည် နှစ် ၉၀ ကျော်ရှိပြီဖြစ်သော သက်တမ်းအရင့်ဆုံးဌာနကြီး တစ်ခုဖြစ်သလို စီးပွားရေးတက္ကသိုလ် ရွှေရတုသဘင်၊ ဘောဂဗေဒဌာန နှစ်(၉၀)ပြည့် အခမ်းအနားတို့နှင့်အတူ ဘောဂဗေဒဘွဲ့ရများအားလုံး ပါဝင်နိုင်သည့် မြန်မာနိုင်ငံဘောဂဗေဒအသင်း (Myanmar Economics Association-MEA) ကိုလည်း ဖွဲ့စည်းထူထောင်နိုင်ခဲ့ပြီဖြစ်ပြီး ဇွန် ၁၈ ရက်(စနေနေ့) မွန်းလွဲ ၂ နာရီမှ ညနေ ၅ နာရီအထိ ရန်ကုန်မြို့ UMFCCI ရုံးချုပ်၌ ဘာသာရပ်ဆိုင်ရာ ဟောပြောပွဲတစ်ရပ် ပြုလုပ်သွားမည်ဖြစ်သည်။

ဘောဂဗေဒ ဘာသာရပ်သည် လူမှုရေးသိပ္ပံဘာသာရပ်အားလုံးတို့၏ အခြေခံဘာသာရပ်ဖြစ်သည်။ ဘောဂဗေဒဘာသာရပ်သည် သိပ္ပံနည်းကျဘာသာရပ် Economics Science ဖြစ်သော်လည်း သိရှိနားလည်မှုအားနည်းနေကြသည်။ Business နှင့် Economics ကို မကွဲပြားကြဘဲ ရောထွေးနေကြသည်။ ထို့ကြောင့်ပင် ဘောဂဗေဒအသင်းကြီး ဖွဲ့စည်းတည်ထောင်နိုင်ခဲ့ခြင်းနှင့်အတူ အသင်းအလုပ်အမှုဆောင်များကို ရွေးချယ်ကာ ဘောဂဗေဒနှင့်ပတ်သက်သည့် အခြေခံသဘောတရား အသိအမြင်များ၊ ဘောဂဗေဒဘာသာရပ်ဆိုင်ရာ အတွေးအခေါ်ဗဟုသုတများ ရင့်သန်ပြန့်ပွားစေရန် အဓိကရည်ရွယ်ချက်ထားကာ ပညာရှင်များ၊ ဆရာကြီးဆရာမကြီးများက ဟောပြောပွဲ၊ ဆွေးနွေးပွဲ၊ သုတေသနစာတမ်းများပြုစုခြင်း၊ စာအုပ်ထုတ်ဝေခြင်း၊ ပညာသင်ဆုများ ချီးမြှင့်ခြင်းတို့ကို ဆောင်ရွက်သွားမည့်အကြောင်းအရာများနှင့်ပတ်သက်၍ မြန်မာနိုင်ငံဘောဂဗေဒအသင်း တာဝန်ရှိသူများ၏ စကားသံများကို ဖော်ပြလိုက်ပါသည်။


ဒေါက်တာကျော်မင်းထွန်း


ဒေါက်တာမောင်အောင်


ဒေါက်တာသီတာကြူ


ဒေါက်တာနီလာမြင့်ထူး

**ဒေါက်တာကျော်မင်းထွန်း (ရန်ကုန်စီးပွားရေးတက္ကသိုလ်၊ ဒုတိယပါမောက္ခချုပ်(ငြိမ်း) မြန်မာနိုင်ငံ ဘောဂဗေဒအသင်းဥက္ကဋ္ဌ၊ ဗဟိုဘဏ်ဒါရိုက်တာအဖွဲ့ဝင်)**

ဘောဂဗေဒဌာနကြီးက စီးပွားရေးတက္ကသိုလ်ရဲ့ ဇာစ်မြစ်ကြီးလည်းဖြစ်တယ်။ ဒီဘာသာရပ်ကြီး ရှင်သန်ပြီးတော့ ဖွံ့ဖြိုးလာတာတွေကို နောင်မျိုးဆက်တွေကိုလည်း ဆက်ပြီး လက်ဆင့်ကမ်းနိုင်ဖို့အတွက် အသင်းတစ်ခုတော့လိုတယ်ဆိုပြီး ဖွဲ့ဖြစ်တာပါ။

အဓိက ရည်ရွယ်ချက်ကတော့ ဘောဂဗေဒပညာရပ်ကြီးနဲ့ ပတ်သက်ပြီး အသိပညာတွေ၊ အတွေးအခေါ်တွေ ရင့်သန်ပွားများလာဖို့ပေါ့။ ဆွေးနွေးပွဲတွေ ကျင်းပမယ်။ သုတေသနစာတမ်းပြုစုမယ်။ စာအုပ်တွေထုတ်မယ်။ ပညာသင်ဆုတွေ ချီးမြှင့်မယ်။သူနဲ့ဆက်စပ်ပြီး နိုင်ငံတော်ရဲ့ စီးပွားရေးဆိုင်ရာ မူဝါဒတွေနဲ့ ပတ်သက်ပြီး အကြံပေးနိုင်မယ်။ နိုင်ငံတကာ အဖွဲ့အစည်းတွေနဲ့လည်း ဆက်သွယ်ပြီး ဆောင်ရွက်နိုင်မယ်။ ကျောင်းသား ကျောင်းသူတွေ၊ ဆရာဆရာမတွေ၊ ဘောဂဗေဒသင်ယူနေသူတွေအတွက် ဗဟုသုတ ဖလှယ်နိုင်မယ်။ တိုင်းပြည်ဖွံ့ဖြိုးရေးမူဝါဒ အကောင်အထည်ဖော်ရာမှာ ပါဝင်ဆောင်ရွက်နိုင်မယ်။ ဇွန် ၁၈ ရက်မှာ ကုန်သည်စက်မှု အသင်းချုပ်ရုံးမှာ ဘာသာရပ်ဆိုင်ရာ ဟောပြောပွဲတစ်ခု လုပ်ပါမယ်။

ဆရာက ဦးဆောင်ဆွေးနွေးသူအဖြစ်နဲ့ ဆရာကြီးဦးလှမောင် ဒေါက်တာလှမောင်က ဘောဂဗေဒ သိပ္ပံပညာရဲ့ သဘောသဘာဝနဲ့ အကျယ်အဝန်းအကြောင်း ဆွေးနွေးဟောပြောမယ်။ ဒေါက်တာမောင်အောင်က ကုန်သွယ်မှုကဏ္ဍ။ ဒီကုန်သွယ်မှုကဏ္ဍနဲ့ ဆက်စပ်ပြီးတော့ ရင်းနှီးမြှုပ်နှံမှုအကြောင်းကို ဦးခင်မောင်ညို (ခင်မောင်ညို၊ ဘောဂဗေဒ) နဲ့ မိုက်ခရိုမှ မက်ခရိုအမြင်ကိုတော့ ဦးမြင့်ဇော်တို့က ချိတ်ဆက်ဆွေးနွေးသွားမှာဖြစ်ပါတယ်။

အဓိက ဒီပွဲလေးလုပ်ဖြစ်တာကတော့ ဘောဂဗေဒဘာသာရပ်ကို လူတွေကို သိစေချင်တာပေါ့။ ဘောဂဗေဒဆိုတာက စီးပွားရေး။ စီးပွားရေးလို့ ပြောလိုက်ရင် အကုန်လုံးက စီးပွားရေးထဲမှာ အကျုံးဝင်တယ်။ စီးပွားရေးဆိုတာ နှစ်မျိုးရှိတယ်။ Economics ဆိုတာလည်း စီးပွားရေးပဲ။ Business ဆိုတာလည်း စီးပွားရေးပဲ။ စီးပွားရေးလုပ်တော့မယ်ဆိုရင် Business လုပ်တော့မယ်လို့ ဆိုတယ်။ အခုလုပ်မယ့် ဟောပြောပွဲကတော့ Economics ဆိုတာ Business စီးပွားရေးနဲ့ မတူဘူးလို့တော့ မဟုတ်ဘူးပေါ့။ Business က တစ်ဦးတစ်ယောက် တစ်ဖွဲ့ရဲ့ စီးပွားရေးကိုပြောတာ။Business ကို မြန်မာပြန်ရင် လုပ်ငန်းစီးပွားရေးလို့ပြန်တယ်။တစ်ဦးတစ်ယောက်နဲ့လုပ်ငန်းနဲ့ဆိုင်တယ်။

Economics ဆိုတဲ့ စီးပွားရေးဆိုတာကတော့ လူ့အဖွဲ့အစည်းတစ်ခုလုံးနဲ့ဆိုင်တယ်။ အသက်ရှင်ဖို့အတွက် လူတိုင်း လူတိုင်း အလုပ်တစ်ခုမဟုတ် တစ်ခုလုပ်ကြရတယ်။ လှုပ်ရှားနေကြရတယ်။ အဲဒီဟာတွေအားလုံးဟာ စီးပွားရေးလုပ်ဆောင်ချက်ပဲ။ အဲဒါကို Economics လို့ခေါ်တာ။ ဒါကြောင့်မို့ Economics ကို တတ်ကျွမ်းရင်၊ နားလည်ရင် အတ္တတွေနည်းသွားမယ်။ အတ္တတွေနည်းသွားပြီးတော့ အတ္တ၊ ပရမ္မတအောင် လုပ်တတ်တာပေါ့။ ကျွန်တော်တို့ရဲ့ ဘောဂဗေဒရဲ့ အယူအဆကိုက အဓိပ္ပာယ်ဖွင့်ဆိုချက်တွေ အမျိုးမျိုးရှိတယ်။ လူတိုင်းလူတိုင်းက အသက်ရှင်ဖို့အတွက် လုပ်ကြတယ်။ အဲဒါက Economics ပဲ။ ဘယ်သူမှ Economics နဲ့ကင်းတဲ့သူမရှိဘူး။ အဲဒါကြောင့် Economics ဆိုတာက ကိုယ့်အကျိုးကို ဆောင်ရွက်ရင်းနဲ့ အများအကျိုးကို အောင်သွားစေတာ။ အများအကျိုးကိုမလုပ်ရဘူးလို့ တားတာမဟုတ်ဘူး။ ကိုယ်ကျိုးအတွက် အလုပ်လုပ်ရင်းနဲ့ အများအကျိုးကိုလည်း အောင်စေတဲ့ နည်းလမ်းပေးတာ။

ဈေးကွက်ထဲကို ဝင်လာတာ နှစ်မျိုးပဲရှိတယ်။ ဝယ်မယ့်သူနဲ့ ရောင်းမယ့်သူ။ အဲဒီဝယ်သူ၊ ရောင်းသူတွေရဲ့ ဆန္ဒက ဈေးကွက်ထဲမှာ အလိုအလျောက်ရှင်းသွားတယ်။ ထိန်းချုပ်စရာမလိုဘူး။ အဲဒါကြောင့် လူတိုင်းလူတိုင်းဟာ ကိုယ့်အကျိုးကို ဆောင်ဖို့လာတယ်။ သရက်ပင်စိုက်ထားတဲ့သူဟာ လူတွေ သရက်သီးစားရပါစေဆိုပြီး ဈေးကွက်ထဲကိုလာတာမဟုတ်ဘူး။ သရက်သီးလာရောင်းတာ။ ဒါရောင်းပြီး သူလိုချင်တာ ပြန်ဝယ်ဖို့ပဲ။ အခြေခံယူနစ်က ဈေးကွက်ပဲ။ ဈေးကွက်တွေပေါင်းတော့မှ နိုင်ငံဖြစ်လာတယ်။ ဈေးကွက်ထဲမှာ ဖလှယ်ဖို့လာတိုင်းလာတိုင်း ကိုယ်ကျိုးကို ရှေ့တန်းတင်ပြီး လာကြတာ။ ဒါပေမယ့် ကိုယ်ကျိုးကို ရှေ့တန်းတင်လာရင်းနဲ့ပဲ ဈေးကွက်ရဲ့ လုပ်ဆောင်ချက်ကြောင့် သူ့လိုအပ်ချက်၊ ကိုယ့်လိုအပ်ချက်တွေ ဖလှယ်ရင်း လူအားလုံးရဲ့ လိုအင်ဆန္ဒတွေ ပြည့်သွားတာ။ ဒါကြောင့် ဘောဂဗေဒဟာ ကိုယ့်အကျိုးဆောင်ရင်းနဲ့ အများအကျိုးအောင်တဲ့ နည်းကိုပေးတာ။

ဘယ်လိုကိုယ်ကျိုးကို ဆောင်ရွက်သလဲ။ အဲဒီနေရာမှာ ကိုယ်ကျိုးစီးပွားကို ပြောတဲ့အခါ အတ္တကဲတဲ့ Selfish ကိုတော့ ကျွန်တော်တို့က ရှုတ်ချပါတယ်။ Self-interest ကိုတော့ လက်ခံပါတယ်။ လူတိုင်းလူတိုင်းဟာ Self-interest မရှိရင် ဘာမှမလုပ်ဘူး။ ဒါကြောင့်မို့ ဘောဂဗေဒရဲ့ အခြေခံမှုတစ်ခုက လူတွေဟာ Incentive ကို တုံ့ပြန်တယ်။ လူတိုင်းလူတိုင်းဟာ Incentive မရှိရင် ဘာမှမလုပ်ဘူး။ အလုပ်လုပ်တဲ့သူက လုပ်ခရမယ်ဆိုရင် လုပ်ခဆိုတဲ့ Incentive ကို မက်တာ။ ထိုက်ထိုက်တန်တန်မဖြစ်ဘူးဆိုရင် အဲဒီ Incentive ကို မကြိုက်ကြဘူး။ နောက်အလုပ်တစ်ခုကို ပြောင်းလုပ်ကြတယ်။ အဲဒီ Incentive ဆိုတာက မက်လုံးဆွဲဆောင်မှုပေါ့။ အဲဒီ ဆွဲဆောင်မှုမရှိဘဲနဲ့ ဘယ်သူမှ မလုပ်ဘူး။ အဲဒါကြောင့် ဘောဂဗေဒဟာ သဘာဝယုတ္တိနဲ့ပြည့်တယ်။ အဲဒီဟာကို မှန်မှန်ကန်ကန် ခွဲဝေအသုံးချနိုင်အောင်စီမံပေးတာက အဲဒါကိုလေ့လာတာက ဘောဂဗေဒပဲ။ အင်အားစုခွဲဝေတာကို မှန်ကန်အောင်လုပ်ပေးနိုင်တာ ဘောဂဗေဒပါ။ ဒါကြောင့် ဘောဂဗေဒကို နားလည်ရင် ကိုယ်ကျိုးစီးပွားကို ဆောင်ရွက်ရင်း အများအကျိုးကိုအောင်အောင် လုပ်ပေးသွားနိုင်တယ်။

**ဒေါက်တာမောင်အောင် (မြန်မာနိုင်ငံ ဘောဂဗေဒအသင်း အလုပ်အမှုဆောင်အဖွဲ့ဝင်၊ စီးပွားကူးသန်းဝန်ကြီးဌာန၊ အကြံပေး)**

အခုအချိန်ဟာ ပျိုးထောင်တဲ့အချိန်ပေါ့။ ကုန်သွယ်မှုလိုငွေပြတဲ့အပေါ် လူတွေမသိတဲ့အချက်တွေက လေးနှစ်တာကာလမှာ အခုအထိလည်း ဒါက ဖြစ်ဦးမှာပါပဲ။ ဆရာတို့က အခု Capital goods importation အရင်းအနှီးကုန်ပစ္စည်းကို ဦးစားပေးထားတာပါ။ ပြောချင်တာက ကုန်သွယ်မှုက နိုင်ငံမှာရှိတဲ့ လုပ်ငန်းတိုင်း လုပ်ငန်းတိုင်းဟာ နိုင်ငံတကာကို ရောင်းမယ်ဆိုတာမျိုး အဆင့်ရောက်လာရင် Exported Growth ဖြစ်လာမယ်။ အခုဆိုရင် ဒီလေးနှစ် အတွေ့အကြုံအရ SEZ အထူးစီးပွားရေးဇုန်တွေ ဖြစ်လာတော့မယ်။ commodities export တွေတင်မကဘဲ services export တွေကိုပါ စဉ်းစားရတော့မယ်။ အဲဒါတွေအတွက် အခုအချိန်မှာတော့ ကုန်သွယ်မှု လိုငွေပြနေတာပေါ့။ ကုန်သွယ်မှုလိုငွေပြတယ်ဆိုတာ တည်ဆောက်နေတဲ့ကာလမို့ ရင်းနှီးမြှုပ်နှံမှုတွေလုပ်နေရတာ။ ဒါကြောင့် အရင်းအနှီးပစ္စည်းတွေက သွင်းကိုသွင်းရမှာ။ ဒါကိုကြောက်စရာမဟုတ်ဘူး။ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုရဲ့ အဓိကက ရင်းနှီးမြှုပ်နှံမှုလိုတယ်။ ရင်းနှီးမြှုပ်နှံမှုမှာ ငွေအရင်းအနှီးတင်မဟုတ်ဘူး။ အရင်းအနှီးကုန်စည်တွေက သွင်းကိုသွင်းရမှာ။ အခုအချိန်က ဆရာတို့နိုင်ငံရဲ့ ကုန်သွယ်မှုအလားအလာက အကြီးကြီးပဲ။ ကုန်သွယ်မှုက နိုင်ငံတစ်ခု တိုးတက်ဖို့ဆိုရင် တကယ့်ကို ဦးဆောင်ကဏ္ဍပဲ။ အခုအချိန်မှာ စိန်ခေါ်မှုတွေလည်းရှိပါတယ်။ FDI ကလည်း အများကြီးတက်လာဦးမှာပါ။ အလားအလာ အခွင့်အလမ်း ဘယ်လောက်ရှိလဲဆိုတာပေါ့။ ကုန်သွယ်မှုလိုငွေပြတယ်ဆိုတာ ကြောက်စရာမလိုပါဘူး။ သွင်းကုန်မှာ အများစုကလည်း Capital goods အရင်းအနှီးကုန်စည်ဖြစ်နေတယ်။ ကုန်သွယ်မှုမူဝါဒမှာ ပို့လို့ရသမျှ အကုန်ပို့လို့ရတယ်။ ကန့်သတ်ကုန် ၁၂ မျိုးကို ထပ်လျှော့ဦးမှာ။ အကုန်ပို့လို့ရအောင်ပေါ့။ Open Market ဖြစ်တဲ့အတွက် လိုအပ်ရင် ပြန်သွင်းပေါ့။ ဦးစားပေးထားတာကတော့ Importation of priority က Capital goods ပဲ။ ဒါကြောင့်မို့ ကုန်သွယ်မှုလိုငွေပြနေဆဲဖြစ်တာ။ ဒီနှစ်လည်း ဆက်ဖြစ်မှာပါ။ နောင်နှစ်နှစ်လောက်ဆိုရင် SEZ တွေလည်းဖြစ်လာပြီ။ တန်ဖိုးမြင့်ထုတ်ကုန်တွေလည်း ထုတ်လုပ်လာနိုင်ပြီဆိုရင် ပို့ကုန်ဟာ မျှော်မှန်းတဲ့ Exported growth ဟာ ဒီအစိုးရလက်ထက်မှာ ဖြစ်ကိုဖြစ်လိမ့်မယ်လို့ မျှော်မှန်းပါတယ်။

**ဒေါက်တာသီတာကြူ (ပါမောက္ခ၊ ဌာနမှူး၊ ဘောဂဗေဒဌာန၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်)**

ဘောဂဗေဒပညာနဲ့ ပတ်သက်ရင် တခြားနိုင်ငံတွေမှာတော့ နောက်လူတွေက ပိုသာတာတွေ့ရတယ်။ ကျွန်မတို့နိုင်ငံမှာကတော့ ရှေ့က လူကြီးတွေ၊ ဆရာကြီးတွေက ပိုတော်ပြီး နောက်ပိုင်းမှာ အခက်အခဲတွေ ဖြစ်သွားတာပေါ့နော်။ အဲဒါမျိုးတွေ အခုလူငယ်တွေမှာ မဖြစ်တော့အောင်လို့၊ ပြီးတော့ ဘောဂဗေဒကို နားမလည်ဘဲ အမှတ်အစဉ်လိုက်နဲ့ အလုပ်အကိုင်ရရှိဖို့လွယ်တဲ့ဟာတွေကို သွားတာမျိုးတွေပေါ့။ အရင်တုန်းကတော့ ဘောဂဗေဒပညာရှင်တွေကို အားမပေးခဲ့တာလည်းပါတာပေါ့။ အခုကတော့ နိုင်ငံ့စီးပွားဖွံ့ဖြိုးဖို့အတွက် ဘောဂဗေဒပေါ်လစီတွေ မှန်မှဖြစ်မှာ ဖြစ်ပါတယ်။ နိုင်ငံ့အကြောင်း သုံးသပ်တော့မယ်ဆိုရင် ဘောဂဗေဒပညာက လိုပါတယ်။ နောက်မျိုးဆက်တွေမှာလည်း ဘောဂဗေဒပညာကို တန်ဖိုးထားအောင်၊ ပိုတိုးတက်အောင် အခုဆိုရင် ဆရာကြီးဆရာမကြီးတွေကနေ ဟောပြောဆွေးနွေးပွဲတွေပေးတယ်။ ကျောင်းသားကျောင်းသူတွေကို တက်ခိုင်းတယ်။ နောက်အလုပ်အကိုင် အခွင့်အလမ်းတွေပေါ့။ ဒီဘာသာရပ်နဲ့ ဘယ်လိုအလုပ်အကိုင်တွေ လုပ်လို့ရလဲ၊ အဲဒါမျိုးတွေ လုပ်ပေးတာရှိပါတယ်။ နောက်သုတေသနကဏ္ဍပေါ့။ ဘောဂဗေဒအသင်းနဲ့ ညှိနှိုင်းပြီးတော့ ကွင်းဆင်းတာတွေလုပ်ဖို့ ရည်ရွယ်ထားပါတယ်။ စီးပွားရေးတက္ကသိုလ်မှာ ဘောဂဗေဒဘွဲ့ရလူငယ်တွေ တခြားဘွဲ့တွေလည်းတက်လို့ ပြီးခဲ့တဲ့နှစ်နှစ်တာကာလထဲမှာ Job Fair တွေ လုပ်ခဲ့ပါတယ်။ လာမယ့် ဇူလိုင်ထဲမှာ Job Fair ထပ်လုပ်ဖို့ရှိပါတယ်။

**ဒေါက်တာနီလာမြင့်ထူး (ပါမောက္ခ၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်၊ မြန်မာနိုင်ငံ ဘောဂဗေဒအသင်း အလုပ်အမှုဆောင်)**

ဘောဂဗေဒဌာနကနေ အများကြီးမွေးထုတ်ပေးခဲ့တဲ့ ဘောဂဗေဒပညာရှင်တွေ၊ ဘွဲ့ရကျောင်းသားကျောင်းသူတွေ အများကြီးရှိနေကြပြီး ပြန့်နေကြပြီး မဆုံဖြစ်ကြဘူး။ ဒီဘက်ခေတ်မှာ ဘောဂဗေဒက အရမ်းအရေးကြီးလာပြီး သိကိုသိရမယ်ဆိုတဲ့အချိန်မှာ ဒီအသင်းက တကယ်ကိုလိုအပ်လာတယ်။ လိုအပ်လာတဲ့အတွက် တကယ်ကို အကောင်အထည်ဖော်လာနိုင်တဲ့အခါမှာလည်း အရမ်းကို ဝမ်းသာရပါတယ်။ ရှိနေတဲ့ ပညာရှင်တွေအကုန်လုံးလည်း ပြန်ပြီးစုစည်းမိပြီးတော့ ကွန်ရက်တွေ ပိုကျယ်ပြန့်လာတယ်။ ပိုပြီး ပူးပေါင်းလုပ်ဆောင်လာနိုင်တယ်။ အခု ဆရာကြီးတွေ ဆရာမကြီးတွေ အသင်းပြန်ဖွဲ့တော့ ပြန်ဆုံဖြစ်ကြတယ်။ ပညာရပ်တွေကို ဖြန့်ဖြူးမယ်ဆိုတဲ့ဟာတွေ လုပ်ဖြစ်တယ်။ ဘောဂဗေဒဘာသာရပ်နဲ့ပတ်သက်ပြီး အရင်က ပညာရပ်အနေနဲ့သာ ဖြန့်ဖြူးနေတာ၊ ပြည်သူလူထုနဲ့ သိပ်ပြီးမထိတွေ့ဘူးဖြစ်နေတယ်။ အသင်းလို့ဖြစ်ပြီးမှ အခုဆိုရင် ဆွေးနွေးပွဲ၊ ဟောပြောပွဲတွေလုပ်ပြီး ပြည်သူတွေနဲ့ပါ ထိတွေ့ပြီးတော့ဘောဂဗေဒဘာသာရပ်နဲ့ အခြေခံမရှိတဲ့ ပြည်သူတွေနဲ့ပါ ထိတွေ့လာနိုင်တယ်။ အဲဒါကြောင့် ဒီအသင်းဖြစ်ပေါ်လာတာ အလွန်ကို ဝမ်းသာရပါတယ်။ ဒါက အသင်းရဲ့ အဓိက ရည်ရွယ်ချက်ပါ။ ပြီးတော့ စာအုပ်တွေ ထုတ်ဝေမယ်။ ဒါတွေကို ဆွေးနွေးပွဲ မတက်နိုင်တဲ့သူတွေအနေနဲ့ စာအုပ်တွေပြန်ဖတ်ရင်းနဲ့ ရရှိနိုင်ပါတယ်။ ပြီးတော့ သုတေသနစာတမ်းတွေ လုပ်ဖို့ရှိပါတယ်။ ဒါတွေ အောင်မြင်လာမယ်ဆိုရင် နိုင်ငံအတွက်၊ ကျောင်းသား ကျောင်းသူတွေအတွက် အများကြီး အကျိုးရှိလာနိုင်မယ်လို့ အသင်းက လုပ်ဆောင်သွားမယ့် အလုပ်တွေအပေါ် ရလာမယ့် အကျိုးကျေးဇူးတွေကို အမှုဆောင်တစ်ယောက်အနေနဲ့ ပြောပြချင်တာပါ။

■

# အမျိုးသမီးများ၏ အခွင့်အရေးဆိုင်ရာများနှင့် ပတ်သက်ပြီး ကူညီဆောင်ရွက်သွားမည့် အော်စကာဆုရှင် မင်းသမီး အန်နီဟာသာဝေး



မျိုး စန္ဒာ မောင်
—
စု စည်း ဖော် ပြ သည်။

အော်စကာဆုရှင် မင်းသမီး အန်နီဟာသာဝေးအား ကုလသမဂ္ဂ၏ အမျိုးသမီး သံအမတ်တစ်ဦးအဖြစ် ခန့်အပ်ခြင်းခံခဲ့ရကြောင်း သိရသည်။

မင်းသမီး အန်နီဟာသာဝေးအနေဖြင့် အမျိုးသမီးများ တန်းတူအခွင့်အရေး ရရှိမှုနှင့် အမျိုးသမီးများ၏ အခွင့်အရေးဆိုင်ရာများနှင့်ပတ်သက်ပြီး တွန်းအားပေး ကူညီဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

"အန်နီကို ဒီတာဝန်တွေပေးလိုက်တာ အချိန်ကိုက်ပါပဲ။ ဘာကြောင့်လဲဆိုတော့ အခုချိန်ဟာ အမျိုးသမီးတွေရဲ့ အပြုသဘောဆောင်တဲ့ စိတ်နေသဘောထားတွေကို မွေးမြူပေးဖို့နဲ့ သူ့နေရာနဲ့သူ နေရာအလိုက် လက်တွေ့ကျတဲ့ စီမံခန့်ခွဲမှုတွေနဲ့ အမျိုးသမီးတွေရဲ့ တန်းတူညီတဲ့အခွင့်အရေးတွေရရှိအောင် ဆောင်ရွက်နေတဲ့အချိန် ဖြစ်လို့ပါပဲ"ဟု ကုလသမဂ္ဂမှ တာဝန်ရှိသူတစ်ဦးက ဆိုသည်။

ယင်းသို့ သံအမတ်တစ်ဦးအဖြစ် တာဝန်ပေးခံရခြင်းအပေါ် မင်းသမီး အန်နီဟာသာဝေးအနေဖြင့် "ဒီလိုတာဝန်ပေးခံရတဲ့အတွက်ရော၊ အမျိုးသမီးတွေရဲ့ အခွင့်အရေးတွေနဲ့ပတ်သက်ပြီး လှုံ့ဆော်ခွင့်ရတဲ့အတွက် ဂုဏ်ယူမိပါတယ်။ ကျွန်မတို့အမျိုးသမီးတွေရဲ့ စုပေါင်းအားနဲ့ ဆောင်ရွက်မယ်ဆိုရင် နောက်ဆုံးမှာအောင်မြင်နိုင်မှာပါ"ဟု ဆိုသည်။

အန်နီဟာသာဝေးအနေဖြင့် ကုလသမဂ္ဂ၏ အမျိုးသမီးသံအမတ်တစ်ဦး ဖြစ်သူ မင်းသမီး အမ်မာဝပ်ဆန်နှင့်အတူ လုပ်ငန်းများဆောင်ရွက်ရမည်ဖြစ်ပြီး အမ်မာဝပ်ဆန်အနေဖြင့် အနုပညာလုပ်ငန်းများကို တစ်ခန်းရပ်ခတ္တအနားယူကာ နိုင်ငံရေးလှုပ်ရှားမှုများကို အာရုံထားဆောင်ရွက်လျက်ရှိသည်။

မင်းသမီး အန်နီဟာသာဝေးအနေဖြင့် မတ်လအတွင်းက ၎င်း၏ သားဦးလေးကို မွေးဖွားခဲ့သည့် မိခင်တစ်ဦးလည်း ဖြစ်သည်။

# ဗီဒီယိုဂိမ်းကိုအခြေခံထားသည့် Warcraft ဇာတ်ကား




Warcraft ဇာတ်ကားသည် ဗီဒီယိုဂိမ်းတစ်ခုကို အခြေခံထားပြီး ဒါရိုက်တာ Duncan Jones ၏လက်ရာ အက်ရှင်ဇာတ်ကားတစ်ကား ဖြစ်သည်။ ယင်းဇာတ်ကားတွင် လူသားများနှင့် Orcs တို့အကြား ဖြစ်ပွားသည့် ဖြစ်ရပ်များကို ဗီဒီယိုဂိမ်းစီးရီးထဲအတိုင်း ထပ်တူကျစေရန် နေရာများစွာတွင် ရိုက်ကူးထားကြောင်း သိရသည်။

ယင်းဇာတ်ကား၏ ဇာတ်လမ်းမှာ လူသားတွေနေထိုင်ပြီး ယဉ်ကျေးမှုထွန်းကားနေသည့် Azeroth ဂြိုဟ်ကို လူသားများက ဦးဆောင်အုပ်ချုပ်နေပြီး အစစအရာရာအေးချမ်းနေချိန်တွင် ပြိုကွဲပျက်စီးနေသည့်ဂြိုဟ် Draenor တွင် Orc ဟုခေါ်သည့် သူရဲကောင်းများသည် ၎င်းတို့၏ နေရာသစ်အတွက် လူသားများ၏ Azeroth ဂြိုဟ်ကို တိုက်ခိုက်သိမ်းပိုက်ရန် ခြိမ်းခြောက်လာခဲ့သည်။

ဂြိုဟ်နှစ်ခုကို ချိတ်ဆက်ထားသည့် Dark Portal ဟုခေါ်သည့် ဂိတ်ပေါက်ဝတွင် ထိတွေ့ရင်ဆိုင်နေရသည့် လူသားများနှင့် Orc များကြားတွင် လူသားများအတွက် အပျက်အစီးများနှင့် ကြုံတွေ့ရပြီး Orc တွေအနေနဲ့တော့ ၎င်းတို့၏ဂြိုဟ်ပျက်စီးခြင်းကို အတူရင်ဆိုင်နေကြရသည်။

လူသားများနှင့် Orc တို့အကြား ထိပ်တိုက်ရင်ဆိုင်လာရသည့် ယင်းတိုက်ပွဲသည် လူသားများအတွက် ၎င်းတို့၏ အိုးအိမ်ကာကွယ်ဖို့ဖြစ်လာခဲ့ပြီး Orc တို့အတွက် နေရာသစ်နေစရာရှာဖွေရသည့် အဆုံးအဖြတ်တိုက်ပွဲဖြစ်လာရပုံကို စိတ်ကူးယဉ်ဆန်ဆန် ရိုက်ကူးတင်ဆက်ထားသည့် အက်ရှင်ဇာတ်ကားတစ်ကားဖြစ်သည်။

ယူနီဗာဆယ်ရုပ်ရှင်ထုတ်လုပ်ရေးမှ ထုတ်လုပ်သည့် အဆိုပါရုပ်ရှင်ကို ဇွန်လ လဆန်းပိုင်းက စတင်ဖြန့်ချိပြသခဲ့ကာ ဇာတ်ကားအတွက် ကုန်ကျစရိတ်မှာ အမေရိကန်ဒေါ်လာသန်း ၁၆၀ ရှိပြီး ယခုလက်ရှိအချိန်ထိ ရုံဝင်ငွေမှာ အမေရိကန်ဒေါ်လာ သန်း ၃၁၀ ကျော် ရှိပြီဖြစ်ကြောင်း သိရသည်။

# Shades of Blue ဇာတ်လမ်းတွဲတွင် ဂျေလိုနှင့်အပြိုင်သရုပ်ဆောင်မည့် မင်းသမီး အန်နာဂန်း



အမေရိကန်ရုပ်သံဇာတ်လမ်းတွဲတစ်ခုဖြစ်သည့် Breaking Bad မှုခင်းဒရမ်မာ ဇာတ်လမ်းတွဲဖြင့် နာမည်ကြီးလာခဲ့သူ သရုပ်ဆောင် အန်နာဂန်းက အင်န်ဘီစီရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသမည့် Shades of Blue မှုခင်းဒရမ်မာ ဇာတ်လမ်းတွဲတွင်လည်း မင်းသမီး ဂျနီဖာလိုပက်ဇ်နှင့်အပြိုင် ဇာတ်ရုပ်ဖြင့် ပါဝင်သရုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

Breaking Bad မှုခင်းဒရမ်မာ ဇာတ်လမ်းတွဲတွင် စကိုင်လာဗိုက်အဖြစ် လူသိများခဲ့သူ မင်းသမီး အန်နာသည် ယင်းဇာတ်ကားဖြင့် အမ်မီဆု နှစ်ဆုရရှိထားသူတစ်ဦးလည်းဖြစ်သည်။

မင်းသမီး အန်နီအနေဖြင့် အပိုင်း ၁၃ ပိုင်းပါဝင်သည့် Shades of Blue ဇာတ်လမ်းတွဲ၏ Season 2 တွင် ပါဝင်သရုပ်ဆောင်သွားမည်ဖြစ်သည်။

## ရုပ်မြင်သံကြားအစီအစဉ်များ

[၁၈- ၆ -၂၀၁၆ (စနေနေ့)]

### မြန်မာ့ရုပ်မြင်သံကြား News Channel

၆း၀၀ တောင်တန်းသာသနာပြု ဆရာတော်ကြီး ပရိတ်တရားတော်
၇း၃၅ Hyper Sports
၈း၃၅ "၁၉၅၆ ခုနှစ်ကတည်းက ထူထောင်ခဲ့သည့်မြန်မာ-မွန်ဂိုလီးယားနှစ်နိုင်ငံသံတမန် ဆက်ဆက်ဆံမှု ရှေးရှုမွန်ဂိုလီးယားနိုင်ငံသမ္မတနှင့်မြန်မာ့ ရုပ်မြင်သံကြားအထူးတွေ့ဆုံ မေးမြန်းခန်း"
၉း၃၅ Business News
၁၀း၃၅ ကဗျာရိပ်မြုံ"သားဆန္ဒ"
၁၁း၁၅ ဆေးဖက်ဝင်ဟင်းသီးဟင်းရွက်နှင့်ကျန်းမာရေး(ထန်းပင်)
၁၁း၃၅ ချစ်စရာ့အရွယ်ကစားကြမယ်
၁၂း၅၀ နိုင်ငံခြားဇာတ်လမ်းတွဲ "မင်္ဂလာပါဂင်ချီ" (အပိုင်း-၄၃)
၁း၃၅ "အဖေနဲ့သား"
၂း၃၀ အနုပညာသတင်းအစီအစဉ်
၃း၄၅ Ooerdoo MNL-1 2016 ဘောလုံး ပြိုင်ပွဲတိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (ဟံသာဝတီယူနိုက်တက်အသင်းနှင့် ရော်ဝတီယူနိုက်တက်အသင်း)
၆း၃၅ Tasty Trip
၇း၁၅ "ဒီမိုကရေစီစိတ်ထား"(အပိုင်း-၁) (ထွန်းထွန်းဝင်း၊ ဇေယျ၊ မျိုးသန္တာထွန်း၊ ခင်သန်းနွယ်) (ဒါရိုက်တာ-ကြည်စိုးထွန်း)
၈း၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၉း၀၀ -ပြည်တွင်းသတင်း
-ဂီတတံခါးလေးဖွင့်ပါဦး
-နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်တဲ့လား"(အပိုင်း-၁)
-ဂီတသမား ၊ဂီတစကား "နမော" (ဂီတစာဆို ဦးမောင်မောင်လတ်၊ ဦးဝင့်အောင်)

**မှတ်ချက်။ နာရီစဉ်တိုင်းတွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်းများ ထုတ်လွှင့်ပေးပါသည်။**

### MRTV- 4

၅း၀၀ ပဌာန်းပါဠိတော်+ပရိတ်နိဒါန်း၊ မင်္ဂလသုတ်
၅း၂၀ MRTV-4 သတင်း
၅း၄၀ "အလှဆင်စရာ ရတနာ" တရားတော်[ဆရာတော် အရှင်တိက္ခသာရ(သီတဂူ)]
၆း၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ထာဝရချစ်သူသည်သာ" (အပိုင်း-၉၆)
၇း၃၀ MRTV-4 သတင်း
၇း၅၀ ရန်ကုန်မြင်ကွင်းကျယ် (TECLAST New Product Launching Ceremony)
၉း၀၀ Drive It
၉း၂၅ ရန်ကုန်မြင်ကွင်းကျယ် (MK Fashion Shop Grand Opening Celebration )
၉း၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အချစ်သစ္စာတည်စေသော်" (အပိုင်း-၂၃)
၁၀း၁၅ ခေတ်သစ်ပျို့မေ
၁၁း၅ Star တို့ရဲ့လက်ရာ
၁၁း၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အသက်ကလေးရယ်ရှည်စေလို" (အပိုင်း-၉၇+၉၈)
၁း၀၀ "အလှဆင်စရာ ရတနာ" တရားတော် [ဆရာတော် အရှင်တိက္ခသာရ (သီတဂူ)]
၂း၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "ကံကံ၏အကျိုး" အတော့အလှည့် (အပိုင်း-၁)
၃း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ထာဝရချစ်သူသည်သာ"(အပိုင်း-၉၆)
၄း၀၅ Cartoon Series (Go Go Giggles)
၅း၃၅ ရှမ္မော်မဆုံးသည့် "ဧရာဝတီရခိုင်ပြည်"(အပိုင်း-၁)
၆း၀၀ MRTV-4 သတင်း
၆း၁၀ Health Fix
၆း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ထာဝရချစ်သူသည်သာ" (အပိုင်း-၉၇)
၇း၂၀ Let's Talk
၈း၀၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "ကံကံ၏အကျိုး" အတော့အလှည့် (အပိုင်း-၂)
၈း၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အချစ်သစ္စာတည်စေသော်" (အပိုင်း-၂၄)
၉း၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အသက်ကလေးရယ်ရှည်စေလို" (အပိုင်း-၉၉+၁၀၀)
၂း၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အချစ်သစ္စာတည်စေသော်" (အပိုင်း-၂၄)
၃း၃၀ MRTV-4 Stage
၃း၃၅ World of Knowledge (I Predator-Great White )

### mitv

07:26 Great Shwedagon- The Repository of Buddhist Scriptures and Archives
07:42 Conflict & Solution Between Man & Elephant
08:26 Kyauk Se Elephant Dance
08:49 Beach Food Delivery
09:26 Irrawaddy Dolphin (Part- I)
09:41 Young Artist: Maw Thu Da Nu
09:46 Betel Nut Farmer
10:25 The Richly Blessed Gem Land
10:51 Mon Traditional Wedding
07:26 Travelogue: A Tour in Korea (Part-4)
07:38 A Happy Visit to Zoological Garden (Nay Pyi Taw)
07:49 Today Myanmar: Alleviation of Betel Quid
08:26 "Myanmar Music Icon" Ko Nay Win, Creator of Myanmar Own Tune Songs (Episode-1)
08:54 Now in Yangon



# ဗာဒီနှင့် စတားရစ်တို့၏ သွင်းဂိုးများဖြင့် အင်္ဂလန်အသင်း ဝေလအသင်းကို အနိုင်ရရှိ

အင်္ဂလန်အသင်းသည် အုပ်စု(B)၏ အုပ်စုအဆင့်ဒုတိယပွဲစဉ်အဖြစ် ဝေလအသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ရာ ဗာဒီနှင့် စတားရစ်တို့၏ သွင်းဂိုးများဖြင့် ဝေလအသင်းကို အနိုင်ရရှိခဲ့သည်။

ယင်းပွဲစဉ်တွင် အင်္ဂလန်အသင်းသည် ဝေလအသင်းကို ဘောလုံးပိုင်ဆိုင်မှုအသာဖြင့် ကစားနိုင်ခဲ့သော်လည်း ပထမပိုင်းပွဲကစားချိန် ၄၂ မိနစ်တွင် ဝေလအသင်း တိုက်စစ်မှူး ဂါရတ်ဘေးလ်၏ အလွတ်တည်ကန်ဘောမှတစ်ဆင့် ဝေလအသင်းကို ဂိုးပေးလိုက်ရသည်။

ထို့ကြောင့် အင်္ဂလန်အသင်းနည်းပြ ရွိုင်းဟော့ဂ်ဆန်သည် ခြေစွမ်းပိုင်းကောင်းမွန်မှုမရှိသည့် တိုက်စစ်မှူး ဟယ်ရီကိန်းနေရာတွင် တိုက်စစ်မှူး ဗာဒီအား လူစားလဲခဲ့ပြီးနောက် ပွဲကစားချိန် ၅၆ မိနစ်တွင် ဗာဒီ၏ သွင်းဂိုးဖြင့် အင်္ဂလန်အသင်း ချေပဂိုးစတင်ရရှိခဲ့သည်။

အင်္ဂလန်အသင်းနှင့် ဝေလအသင်းတို့သည် အနိုင်ဂိုးသွင်းယူနိုင်ရေးအတွက် အကြိတ်အနယ် ကစားခဲ့ကြသော်လည်း သာမန်ပွဲကစားချိန် မိနစ် ၉၀ ပြည့်သည်အထိ ဂိုးသွင်းယူပေးနိုင်ခဲ့ခြင်းမရှိခဲ့ပေ။ သို့ရာတွင် အင်္ဂလန်အသင်းသည် ပွဲကစားချိန် ၉၁ မိနစ် (နာကျင်အချိန်ပို)တွင် တိုက်စစ်မှူး စတားရစ်၏ သွင်းဂိုးရရှိခဲ့ခြင်းကြောင့် အင်္ဂလန်အသင်းက ဝေလအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ထို့ကြောင့် အင်္ဂလန်အသင်းသည် အုပ်စု(B)တွင် တစ်ပွဲနိုင်၊ တစ်ပွဲသရေဖြင့် ရမှတ်လေးမှတ်ရရှိကာ အုပ်စုပထမ၊ ဝေလအသင်းသည် တစ်ပွဲနိုင်၊ တစ်ပွဲရှုံးဖြင့် ရမှတ်သုံးမှတ်ရရှိကာ အုပ်စုဒုတိယ၊ ဆလိုဗက်ကီးယားအသင်းသည် တစ်ပွဲနိုင်၊ တစ်ပွဲရှုံးဖြင့် ရမှတ်သုံးမှတ်ရရှိကာ အုပ်စုတတိယ၊ ရုရှားအသင်းသည် တစ်ပွဲသရေ၊ တစ်ပွဲရှုံးဖြင့် ရမှတ်တစ်မှတ်ရရှိထားကာ အုပ်စုအဆင့်အောက်ဆုံး၌ ရပ်တည်လျက်ရှိသည်။

အုပ်စု(B)၏ နောက်ဆုံးအဆင့်ပွဲစဉ်အဖြစ် ဇွန် ၂၀ ရက်တွင် ရုရှားအသင်းသည် ဝေလအသင်းနှင့်လည်းကောင်း၊ ဆလိုဗက်ကီးယားအသင်းသည် အင်္ဂလန်အသင်းနှင့် လည်းကောင်း အသီးသီးယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

**(ငွေကြယ်)**



# ယူကရိန်းအသင်း ယူရို ၂၀၁၆ ပြိုင်ပွဲမှ ထွက်ခဲ့ရပြီ

ယူရို ၂၀၁၆ ပြိုင်ပွဲ၏ အုပ်စု(C)တွင် ဂျာမနီအသင်းနှင့် ပိုလန်အသင်းတို့၏ ပွဲစဉ်တွင် ဂိုးမရှိသရေရလဒ်ဖြင့်သာ ပွဲပြီးဆုံးခဲ့ခြင်းကြောင့် ယူကရိန်းအသင်းမှာ ယူရိုပြိုင်ပွဲကို အုပ်စု အဆင့်မှာပင် စောစီးစွာထွက်ခဲ့ရပြီဖြစ်သည်။

ယူကရိန်းအသင်းသည် ထိုသို့စောစီးစွာပြိုင်ပွဲမှထွက်ခဲ့ရခြင်းသည် ယူရို ၂၀၁၆ ပြိုင်ပွဲ၏ ပထမဆုံးထွက်ခဲ့ရသည့်အသင်းလည်းဖြစ်လာခဲ့သည်။ ယူကရိန်းအသင်းသည် မြောက်အိုင် ယာလန်အသင်းအား နှစ်ဂိုးပြတ်ဖြင့် ရှုံးနိမ့်ခဲ့ရခြင်းကြောင့် အုပ်စုအဆင့်တွင် ရမှတ်အနည်းဆုံးဖြင့် အုပ်စုအောက်ဆုံးတွင် ရပ်တည်ခဲ့ရပြီး ဂျာမနီနှင့် ပိုလန်တို့ သရေပွဲဖြစ်ခဲ့ရခြင်းကြောင့် ပြိုင်ပွဲမှ စောစီးစွာထွက်ခဲ့ရခြင်းဖြစ်သည်။

လက်ရှိအုပ်စု(C)တွင် ဂျာမနီအသင်းသည် တစ်ပွဲနိုင်၊ တစ်ပွဲသရေဖြင့် ရမှတ်လေးမှတ် ရရှိထားပြီး ပိုလန်အသင်းသည်လည်း တစ်ပွဲနိုင်၊ တစ်ပွဲသရေဖြင့် ရမှတ်လေးမှတ်ရရှိထားခဲ့ သည်။ မြောက်အိုင်ယာလန်အသင်းသည်လည်း တစ်ပွဲနိုင်၊ တစ်ပွဲရှုံးဖြင့် ရမှတ်သုံးမှတ်ရရှိထား ပြီး ယူကရိန်းအသင်းမှာ ရမှတ်တစ်မှတ်မျှ မရယူနိုင်ခဲ့ပေ။

**(အလင်းသစ်)**

## ဇွန် ၁၈ ရက် ညကစားမည့် ယူရို ၂၀၁၆ အုပ်စုပွဲများ

# ဘယ်ဂျီယံနဲ့ ပေါ်တူဂီတို့ နိုင်ပွဲယူမယ့် ယူရိုပွဲစဉ်များ

**ယူရို ၂၀၁၆ ပြိုင်ပွဲရဲ့အုပ်စုဒုတိယပွဲစဉ်တွေကို ဇွန် ၁၈ ရက်ညမှာ ဆက်လက် ကျင်းပသွားမှာဖြစ်ပါတယ်။ အဆိုပါပွဲစဉ်တွေမှာတော့ ထိပ်တန်းအသင်းကြီးတွေဖြစ်တဲ့ ဘယ်ဂျီယံနဲ့ ပေါ်တူဂီတို့ရဲ့ ပွဲတွေပါဝင်နေတာကြောင့် စိတ်ဝင်စားဖို့ကောင်းနေပါတယ်။**

### ဘယ်ဂျီယံ - အိုင်ယာလန်

၁၈-၆-၁၆ ည ၇း၃၀

ဒီပွဲစဉ်ဟာ ဒုတိယမြောက်ပွဲစဉ် ဖြစ်လို့ နောက်တစ်ဆင့် တက်ရောက်နိုင်ဖို့အတွက် အရေးပါနေကာ နှစ်သင်းစလုံးနိုင်ပွဲရယူနိုင်ဖို့ အားစိုက်ကစားလာမှာဖြစ်တာကြောင့် ပိုမို အကြိတ်အနယ် ရှိလာမှာသေချာနေပါတယ်။ အထူးသဖြင့် အိုင်ယာလန်ဟာ အုပ်စုနောက်ဆုံးပွဲစဉ်မှာ အီတလီနဲ့ရင်ဆိုင်ရမှာဖြစ်တာကြောင့် ဒီပွဲစဉ်မှာ နိုင်ပွဲရယူထားနိုင်ပါမှ နောက်တစ်ဆင့်တက်ရောက်နိုင်ဖို့ မျှော်လင့်ချက်ရှိမှာ ဖြစ်ပါတယ်။ ဒါကြောင့်လည်း အိုင်ယာလန်အနေနဲ့ဒီပွဲစဉ်မှာ နိုင်ပွဲရယူနိုင်ဖို့အတွက် အားစိုက်ကစားလာမှာဖြစ်ပါတယ်။ လက်ရှိအချိန်မှာ အိုင်ယာလန်ဟာ အသင်းလိုက်ကစားပုံကောင်းမွန်မှုရှိပါတယ်။ အသင်းမှာ ပရီမီယာလိဂ်အခြေစိုက်ကစားမားကောင်းတွေ ပါဝင်နေသလို ရော်ဘီကိန်းလို ဝါရင့်တိုက်စစ်မှူးကြီးလည်း ရှိနေပါတယ်။ ဒါပေမယ့်လည်း အိုင်ယာလန်အနေနဲ့ ဘယ်ဂျီယံကို အနိုင်ယူနိုင်ဖို့တော့ ခက်ခဲမှုတွေရှိလာနိုင်ပါတယ်။ အထူးသဖြင့် ဘယ်ဂျီယံဟာ ကစားသမားအင်အားပိုင်းမှာ အိုင်ယာလန်ထက်ပိုမိုပြည့်ဝမှုရှိနေပါတယ်။ ဒ့ါအပြင် ဟာဇက်၊ ဖယ်လာနီ၊ နိုင်ဂိုလန်၊ ကာရက်စကို၊ ဒီဘရိုင်းတို့လို ကစားသမားတွေရှိနေတဲ့ ဘယ်ဂျီယံရဲ့ ကွင်းလယ်ပိုင်းဟာ အိုင်ယာလန်ရဲ့ ကွင်းလယ်ပိုင်းထက်ပိုမိုပြီး ကောင်းမွန်မှုရှိနေသလို တိုက်စစ်ပိုင်းမှာလည်း လူကာကူလိုတိုက်စစ်မှူးကောင်းပါ ရှိနေပါတယ်။ ဘယ်ဂျီယံပဲနိုင်မယ်။

### အိုက်စလန် - ဟန်ဂေရီ

၁၈-၆-၁၆ ည ၁၀း၃၀

၁၆ သင်းရှုံးထွက်အဆင့်ကို တက်ရောက်နိုင်ဖို့အတွက် ဒီအုပ်စုဒုတိယပွဲစဉ်မှာ နိုင်ပွဲရယူနိုင်ရေး အားစိုက်ကစားလာကြမှာဖြစ်သလို ဒီနှစ်သင်းရဲ့ခြေစွမ်းပိုင်းနဲ့ စုဖွဲ့မှုကလည်းကွာဟမှုမရှိတာကြောင့်ခြေစွမ်းပိုင်းညီမျှနေကာ ပွဲကလည်းအပြန်အလှန်တုန့်ပြန်ကစားမှုတွေနဲ့ ပိုမိုအကြိတ်အနယ် ရှိလာမှာသေချာနေပါတယ်။ လက်ရှိအချိန်မှာတော့ အိုက်စလန်ဟာ ခြေစွမ်းပိုင်းအရတည်ငြိမ်မှုမရှိဘူးလို့ ဆိုနိုင်ပါတယ်။ ခြေစစ်ပွဲတွေအတွင်းမှာ ခြေစွမ်းပြသနိုင်ခဲ့တဲ့ အိုက်စလန်ဟာ နောက်ပိုင်းပွဲတွေမှာတော့ ခြေစွမ်းကျဆင်းနေပါတယ်။ တိုက်စစ်ပိုင်းကလည်း အဆုံးသတ်ပိုင်းတည်ငြိမ်မှုမရှိတာကို တွေ့ရပါတယ်။ ဒါပေမယ့် အိုက်စလန်ဟာ အုပ်စုနောက်ဆုံးပွဲစဉ်မှာ ဩစတြီးယားနဲ့သာ ရင်ဆိုင်ရမှာ ဖြစ်တာကြောင့် ဒီပွဲမှာသာ အနိုင်ရထားရင် နောက်တစ်ဆင့်တက်နိုင်ဖို့အတွက် ပိုမိုအခွင့်သာသွားနိုင်တာကြောင့် ဒီပွဲမှာ နိုင်ပွဲရယူနိုင်ရေး အသင်းလိုက်အားနဲ့ ခြေကုန်ထုတ်ကစားလာမှာသေချာနေပါတယ်။ ဟန်ဂေရီအနေနဲ့လည်း အုပ်စုနောက်ဆုံးပွဲစဉ်ဟာ ပေါ်တူဂီနဲ့ဖြစ်နေတာကြောင့် နောက်တစ်ဆင့်တက်နိုင်ဖို့ဆိုရင် ဒီပွဲမှာမဖြစ်မနေအနိုင်ရထားဖို့ လိုအပ်တာကြောင့် နိုင်ပွဲရယူနိုင်ဖို့အား ကုန်ထုတ်ကစားလာဖို့လည်းရှိနေပါတယ်။ ဒါပေမယ့် ဆီဂတ်ဆန်၊ ဖင်ဘိုဂါဆန်၊ ဂန်းနားဆန်၊ ဘီဂျာနာဆန်တို့လို ကစားသမားတွေရှိနေတဲ့ အိုက်စလန်က ဟန်ဂေရီထက် ကစားသမားပိုင်းပိုပြည့်ဝနေပါတယ်။ ဟန်ဂေရီအမြင့်ဆုံး သရေပဲရယူနိုင်မယ်။

### ပေါ်တူဂီ - ဩစတြီးယား

၁၉-၆-၁၆ နံနက် ၁း၃၀

အုပ်စု(F)ရဲ့ အခြားအုပ်စုဒုတိယမြောက်ပွဲစဉ်တစ်ပွဲကို ဇွန် ၁၈ ရက်ညမှာ ယှဉ်ပြိုင်ကစားသွားဖို့ ရှိနေသလို အဆိုပါပွဲစဉ်မှာ နာမည်ကြီးပေါ်တူဂီနဲ့ ဩစတြီးယားတို့ ဆုံတွေ့နေတာကြောင့် စိတ်ဝင်စားဖို့ကောင်းနေပါတယ်။ အထူးသဖြင့် ပေါ်တူဂီအနေနဲ့ ဒီအုပ်စုဒုတိယမြောက်ပွဲစဉ်မှာနိုင်ပွဲရယူနိုင်ကာ နောက်တစ်ဆင့်တက်ရောက်နိုင်ဖို့ စွမ်းဆောင်နိုင်မလား ဆိုတာစောင့်ကြည့်ရမှာဖြစ်ပါတယ်။ အထူးသဖြင့် ဩစတြီးယားဟာ အသင်းကောင်းတစ်သင်းဖြစ်ပါတယ်။ ဩစတြီးယားမှာ ဂျူနူဇိုဗစ်၊ အာနူတိုဗစ်၊ ဟာနစ်၊ ဂျန်ကို၊ ဒရာဂိုဗစ်၊ ခရစ္စတီယန်ဖတ်ချ်တို့လို ကစားသမားကောင်းတွေရှိနေသလို အသင်းလိုက်ကစားပုံလည်း ကောင်းမွန်နေပါတယ်။ အထူးသဖြင့် ဩစတြီးယားဟာ တန်ပြန်တိုက်စစ်တွေကိုလည်း လျှင်လျှင်မြန်မြန် ကစားနိုင်တာကြောင့် ပေါ် တူဂီခံစစ်ကို ခြိမ်းခြောက်သွားနိုင်ဖို့ရှိနေပါတယ်။ ပေါ်တူဂီရဲ့ခံစစ်ပိုင်းမှာ ပီပီ၊ ကာဗယ်ဟို၊ ဘရူနိုအဲဗက်စ်တို့လို နာမည်ကြီးကစားသမားတွေရှိနေပေမယ့်လည်း အဆိုပါခံစစ်ကစားသမားအများစုဟာ သက်ကြီးကစားသမားတွေဖြစ်နေတာကြောင့် လျှင်မြန်တဲ့ဩစတြီးယားရဲ့ တန်ပြန်တိုက်စစ်တွေကို ထိန်းချုပ်နိုင်ဖို့ အခက်တွေ့နိုင်ပါတယ်။ ဒါပေမယ့်လည်း ပေါ်တူဂီမှာ မွန်တင်ဟို၊ နာနီ၊ ရီနာတိုဆန်းချက်ဇ်တို့လို တိုက်စစ်ကို ပံ့ပိုးနိုင်အားကောင်းတဲ့ ကစားသမားတွေအပြင် ရော်နယ်ဒိုလို ပွဲကိုအဆုံးအဖြတ်ပေးနိုင်တဲ့ ကမ္ဘာ့ထိပ်တန်းတိုက်စစ်မှူးလည်း ရှိနေတာကြောင့် ပေါ်တူဂီရဲ့ တိုက်စစ်ပိုင်းဟာလည်း ဩစတြီးယားခံစစ်ကို ပြန်လည်ဖိအားပေးနိုင်ဖို့ရှိနေပါတယ်။ ဒ့ါအပြင် ရော်နယ်ဒိုရှိနေတဲ့ ပေါ်တူဂီတိုက်စစ်ဟာ ဩစတြီးယားရဲ့ တိုက်စစ်ထက် အဆုံးသတ်ပိုမိုကောင်းမွန်လို့ ပေါ်တူဂီကသာကပ်ပြီး အနိုင်ရယူသွားနိုင်မှာပါ။

**ရွှင်းမင်းမင်း**

# မြန်မာ့ပိုင်နက်ပင်လယ်နှင့်ပင်လယ်ဇုန်များဥပဒေကြမ်း

**ယမန်နေ့မှအဆက်**

(ည) ကျောက်နက် (Black Rock)
မြောက်လတ္တီတွဒ် ၁၆° ၁၀' ၅၀"
အရှေ့လောင်ဂျီတွဒ် ၉၄° ၁၀' ၅၀"
(ဋ) ပုသိမ်မီးပြ (Pathein Light House)
မြောက်လတ္တီတွဒ် ၁၅° ၄၂' ၁၃"
အရှေ့လောင်ဂျီတွဒ် ၉၄° ၁၂' ၀၆"

၃။ **မုတ္တမပင်လယ်ကွေ့**

(က) ပုသိမ်မီးပြ ( Pathein Light House)
မြောက်လတ္တီတွဒ် ၁၅° ၄၂' ၁၃"
အရှေ့လောင်ဂျီတွဒ် ၉၄° ၁၂' ၀၆"
(ခ) ဟိန်းဇဲဘုတ်ကျွန်း၏ အနောက်ဘက်စွန်း
(Western Point of Heinze' Bok Island)
မြောက်လတ္တီတွဒ် ၁၄° ၂၄' ၁၅"
အရှေ့လောင်ဂျီတွဒ် ၉၇° ၄၆' ၀၂"

၄။ **တနင်္သာရီကမ်းရိုးတန်း**

(က) ဟိန်းဇဲဘုတ်ကျွန်း၏ အနောက်ဘက်စွန်း
(Western Point of Heinze' Bok )
မြောက်လတ္တီတွဒ် ၁၄° ၂၄' ၁၅"
အရှေ့လောင်ဂျီတွဒ် ၉၇° ၄၆' ၀၂"
(ခ) မောင်းမကန်ကျွန်းစု၏ မြောက်ကျွန်း
( North Island of Maungmagan Islands )
မြောက်လတ္တီတွဒ် ၁၄° ၀၉' ၀၀"
အရှေ့လောင်ဂျီတွဒ် ၉၇° ၄၆' ၅၄"
\ (ဂ) ထုံးတောင်ကျွန်း ( West Canister Island)
မြောက်လတ္တီတွဒ် ၁၂° ၄၁' ၃၀"
အရှေ့လောင်ဂျီတွဒ် ၉၇° ၄၃' ၄၀"
(ဃ) ကုရင်ကျွန်း၏ မြောက်ဘက်စွန်း
( Northern Point of Saurim Island )
မြောက်လတ္တီတွဒ် ၁၂° ၃၀' ၃၀"
အရှေ့လောင်ဂျီတွဒ် ၉၇° ၄၇' ၄၂"
(င) နာခံကျွန်း၏ အနောက်ဘက်စွန်း
( Western Point of Prinsep Island )
မြောက်လတ္တီတွဒ် ၁၂° ၀၃' ၀၃"
အရှေ့လောင်ဂျီတွဒ် ၉၇° ၃၈' ၀၀"
(စ) အနောက်စူလာကျွန်း၏ အနောက်ဘက်စွန်း
( Western Point of Great Western Torres)
မြောက်လတ္တီတွဒ် ၁၁° ၄၇' ၁၅"
အရှေ့လောင်ဂျီတွဒ် ၉၇° ၂၆' ၁၅"
(ဆ) မြောက်တော်ဝင်ကျွန်း၏ အနောက်မြောက်ဘက်စွန်း
( North Western Point of Myauk Taw Win Island )
မြောက်လတ္တီတွဒ် ၁၀° ၃၈' ၁၅"
အရှေ့လောင်ဂျီတွဒ် ၉၇° ၄၁' ၄၅"
(ဇ) တောင်တော်ဝင်ကျွန်း၏ အနောက်ဘက်စွန်း
(Western Point of Taung Taw Win Island)
မြောက်လတ္တီတွဒ် ၁၀° ၂၈' ၁၂"
အရှေ့လောင်ဂျီတွဒ် ၉၇° ၄၀' ၄၅"
(ဈ) အောက်ကျွန်းနီကျွန်း၏
(Auk kyun Ni Island)
မြောက်လတ္တီတွဒ် ၀၉° ၅၁' ၂၄"
အရှေ့လောင်ဂျီတွဒ် ၉၇° ၅၂' ၁၈"
(ည) တစ်ပင်တိုင်ကျွန်း၏
(Ta Bin Taing Island)
မြောက်လတ္တီတွဒ် ၀၉° ၄၀' ၄၅"
အရှေ့လောင်ဂျီတွဒ် ၉၇° ၅၄' ၃၀"
(ဋ) တောင်စွန်းကျွန်း၏ အနောက်ဘက်စွန်း
( Western Point of Taung Sune Island )
မြောက်လတ္တီတွဒ် ၀၉° ၃၅' ၅၄"
အရှေ့လောင်ဂျီတွဒ် ၉၇° ၅၈' ၁၂"

၅။ **ပရိပဲရစ်ကျွန်းအုပ်စု**

(က) နွားသားအမိကျွန်း၏အနောက်မြောက်ဘက်စွန်း
(North Western Point of Cow and Calf Island)
မြောက်လတ္တီတွဒ် ၁၄° ၅၆' ၀၇"
အရှေ့လောင်ဂျီတွဒ် ၉၃° ၃၈' ၄၆"
(ခ) အုန်းပင်ကျွန်း၏ အနောက်ဘက်စွန်း
( Western Point of Ohn Pin Island)
မြောက်လတ္တီတွဒ် ၁၄° ၅၂' ၁၅"
အရှေ့လောင်ဂျီတွဒ် ၉၃° ၃၄' ၀၈"
(ဂ) သဲဖြူကျွန်း၏ အနောက်မြောက်ဘက်စွန်း
(North Western Point of Thee Phyu Island)
မြောက်လတ္တီတွဒ် ၁၄° ၅၁' ၄၀"
အရှေ့လောင်ဂျီတွဒ် ၉၃° ၃၄' ၁၂"
(ဃ) ဆင်ကျွန်း၏ အနောက်မြောက်ဘက်စွန်း
(North Western Point of Sin Island)
မြောက်လတ္တီတွဒ် ၁၄° ၅၀' ၅၆"
အရှေ့လောင်ဂျီတွဒ် ၉၃° ၃၄' ၁၀"
(င) လူခေါင်းကျွန်း၏ အနောက်မြောက်ဘက်စွန်း
(North Western Point of Lu Gaung Island)
မြောက်လတ္တီတွဒ် ၁၄° ၄၇' ၂၄"
အရှေ့လောင်ဂျီတွဒ် ၉၃° ၃၂' ၅၉"
(စ) လူခေါင်းကျွန်း၏ တောင်ဘက်စွန်း
(Southern Point of Lu Gaung Island)
မြောက်လတ္တီတွဒ် ၁၄° ၄၇' ၀၈"
အရှေ့လောင်ဂျီတွဒ် ၉၃° ၃၃' ၀၀"
(ဆ) ပါလီပါလဲ့ကျွန်း၏ တောင်ဘက်စွန်း
(Southern Point of Preparis Island )
မြောက်လတ္တီတွဒ် ၁၄° ၅၀' ၁၇"
အရှေ့လောင်ဂျီတွဒ် ၉၃° ၃၆' ၄၀"
(ဇ) ပါလီပါလဲ့ကျွန်း၏ အရှေ့မြောက်ဘက်စွန်း
(North Eastern Point of Preparis Island )
မြောက်လတ္တီတွဒ် ၁၄° ၅၃' ၅၄"
အရှေ့လောင်ဂျီတွဒ် ၉၃° ၃၈' ၃၅"
(ဈ) နွားသားအမိကျွန်း၏ အရှေ့ဘက်စွန်း
(Eastern Point of Cow & Calf Island)
မြောက်လတ္တီတွဒ် ၁၄° ၅၅' ၅၂"
အရှေ့လောင်ဂျီတွဒ် ၉၃° ၃၉' ၀၆"

၆။ **ကိုကိုးကျွန်းအုပ်စု**

(က) မင်္ဂလာကျွန်း၏ အရှေ့မြောက်ဘက်စွန်း
(North Eastern Point of Mingala Island)
မြောက်လတ္တီတွဒ် ၁၄° ၁၁' ၃၃"
အရှေ့လောင်ဂျီတွဒ် ၉၃° ၂၂' ၂၀"
(ခ) ညှပ်ဖိနပ်ကျွန်း၏ အနောက်ဘက်စွန်း
(Western Point of Slipper Island )
မြောက်လတ္တီတွဒ် ၁၄° ၁၁' ၂၈"
အရှေ့လောင်ဂျီတွဒ် ၉၃° ၂၀' ၁၇"
(ဂ) ကိုကိုးလေးကျွန်း၏ အနောက်မြောက်ဘက်စွန်း
(North Western Point of Little Co Co Island)
မြောက်လတ္တီတွဒ် ၁၄° ၀၀' ၅၅"
အရှေ့လောင်ဂျီတွဒ် ၉၃° ၁၃' ၀၉"
(ဃ) ကိုကိုးလေးကျွန်း၏ တောင်ဘက်စွန်း
(Southern Point of Little Co Co Island)
မြောက်လတ္တီတွဒ် ၁၃° ၅၈' ၁၈"
အရှေ့လောင်ဂျီတွဒ် ၉၃° ၁၃' ၂၂"
(င) ချယ်ရီကျွန်း၏ တောင်ဘက်စွန်း
(Southern Point of Cherry Island)
မြောက်လတ္တီတွဒ် ၁၄° ၀၂' ၅၄"
အရှေ့လောင်ဂျီတွဒ် ၉၃° ၂၁' ၅၂"
(စ) ကိုကိုးကြီးကျွန်း၏ အရှေ့မြောက်ဘက်စွန်း
(North Eastern Point of Great Co Co Island)
မြောက်လတ္တီတွဒ် ၁၄° ၀၈' ၄၈"
အရှေ့လောင်ဂျီတွဒ် ၉၃° ၂၂' ၄၁"

**မှတ်ချက်။** ရခိုင်ကမ်းရိုးတန်း၊ မုတ္တမကွေ့၊ တနင်္သာရီကမ်းရိုးတန်းရှိ အခြေခံအမှတ်များ၏ ကိုသြဒိနိတ်များမှာ ၁၉၅၉ ခုနှစ်တွင် ထုတ်ဝေသော ဗြိတိသျှရေပုံအမှတ် (၈၂၄) နှင့် (၂၁၆-က)၊ ၁၉၆၀ ခုနှစ်တွင်ထုတ်ဝေသော ဗြိတိသျှရေပုံအမှတ် (၃၇၇၁)၊၁၉၆၄ ခုနှစ်တွင် ထုတ်ဝေသောဗြိတိသျှရေပုံအမှတ် (၈၂၁)နှင့် (၃၃၇၂)၊ ၁၉၇၅ ခုနှစ်တွင် ထုတ်ဝေထားသော ဗြိတိသျှရေပုံအမှတ် (၂၁၆) တို့မှ သတ်မှတ်ဖော်ပြထားခြင်း ဖြစ်ပါသည်။ ပါလီပါလဲ့ကျွန်းနှင့် ကိုကိုးကျွန်းတို့၏ Coordinates များကို WGS - 84 Datum ဖြင့် တိုင်းတာဖော်ပြထားပါသည်။

**နောက်ဆက်တွဲ (ခ)**

၁။ မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့အကြား ဖြစ်ပွားခဲ့သည့် ပင်လယ်ပြင်ဆိုင်ရာအငြင်းပွားမှုအား အပြည်ပြည်ဆိုင်ရာ ပင်လယ်ပြင်ဥပဒေဆိုင်ရာခုံရုံးမှ ၂၀၁၂ ခုနှစ်၊ မတ်လ ၁၄ ရက်နေ့တွင် ဆုံးဖြတ်ချက်ချမှတ်ပေးခဲ့သည့် ပင်လယ်နယ်နိမိတ်မျဉ်းမှ အောက်ဖော်ပြပါအမှတ်များကို ဆက်၍ ရေးဆွဲထားသော မျဉ်းဖြောင့်များဖြစ်သည်။ အမှတ် ၈ နှင့် အမှတ် ၉ ဆက်ဆွဲရာတွင်မူ စိန့်မာတင်ကျွန်းမှ ရေမိုင် ၁၂ မိုင် စက်ဝိုင်းအတိုင်းဖြစ်သည်။

(က) အမှတ် (၁) (Point 1)
မြောက်လတ္တီတွဒ် ၂၀° ၄၂' ၁၅. ၈"
အရှေ့လောင်ဂျီတွဒ် ၉၂° ၂၂' ၀၇. ၂"
(ခ) အမှတ် (၂) (Point 1)
မြောက်လတ္တီတွဒ် ၂၀° ၄၀' ၄၅. ၀"
အရှေ့လောင်ဂျီတွဒ် ၉၂° ၂၀' ၂၉. ၀"
(ဂ) အမှတ် (၃) (Point 1)
မြောက်လတ္တီတွဒ် ၂၀° ၃၉' ၅၁. ၀"
အရှေ့လောင်ဂျီတွဒ် ၉၂° ၂၁' ၁၁. ၅"
(ဃ) အမှတ် (၄) (Point 1)
မြောက်လတ္တီတွဒ် ၂၀° ၃၇' ၁၃. ၅"
အရှေ့လောင်ဂျီတွဒ် ၉၂° ၂၃' ၄၂. ၀"
(င) အမှတ် (၅) (Point 1)
မြောက်လတ္တီတွဒ် ၂၀° ၃၅' ၂၆. ၇"
အရှေ့လောင်ဂျီတွဒ် ၉၂° ၂၄' ၅၈. ၅"
(စ) အမှတ် (၆) (Point 1)
မြောက်လတ္တီတွဒ် ၂၀° ၃၃' ၁၇. ၈"
အရှေ့လောင်ဂျီတွဒ် ၉၂° ၂၅' ၄၆. ၀"
(ဆ) အမှတ် (၇) (Point 1)
မြောက်လတ္တီတွဒ် ၂၀° ၂၆' ၁၁. ၃"
အရှေ့လောင်ဂျီတွဒ် ၉၂° ၂၄' ၅၂. ၄"
(ဇ) အမှတ် (၈) (Point 1)
မြောက်လတ္တီတွဒ် ၂၀° ၂၂' ၄၆. ၁"
အရှေ့လောင်ဂျီတွဒ် ၉၂° ၂၄' ၀၉. ၁"
(ဈ) အမှတ် (၉) (Point 1)
မြောက်လတ္တီတွဒ် ၂၀° ၂၆' ၃၉. ၂"
အရှေ့လောင်ဂျီတွဒ် ၉၂° ၉' ၅၀. ၇"
(ည) အမှတ် (၁၀) (Point 1)
မြောက်လတ္တီတွဒ် ၂၀° ၁၃' ၀၆. ၃"
အရှေ့လောင်ဂျီတွဒ် ၉၂° ၀၀' ၀၇. ၆"
(ဋ) အမှတ် (၁၁) (Point 1)
မြောက်လတ္တီတွဒ် ၂၀° ၀၃' ၃၂. ၀"
အရှေ့လောင်ဂျီတွဒ် ၉၁° ၅၀' ၃၁. ၈"

**မှတ်ချက်။** အမှတ် (၁၁) မှစတင်၍ ၂၁၅ ဒီဂရီအတိုင်း ပင်လယ်ဘက်သို့ဆက်ဆွဲ၍ ဘင်္ဂလားဒေ့ရှ် - အိန္ဒိယ ပင်လယ်နယ်နိမိတ်မျဉ်းနှင့် တွေ့ဆုံသည့်နေရာအထိ ဖြစ်ပါသည်။ အမှတ်များ၏ Coordinates များကို WGS-84 Datum ဖြင့် တိုင်းတာ ဖော်ပြထားပါသည်။ ပင်လယ်နယ်နိမိတ်မှာ အခြေခံမျဉ်းမှ ပင်လယ်ဘက်သို့ ရေမိုင် (၂၀၀) အထိ သတ်မှတ်သည်။ သို့ရာတွင် ဘင်္ဂလားဒေ့ရှ်-မြန်မာနှစ်နိုင်ငံ နယ်နိမိတ်မျဉ်းနှင့် ဆက်စပ်နေရာများတွင် အဆိုပါ နယ်နိမိတ်မျဉ်းအထိ ဖြစ်သည်။

**မြန်မာ–အိန္ဒိယ ပင်လယ်ပြင်နယ်နိမိတ်**

၁။ ၁၉၈၆ ခုနှစ် ဒီဇင်ဘာ ၂၃ ရက်တွင် နှစ်နိုင်ငံ လက်မှတ်ရေးထိုးထားခဲ့သော မြန်မာ-အိန္ဒိယ ပင်လယ်ပြင်နယ်နိမိတ်မှာ အောက်ဖော်ပြပါ ပင်မအမှတ် (၁၆) မှတ်အား ဆက်သွယ်ထားသော မျဉ်းဖြောင့်များဖြစ်သည်။

(က) ပင်မအမှတ် (၁)
မြောက်လတ္တီတွဒ် ၀၉° ၃၈' ၀၀"
အရှေ့လောင်ဂျီတွဒ် ၉၅° ၃၅' ၂၅"
(ခ) ပင်မအမှတ် (၂)
မြောက်လတ္တီတွဒ် ၀၉° ၅၃' ၁၄"
အရှေ့လောင်ဂျီတွဒ် ၉၅° ၂' ၀၀"
(ဂ) ပင်မအမှတ် (၃)
မြောက်လတ္တီတွဒ် ၁၀° ၁၈' ၄၂"
အရှေ့လောင်ဂျီတွဒ် ၉၅° ၁၆' ၀၂"
(ဃ) ပင်မအမှတ် (၄)
မြောက်လတ္တီတွဒ် ၁၀° ၂၈' ၀၀"
အရှေ့လောင်ဂျီတွဒ် ၉၅° ၁၅' ၅၈"
(င) ပင်မအမှတ် (၅)
မြောက်လတ္တီတွဒ် ၁၀° ၄၄' ၅၃"
အရှေ့လောင်ဂျီတွဒ် ၉၅° ၂၂' ၀၀"
(စ) ပင်မအမှတ် (၆)
မြောက်လတ္တီတွဒ် ၁၁° ၄၃' ၁၇"
အရှေ့လောင်ဂျီတွဒ် ၉၅° ၂၆' ၀၀"
(ဆ) ပင်မအမှတ် (၇)
မြောက်လတ္တီတွဒ် ၁၂° ၁၉' ၄၃"
အရှေ့လောင်ဂျီတွဒ် ၉၅° ၃၀' ၀၀"
(ဇ) ပင်မအမှတ် (၈)
မြောက်လတ္တီတွဒ် ၁၂° ၅၄' ၀၇"
အရှေ့လောင်ဂျီတွဒ် ၉၅° ၄၁' ၀၀"
(ဈ) ပင်မအမှတ် (၉)
မြောက်လတ္တီတွဒ် ၁၃° ၄၈' ၀၀"
အရှေ့လောင်ဂျီတွဒ် ၉၅° ၀၂' ၀၀"
(ည) ပင်မအမှတ် (၁၀)
မြောက်လတ္တီတွဒ် ၁၃° ၄၈' ၀၀"
အရှေ့လောင်ဂျီတွဒ် ၉၃° ၅၀' ၀၀"
(ဋ) ပင်မအမှတ် (၁၁)
မြောက်လတ္တီတွဒ် ၁၃° ၃၄' ၁၈"
အရှေ့လောင်ဂျီတွဒ် ၉၃° ၄၀' ၅၉"
(ဌ) ပင်မအမှတ် (၁၂)
မြောက်လတ္တီတွဒ် ၁၃° ၄၉' ၁၁"
အရှေ့လောင်ဂျီတွဒ် ၉၃° ၀၈' ၀၅"
(ဍ) ပင်မအမှတ် (၁၃)
မြောက်လတ္တီတွဒ် ၁၃° ၅၇' ၂၉"
အရှေ့လောင်ဂျီတွဒ် ၉၂° ၅၄' ၅၀"
(ဎ) ပင်မအမှတ် (၁၄)
မြောက်လတ္တီတွဒ် ၁၄° ၀၀' ၅၉"
အရှေ့လောင်ဂျီတွဒ် ၉၂° ၅၀' ၀၂"
(ဏ) ပင်မအမှတ် (၁၅)
မြောက်လတ္တီတွဒ် ၁၄° ၁၇' ၄၂"
အရှေ့လောင်ဂျီတွဒ် ၉၂° ၂၄' ၁၇"
(တ) ပင်မအမှတ် (၁၆)
မြောက်လတ္တီတွဒ် ၁၅° ၄၂' ၅၀"
အရှေ့လောင်ဂျီတွဒ် ၉၀° ၁၄' ၀၁"

**မှတ်ချက်။** ကိုသြဒိနိတ်များမှာ နှစ်နိုင်ငံသဘောတူလက်မှတ်ရေးထိုးခဲ့သော ၁၉၇၆ ခုနှစ်ထုတ် အိန္ဒိယရေပုံ အမှတ်(၃၁) နှင့် ၁၉၇၉ ခုနှစ်ထုတ် ရေပုံအမှတ် (၄၁)တို့မှ ဖြစ်သည်။

**မြန်မာ–ထိုင်း ပင်လယ်ပြင်နယ်နိမိတ်**

၁။ ၁၉၈၀ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်နေ့တွင် နှစ်နိုင်ငံ လက်မှတ်ရေးထိုးခဲ့သော မြန်မာ-ထိုင်း ပင်လယ်ပြင်နယ်နိမိတ်မှာ အောက်ဖော်ပြပါ ပင်မအမှတ်(၉) မှတ်အား ဆက်သွယ်ထားသော မျဉ်းဖြောင့်များ ဖြစ်သည်။

(က) ပင်မအမှတ် (၁)
မြောက်လတ္တီတွဒ် ၀၉° ၃၂' ၁၅"
အရှေ့လောင်ဂျီတွဒ် ၉၇° ၅၆' ၂၀"
(ခ) ပင်မအမှတ် (၂)
မြောက်လတ္တီတွဒ် ၀၉° ၃၄' ၂၉"
အရှေ့လောင်ဂျီတွဒ် ၉၇° ၅၂' ၁၀"
(ဂ) ပင်မအမှတ် (၃)
မြောက်လတ္တီတွဒ် ၀၉° ၃၄' ၅၄"
အရှေ့လောင်ဂျီတွဒ် ၉၇° ၅၁' ၁၂"
(ဃ) ပင်မအမှတ် (၄)
မြောက်လတ္တီတွဒ် ၀၉° ၃၅' ၃၉"
အရှေ့လောင်ဂျီတွဒ် ၉၇° ၄၅' ၂၉"

**စာမျက်နှာ (၁၆) သို့**

ကြေးမုံ



စာမျက်နှာ (၁၅) မှ

(င) ပင်မအမှတ် (၅)
မြောက်လတ္တီတွဒ် ၀၉° ၃၆' ၀၂"
အရှေ့လောင်ဂျီတွဒ် ၉၇° ၄၃' ၂၉"

(စ) ပင်မအမှတ် (၆)
မြောက်လတ္တီတွဒ် ၀၉° ၃၇' ၂၄"
အရှေ့လောင်ဂျီတွဒ် ၉၇° ၃၇' ၃၆"

(ဆ) ပင်မအမှတ် (၇)
မြောက်လတ္တီတွဒ် ၀၉° ၄၀' ၃၅"
အရှေ့လောင်ဂျီတွဒ် ၉၇° ၂၆' ၃၆"


(ဇ) ပင်မအမှတ် (၈)
မြောက်လတ္တီတွဒ် ၀၉° ၄၅' ၃၀"
အရှေ့လောင်ဂျီတွဒ် ၉၆° ၂၉' ၃၅"

(ဈ) ပင်မအမှတ် (၉)
မြောက်လတ္တီတွဒ် ၀၉° ၃၈' ၀၀"
အရှေ့လောင်ဂျီတွဒ် ၉၅° ၃၅' ၂၅"

မှတ်ချက်။ ကိုဩဒိနိတ်များမှာ နှစ်နိုင်ငံလက်မှတ်ရေးထိုးခဲ့သော ၁၉၇၅ ခုနှစ်ထုတ် ဗြိတိသျှရေပုံအမှတ် (၃၀၅၂) နှင့် ဗြိတိသျှရေပုံအမှတ် (၈၃၀) တို့မှ ဖြစ်သည်။

**နောက်ဆက်တွဲ (ဂ)**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ထိုင်းနိုင်ငံများ၏ ပင်လယ်ပြင်နယ်နိမိတ်မျဉ်းများပြပုံ**



# ညောင်ရမ်းမင်းတည်ထားခဲ့သည့် မဟာမြတ်မုနိ(ခေါ်) စန္ဒာမုနိဘုရားကို ကြည်ညိုဖွယ်ဖူးတွေ့နိုင်

**ခ** တိမ်တမန်

မန္တလေးမြို့အနောက်တောင်ဘက် မိုင် ၂၀ အကွာ မြောက်လတ္တီတွဒ် ၂၁ ဒီဂရီ ၅၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ၅၇ မိနစ်၊ ပင်လယ်ရေမျက်နှာပြင်အထက် ၂၈၅ ပေ၊ ဒုဋ္ဌဝတီမြစ်နှင့် ဧရာဝတီမြစ်ဆုံရာနေရာကို သွားလိုက်သည်နှင့် သမိုင်းဝင်စိတ်ဝင်စားဖွယ်ရာ အင်းဝမြို့ဟောင်း တည်ရှိနေသည်။
ခရီးသွားဧည့်သည်များသည်သစ်ပင်လိုဏ်ဂူတန်း ဟု တင်စားထားသည့် အိုးတုတ္တန်းလမ်းကလေးမှ ဒုဋ္ဌဝတီမြစ်နံဘေးသို့သွားလေ့ရှိသည်။ ဝန်းကျင်တွင် တော့ အင်းဝတံတားခေါ် စစ်ကိုင်းတံတားနှင့်ဧရာဝတီမြစ်အလှတို့က ဆီးကြိုလျက်ရှိသည်။ ဒုဋ္ဌဝတီမြစ်ကမ်း အိုးတုတ္တန်းမှ စက်လှေဖြင့်ကူးတို့ကူးကာ ဧရာဝတီ မြစ်နှင့် ဒုဋ္ဌဝတီမြစ်ဆုံအလှကို စစ်ကိုင်းတံတားနောက်ခံဖြင့် လှပစွာရှုမြင်နေရသည်။

စက်လှေပေါ်မှဆင်းကာ တစ်ဖက်ကမ်းသို့တက်လိုက်သည်နှင့် အမျိုးသားများသာမက အမျိုးသမီးများပါ မောင်းနှင်သည့် ၁၀၀ ကျော်မျှရှိနေသော မြင်းလှည်းများက ဆီးကြိုနေလေ့ရှိသည်။ သတိုးမင်းဖျားက သက္ကရာဇ် ၇၂၆ တွင် စတင်တည်ခဲ့ကာ မင်းဆက် ၃၁ ဆက်ဖြင့် သက်တမ်းလေးရာခန့်ကြာမြင့်အောင် မြို့နန်းတည်ကာ ထီးနန်းစိုးစံခဲ့သည့်နေရာဖြစ်သည့်အားလျော်စွာ လေ့လာစရာစေတီများစွာဖြင့် ပြည့်နှက်လျက်ရှိသည်။ ခေတ်လေးခေတ်အဖြစ် ပိုင်းခြားတည်ရှိခဲ့ပြီး စာဆိုရှင်အကျော်အမော်များစွာ ထွက်ပေါ်ရာဒေသပင်ဖြစ်ပြီး လေ့လာစရာများစွာနှင့် ရှေးဟောင်းသမိုင်းဝင်စေတီပုထိုးများစွာတည်ရှိသည်။ ထိုအထဲတွင် ညောင်ရမ်းမင်း စတင်တည်ခဲ့ပြီး အနောက်ဘက်လွန်မင်းက ပြီးစီးအောင် ဆက်လက်တည်ထားခဲ့သည့် မဟာမြတ်မုနိ(ခေါ်) စန္ဒာမုနိဘုရားလည်း ပါဝင်သည်။

စန္ဒာမုနိစေတီမှာ အင်းဝမြို့အပြင်မြို့ရိုးအတွင်း လေးထပ်ကြီးကျောင်းအရှေ့ဘက်တွင် တည်ရှိသည်။ စေတီတော်ကို ညောင်ရမ်းမင်းက သက္ကရာဇ် ၉၆၄ ခု တန်ခူးလပြည့်ကျော် ၆ ရက်တွင် စတင်တည်ထားခဲ့သည်။

သားတော်အနောက်ဘက်လွန်မင်းက ပြီးစီးအောင် ဆက်လက်တည်ထားခဲ့ပြီး လုံးတော်ပြည့် ရွှေချခဲ့သော စေတီပင်ဖြစ်သည်။ ညောင်ရမ်းမင်းတို့ အင်းဝတွင် ဒုတိယအကြိမ် ပြန်လည်တည်ဆောက်စိုးစံခဲ့သော ညောင်ရမ်းမင်းတရားကြီးကို ဂုဏ်ပြုသည့်အနေဖြင့် အထွတ်အမြတ် ၁၂ ပွဲများ ပွဲသဘင်အခမ်းအနားများ ကျင်းပကြသည့်အခါတိုင်း မဟာမြတ်မုနိဘုရားအား ဦးတိုက်လေ့ရှိကြသည်။

အမရပူရမြို့တည် ဘိုးတော်ဗဒုံမင်းတရားသည် သံပိဿာချိန် ၁၁၃၆၈ ပိဿာဖြင့် သွန်းလုပ်ခဲ့သော ညဏ်တော် ၅ တောင် ၂ မိုက်ရှိ စန္ဒာမုနိရုပ်ပွားတော်ကို မင်းကွန်းတွင် သွန်းလုပ်ကာ အမရပူရမြို့သို့ ပင့်ဆောင်ပူဇော်ခဲ့သည်။ အင်းဝစတုတ္ထမြို့တည် ဘကြီးတော်မင်းတရားကြီးသည် သက္ကရာဇ် ၁၁၈၅ ဝါခေါင်လပြည့်ကျော် ၅ ရက်တွင် စန္ဒာမုနိရုပ်ပွားတော်ကို အမရပူရမှ အင်းဝသို့ပင့်ဆောင်ကာ မဟာမြတ်မုနိဘုရားရှေ့တွင် ဘုံခုနစ်ဆင့်ပြာသာဒ်ဖြင့် တည်ထားကိုးကွယ်ခဲ့သည်။ စန္ဒာမုနိရုပ်ပွားတော်မှာ သံဖြင့် အဦးဆုံးသွန်းလုပ်ခဲ့သည့် ရုပ်ပွားဆင်းတုတော်တစ်ဆူပင်ဖြစ်သည်။

နောက်ပိုင်းသက္ကရာဇ် ၁၂၀၀ ပြည့်နှစ်တွင် သာယာဝတီမင်းက စန္ဒာမုနိရုပ်ပွားတော်အား အင်းဝမှ အမရပူရသို့ ပြန်လည်ပင့်ဆောင်ကိုးကွယ်ခဲ့ပြီး မင်းတုန်းမင်းနန်းတက်ပြီးနောက် မြို့တော်ကို အမရပူရမှ မန္တလေးသို့ ပြောင်းရွှေ့သည့်အခါ စန္ဒာမုနိရုပ်ပွားတော်ကို အမရပူရမှ မန္တလေးသို့ ရွှေ့ပြောင်းပင့်ဆောင် ပူဇော်ခဲ့သည်။လက်ရှိကာလ အင်းဝဒေသတွင် သမိုင်းဝင် မဟာမြတ်မုနိ(ခေါ်) စန္ဒာမုနိဘုရားကို ကြည်ညိုဖွယ်ဖူးမြော်နိုင်သည်။

# ရက် ၁၀၀ စီမံချက်ဖြင့် တိရစ္ဆာန်ကျန်းမာရေး မွမ်းမံသင်တန်းဆင်း

**ရေနံချောင်း ဇွန် ၁၇**
မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ်တွင် ရက် ၁၀၀ စီမံချက်ဖြင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ မယ်ဖာလုံဖောင်ဒေးရှင်းတို့ပူးပေါင်း၍ တိရစ္ဆာန်ကျန်းမာရေး မွမ်းမံသင်တန်းဆင်းပွဲအခမ်းအနားကို ဇွန် ၁၅ ရက် ညနေ ၄ နာရီက မွေးကုဦးစီးဌာနရုံး၌ ကျင်းပခဲ့သည်။

သင်တန်းဆင်းပွဲအခမ်းအနားတွင် မြို့နယ်ဦးစီးအရာရှိ ဒေါက်တာအောင်မင်းနှင့် မယ်ဖာလုံဖောင်ဒေးရှင်း စီမံကိန်းတာဝန်ခံ ဦးမျိုးလှိုင်ဦးတို့က အမှာစကားပြောကြားပြီး ဒေါက်တာကျော်စိုးလင်း၊ ဒေါက်တာစုမွန်ကျော်၊ မယ်ဖာလုံဖောင်ဒေးရှင်းမှ ဒေါက်တာ မေသူအောင်၊ ဒေါက်တာထက်ထက်ခိုင်တို့က သင်တန်းဆင်းလက်မှတ်များ အသီးသီးပေးအပ်ခဲ့သည်။

အဆိုပါ တိရစ္ဆာန်ကျန်းမာရေးမွမ်းမံသင်တန်းကို နှစ်ရက်ကြာ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

**ရွှေမန်ကျည်း(ရေနံချောင်း)**

# လားရှိုးမြို့နယ်ကျေးရွာများအတွင်းရှိ တောင်သူလယ်သမားများလက်ဝယ်သို့ ဘိန်းအစားထိုးသီးနှံများ ပေးအပ်

**လားရှိုး ဇွန် ၁၇**
ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့နယ်အတွင်းရှိ တောင်သူလယ်သမားများသို့ ဘိန်းအစားထိုးသီးနှံများ ပေးအပ်ပွဲအခမ်းအနားကို ဇွန် ၁၅ ရက် မွန်းလွဲ ၁ နာရီက လားရှိုးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်ရာ လားရှိုးခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးဝင်းထင်စိုးက ဘိန်းအစားထိုးသီးနှံမျိုးစေ့၊ ပျိုးပင်၊ ဓာတ်မြေဩဇာများ အခမဲ့ဖြန့်ဝေပေးခြင်းအကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် လားရှိုးမြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးနေဝင်းထွန်းက ကျေးရွာများမှ တက်ရောက်လာသော တောင်သူလယ်သမားများအား ဘိန်းအစားထိုး သီးနှံပေးအပ်ရခြင်းနှင့်ပတ်သက်၍ လမ်းညွှန်အမှာစကား ပြောကြားခဲ့သည်။

ယင်းနောက် လားရှိုးမြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးအမ်ဇော်လက လားရှိုးမြို့နယ်အတွင်းရှိ တောင်သူလယ်သမားများအား ဘိန်းအစားထိုးသီးနှံအဖြစ် ပုလဲသွယ်မျိုးစပါး၊ လက်ဖက်ပျိုးပင်များနှင့် ဓာတ်မြေဩဇာများအား ပေးအပ်ရာ တောင်သူလယ်သမားများကိုယ်စား ကျေးရွာအုပ်ချုပ်ရေးမှူးတစ်ဦးက လက်ခံရယူခဲ့သည်။

စိုက်ပျိုးရေးဦးစီးဌာမှ လားရှိုးမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုပေါင်း ၂၀ သို့ ပုလဲသွယ်မျိုးစပါး ဧက ၈၀၊ အစေ့ထုတ်ပြောင်း ဧက၅၀ တို့အတွက် မျိုးစေ့များနှင့် ကွန်ပေါင်းဓာတ်မြေဩဇာအိတ် ၂၀၊ လက်ဖက်ပျိုးပင်ပေါင်း ၁၀၀၀၀ တို့ကို အခမဲ့ပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ကိုစိုင်း(လားရှိုး)**

# ရက်(၁၀၀) စီမံချက်ဖြင့် ရွှေကျင်မြို့နယ်အတွင်း ဆောင်ရွက်နေသော တံတားလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**ရွှေကျင် ဇွန် ၁၇**
ရက် ၁၀၀ စီမံချက်ဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ရွှေကျင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ကျောက်လုံးကြီးကျေးရွာ ကွန်ကရစ်တံတားတည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို မြို့နယ်ကျေးလက်ဦးစီးမှူး ဦးဟိန်းဇော်နှင့်အဖွဲ့က ဇွန် ၁၅ ရက်တွင် ကွင်းဆင်းစစ်ဆေးခဲ့သည်။

အဆိုပါကျောက်လုံးကြီးကျေးရွာတံတားသည် ယခင်ကသစ်သားတံတားဖြစ်ပြီး ယိုယွင်းပျက်စီးနေသဖြင့် ကွန်ကရစ်တံတားအဖြစ် အသစ်ပြန်လည်တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ ယင်းတံတားသည် ရွှေကျင်-ကျောက်လုံးကြီး-ကံဘေးအိုင်သွားလမ်းမပေါ်တွင် တည်ရှိပြီး တံတားပြီးစီးသွားပါက ဒေသခံပြည်သူများ ရာသီမရွေးသွားလာနိုင်မည်ဖြစ်ကြောင်းသိရသည်။

**နေလင်း(ညောင်လေးပင်)**

# ချောင်းဆုံမြို့နယ်၌ အသက်မွေးဝမ်းကျောင်းအထောက်အကူပြုသင်တန်းဖွင့်

**ချောင်းဆုံ ဇွန် ၁၇**
ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန်ရည်ရွယ်၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မွန်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ချောင်းဆုံမြို့နယ် ဒေါင်းရပ်အရှေ့ကျေးရွာ၌ အသက်မွေးဝမ်းကျောင်းအထောက်အကူပြုသင်တန်းကို ဇွန် ၉ ရက်က ဖွင့်လှစ်ခဲ့ရာ မွန်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး (နည်းပညာ)ဦးဝင်းနိုင်၊ ခရိုင်ဦးစီးမှူးနှင့် မြို့နယ်ဦးစီးမှူးတို့ တက်ရောက်ဖွင့်လှစ်ခဲ့သည်။ အဆိုပါသင်တန်းတွင် သင်တန်းသားဦးရေ ၇၀ တက်ရောက်ပြီး ဇွန် ၉ ရက်မှ ၁၆ ရက်အထိ စာတွေ့လက်တွေ့ပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

**မောင်သိန်း(ကျေးလက်)**

# ချည်မျှင်နှင့်အထည်လုပ်ငန်းရှင်များအသင်းဖွဲ့စည်းနိုင်ရန် ဗဟိုကော်မတီဝင်ပဏာမရွေးချယ်

**မန္တလေး ဇွန် ၁၇**
မြန်မာနိုင်ငံချည်မျှင်နှင့်အထည်လုပ်ငန်းရှင်များအသင်း ဖွဲ့စည်းနိုင်ရန်အတွက် ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်များ ပဏာမရွေးချယ်ခြင်း (အထက်မြန်မာပြည်)အခမ်းအနားကို ဇွန် ၁၆ ရက်က မန္တလေးမြို့ စက်မှုဇုန် ဖိုးရာဇာလမ်းကနောင်ခန်းမ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင်အသင်းဖွဲ့စည်းနိုင်ရေးအတွက်အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဒေါက်တာစိုးနိုင်နှင့် မြန်မာနိုင်ငံအထည်အလိပ်နှင့်အဝတ်အထည်ကဏ္ဍ အမျိုးသားပို့ကုန်မဟာဗျူဟာအကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌဦးသိန်းလွင်တို့က အသင်းဖွဲ့စည်းရခြင်းနှင့်ပတ်သက်၍ရှင်းလင်းပြောကြားခဲ့ပြီး အစည်းအဝေးတက်ရောက်လာသူလုပ်ငန်းရှင်များအနက် မြန်မာနိုင်ငံ ချည်မျှင်နှင့်အထည်လုပ်ငန်းရှင်များအသင်း ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် ၂၅ ဦးကို ပဏာမရွေးချယ်ခဲ့သည်။

အထည်အလိပ်နှင့်အဝတ်အထည်ဆိုင်ရာအထူးဇုန်တည်ထောင်နိုင်ရေးနှင့် ပို့ကုန်များ နိုင်ငံတကာသို့တင်ပို့ရောင်းချနိုင်ရန်ရည်ရွယ်ဖွဲ့စည်းခြင်းဖြစ်ပြီး ပြည်ပနိုင်ငံများမှနည်းပညာရပ်များကိုလေ့လာ၍ လုပ်ငန်းရှင်အချင်းချင်းရင်းနှီးစွာဆက်ဆံလာစေနိုင်မည့်အကျိုးကျေးဇူးများရရှိလာနိုင်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံအထည်အလိပ်နှင့်အဝတ်အထည်ကဏ္ဍ အမျိုးသားပို့ကုန်မဟာဗျူဟာအကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌဦးသိန်းလွင်က ပြောသည်။

အဆိုပါအခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့်ချင်းပြည်နယ်တို့မှ ချည်မျှင်နှင့်အထည်အလိပ်ပုဂ္ဂလိကလုပ်ငန်းရှင် စုစုပေါင်း၂၁၅ ဦး တက်ရောက်ခဲ့ကြပြီး ဇွန် ၂၃ ရက်တွင်အောက်မြန်မာပြည်ဗဟိုကော်မတီဝင်ပဏာမရွေးချယ်ပွဲကို ရန်ကုန်မြို့တွင် ကျင်းပသွားမည်ဖြစ်ကာ နောက်ဆုံးရွေးချယ်ပွဲကို နေပြည်တော်တွင် ကျင်းပသွားမည်ဖြစ်ကြောင်းသိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အကြို ပညာပေးဟောပြောပွဲနှင့် ဓာတ်ပုံပြပွဲပြုလုပ်

**ကော့သောင်း ဇွန် ၁၇**
အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အကြို အသိပညာပေးဟောပြောပွဲနှင့် ဓာတ်ပုံပြပွဲအခမ်းအနားကို ဇွန် ၁၅ ရက် မွန်းလွဲပိုင်းက ကော့သောင်းမြို့ အေးမြကန်သာရပ်ကွက် မူလတန်းလွန်ကျောင်း၌ ပြုလုပ်ခဲ့သည်။

အသိပညာပေးဟောပြောပွဲတွင် ကော့သောင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်မေဇင်ဦးနှင့် ဝန်ထမ်းများက အဆိုပါကျောင်းများရှိ ကျောင်းသား၊ ကျောင်းသူများအား ဇွန် ၂၆ ရက်တွင်ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အကြို အထိမ်းအမှတ်အဖြစ် မူးယစ်ဆေးဝါး၏ ဆိုးကျိုးများ၊ မူးယစ်ဆေးဝါးအကြောင်း သိကောင်းစရာများ၊ နိုင်ငံတော်မှ အမျိုးသားရေးတာဝန်အဖြစ် မူးယစ်ဆေးဝါးပပျောက်ရေးအတွက် တိုက်ဖျက်ရေးလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများအား အသိပညာပေးဟောပြောခဲ့သည်။

ယင်းနောက် မူးယစ်ဆေးဝါးအန္တရာယ် ဆိုးကျိုးများနှင့် သက်ဆိုင်သည့် ပညာပေး ရောင်စုံဓာတ်ပုံများ၊ ပညာပေးစာစောင်များ၊ ရုပ်ပုံကားချပ်များအား ခင်းကျင်းပြသရာ ကျောင်းသား၊ ကျောင်းသူများ စိတ်ပါဝင်စားစွာလေ့လာကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**ကျော်စိုး (ကော့သောင်း)**

## နှစ်ပေါင်း ၅၀၀ ကျော် သက်တမ်းရှိ ဥမင်လိုဏ်ဂူအတွင်းမှ နံရံဆေးရေးပန်းချီကားများ လက်ရာမပျက်ရှိနေသေးသော်လည်း ဥမင်လိုဏ်ဂူမှာပျက်စီးပြိုကျနေသဖြင့်ပြုပြင်ရန်လိုအပ်နေ

**မလှိုင် ဇွန် ၁၇**
အင်းဝခေတ်တွင် ဗုဒ္ဓဘာသာအခွန့်ရှည်တည်တံ့အောင် သာသနိကအဆောက်အအုံများ တည်ဆောက်ခဲ့ကြရာ စေတီ၊ ဂူဘုရား၊ အုတ်ကျောင်း၊ ဥမင်၊ ပိဋကတ်တိုက်၊ သိမ်၊ ပြာသာဒ် စသည်များရှိသည့် အနက် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နှင့် (၁၀) မိုင်ခန့်ကွာဝေးသည့် မလှိုင်မြို့နယ် မြင်းတွင်းအုပ်စု ကွင်းအမှတ် (၁၁၉) ၌ အင်းဝခေတ်က တည်ဆောက်ခဲ့သော နှစ်ပေါင်း ၅၀၀ ကျော် သက်တမ်းရှိ ဥမင်လိုဏ်ဂူအတွင်းတွင် ရှေးမူလက်ရာမပျက်နံရံဆေးရေးပန်းချီကားများမှာ လက်ရာမပျက်ရှိနေသော်လည်း ဥမင်လိုဏ်ဂူမှာ ပြိုကျပျက်စီးနေသောကြောင့် အမြန်ဆုံးပြုပြင်ပေးရန် ဒေသခံများ လိုလားနေကြောင်း သိရသည်။

"ဥမင်လိုဏ်ဂူမှာ သမိုင်းအထောက်အထားအနေဖြင့် ကိုးချောင်းလက်ာ တစ်ပုဒ်သာကျန်ရှိခဲ့ပါတယ်။ ၎င်းလက်ာမှာ 'အစ၊ အဥ၊ ဒွေးပဥ္စ၊ မြင်းတွင်းဒါမ၊ ကံတောင်စ၊ တည်ထား ဥမင်သာ' ဟု ဖော်ပြခဲ့သဖြင့်ဥမင်လိုဏ် တည်ဆောက်သည့်ခုနှစ်မှာဆိုရင် ခန့်မှန်း (၈၂၅)ခုနှစ် ဖြစ်ပါတယ်။ ထူးခြားမှုအနေဖြင့် ရှေးလူကြီးများရဲ့ ပြောပြချက်အရ ၎င်းဂူအတွင်း၌ သီတင်းသုံးနေထိုင်ခဲ့သော တောကျောင်းဆရာတော်ဘုရား ဘဒ္ဒန္တစိတ္တဆရာတော် ပျံလွန်တော်မူသောအခါ မှောင်မည်းနေတဲ့ဂူမှာ တစ်ဂူလုံး အလင်းရောင်ရရှိခဲ့ဖူးပါတယ်လို့သိရပါတယ်။

ဒီကွင်းအမှတ် (၁၁၉)ကွင်းမှာ တည်ရှိနေတဲ့ ဥမင်လိုဏ်ဂူဟာအင်းဝခေတ်က တည်ဆောက်ခဲ့ခြင်းဖြစ်တယ်လို့ ရှေးလူကြီးများရဲ့ပြောပြချက်အရ သိရပါတယ်။ ဂူဟာယခုအခါမှာ ပြိုကျပျက်စီးနေသော်လည်း ဂူအတွင်းမှာရှိတဲ့နံရံဆေးရေးပန်းချီကားများဟာရှေးမူလက်ရာမပျက်တည်ရှိနေပါတယ်"ဟု အဆိုပါကျေးရွာမှ အုပ်ချုပ်ရေးမှူးက ပြောသည်။

ယင်းကြောင့် ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်လက်ရာများကို ထိန်းသိမ်းကာကွယ်နိုင်ရန်အတွက် နှစ်ပေါင်း ၅၀၀ ကျော်ကြာမြင့်နေပြီဖြစ်သည့် ဥမင်လိုဏ်ဂူကို ပြုပြင်ပေးရန်ဒေသခံ ပြည်သူများက လိုလားနေခြင်းဖြစ်သည်။



**ကျော်ကျော်(မလှိုင်)**

## ညောင်လေးပင်မြို့ မြို့ပြဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲနိုင်ရေးဆွေးနွေး

**ညောင်လေးပင် ဇွန် ၁၇**
နေပြည်တော်ရှိ ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဌာန မြို့ပြနှင့် ဒေသဖွံ့ဖြိုးရေးဌာနခွဲ ဒုတိယညွှန်ကြားရေးမှူး ဦးစိန်ဝင်းနှင့်အဖွဲ့သည် ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့ မြို့ပြစီမံကိန်းရေးဆွဲနိုင်ရန် မြို့နယ်ရှိဌာနဆိုင်ရာတာဝန်ရှိသူများနှင့်ဇွန် ၁၄ ရက် ညနေ ၃ နာရီကတွေ့ဆုံပြီး ဒုတိယညွှန်ကြားရေးမှူးက မြို့ပြဖွံ့ဖြိုးရေး တည်ဆောက်မှု ပုံစံထဲတွင်ပါဝင်သော အဆိုပြုစီမံကိန်းများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီးနောက် တက်ရောက်လာသူများနှင့်ဆွေးနွေးညှိနှိုင်းခဲ့သည်။

ယင်းမြို့ပြစီမံကိန်းနှင့်ပတ်သက်၍ မြို့ပြနှင့် ဒေသဖွံ့ဖြိုးရေးဌာနခွဲ လက်ထောက်ညွှန်ကြားရေးမှူးဒေါ်အိမ်နန်းမေက "ကျွန်မတို့က မြို့တွေစနစ်တကျဖွံ့ဖြိုးတိုးတက်ဖို့ ရည်ရွယ်ပြီး ပညာရပ်ပိုင်းဆိုင်ရာစီမံခန့်ခွဲပေးတာပါ။ ၁၁ ရက် ၁၁ နာရီမှာ ညောင်လေးပင်မြို့ကိုရောက်ပါတယ်။ ရောက်ရောက်ချင်းပဲ ဌာနဆိုင်ရာတာဝန်ရှိသူတွေနဲ့ မြို့ပြဖွံ့ဖြိုးရေး စီမံကိန်းရေးဆွဲနိုင်ဖို့ ဆွေးနွေးပါတယ်။ ဆွေးနွေးချက်တွေပေါ် မူတည်ပြီး မြို့ပြဖွံ့ဖြိုးရေးတည်ဆောက်မှု ပုံစံထွက်ပေါ်လာတယ်။ အဲဒီထဲမှာ မြို့ရှောင်လမ်း၊ မြို့ပတ်လမ်း ဝန်ထမ်းအိမ်ရာတွေပါတယ်။ အခုမြေပုံပေါ်မှာမြင်တွေ့ရတဲ့အတိုင်း အတိအကျဖြစ်လာလိမ့်မယ်လို့ မမှတ်ယူစေချင်ဘူး။ ဘာဖြစ်လို့လည်းဆိုတော့ ဒါကအဆိုပြုစီမံကိန်းပုံစံပဲရှိသေးတယ်။

'ဒီနေ့ တက်ရောက်လာတဲ့ဌာနဆိုင်ရာတာဝန်ရှိသူတွေကို ဒီအဆိုပြုစီမံကိန်းကို ထပ်ရှင်းပြမယ်။ ဝိုင်းဝန်းဆွေးနွေးခိုင်းပြီး အဆိုပြုစီမံကိန်းထဲဘာတွေ ထပ်ဖြည့်ချင်လဲ။ ဘယ်လိုအကြံပြုချင်လဲစီမံကိန်းအတွက် ပြည့်စုံအောင် အချက်အလက်ထပ်ယူတဲ့သဘောပါ။ ဒီဆွေးနွေးပွဲကရတဲ့အချက်အလက်တွေနဲ့ ရေးဆွဲထားတဲ့ မြို့ပြဖွံ့ဖြိုးရေးစီမံကိန်းကို တိုင်းဒေသကြီးဝန်ကြီးချုပ်ကိုတင်မယ်။ ဝန်ကြီးချုပ်က ဖြည့်စွက်ပြင်ဆင်ပြီးတဲ့ မြို့ပြစီမံကိန်းကို ပြည်ထောင်စုဝန်ကြီးကို ဆက်တင်ပြီး ပြည်ထောင်စုဝန်ကြီးက ခွင့်ပြုပြီး သက်ဆိုင်ရာတိုင်းဒေသကြီးဝန်ကြီးချုပ်ကို ပြန်လည်ညွှန်ကြားမှာပါ" ဟု ပြောသည်။

အဆိုပြု မြို့ရှောင်လမ်းမှာ ရန်ကုန်-မန္တလေးကားလမ်း မိုင်တိုင်အမှတ်၉၁/၆ မှစတင်၍ ၁၀၀/၀ထိ ၇ မိုင် ၃ဖာလုံ ရှိသည်။ အဆိုပြုဝန်ထမ်းအိမ်ရာနှစ်လုံးမှာ မြို့မ ၂ ရပ်ကွက်တွင် လျာထားပြီး အခန်းပေါင်း ၁၇၆ ခန်းပါဝင်မည်ဖြစ်သည်။ အဆိုပြုမြို့ဧရိယာ ၂၆၀၈ ဒသမ ၀၈ ဧက လက်ရှိမြို့ဧရိယာ ၁၄၀၉ ဒသမ ၇၆ ဧက အနာဂတ်စီမံကိန်းဧရိယာ ၉၅ ဒသမ ၃၈ ဧကဖြစ်ကြောင်း သိရသည်။

**မြို့နယ်ပြန်ဆက်**

## ကျောက်ပန်းတောင်းမြို့နယ်တွင် လွှတ်တော်ရန်ပုံငွေ ကျပ်သိန်း ၁၀၀၀ ဖြင့် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများဆောင်ရွက်ရန် ညှိနှိုင်းဆွေးနွေး

**ကျောက်ပန်းတောင်း ဇွန် ၁၇**
မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်တွင် လွှတ်တော်ရန်ပုံငွေကျပ်သိန်း ၁၀၀၀ ဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သော ရေရရှိရေး၊ ကျေးရွာချင်းဆက်လမ်းများ ပြုပြင်ရေးနှင့် အများနှင့်ဆိုင်သောလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရေး လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို ဇွန် ၁၅ ရက် နံနက် ၉ နာရီခွဲက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စကားဝါမြေခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးခွန်ကျော်ရန်က နှုတ်ခွန်းဆက် အမှာစကားပြောကြားပြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရွှေကိုက ဆွေးနွေးပြောကြားရာတွင် အမြင်တူခြင်းမတူခြင်းများကိုဘေးဖယ်ထား၍ ပါတီစွဲဝါဒစွဲမထားဘဲ မိမိတို့ဒေသ၊ မိမိတို့မြို့နယ်တိုးတက်ဖွံ့ဖြိုးရေးကိုသာဦးတည်ပြီး၊ အတူလက်တွဲလုပ်ဆောင်သွားကြရန် ဆွေးနွေးမှာကြားခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဦးအေးခိုင်က ရှင်းလင်းဆွေးနွေးရာတွင် ယခုရရှိမည့် လွှတ်တော်ရန်ပုံငွေကျပ် သိန်း ၁၀၀၀ မှာ မည်သည့်ပါတီ၊မည်သည့် အဖွဲ့အစည်းကမှ ထောက်ပံ့ပေးအပ်သည့်ငွေမဟုတ်ဘဲ၊ မိမိတို့ ပြည်သူများထံမှရရှိသည့် ပြည်သူပိုင်ငွေများသာဖြစ်ကြောင်း၊ သိန်း ၁၀၀၀ဆိုသည်မှာလည်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းငယ်များကို ဖြန့်ကြက်လုပ်ဆောင်ရမည်ဖြစ်သဖြင့် ရရှိသည့်ငွေမှာ ပြောပလောက်မည်မဟုတ်သော်လည်း၊ ကျေးရွာတာဝန်ခံများအနေဖြင့် အမှန်တကယ်လိုအပ်သောလုပ်ငန်းများကိုသာ တင်ပြတောင်းခံပြီး၊ သက်ဆိုင်ရာဌာနများနှင့်ပူးပေါင်းဆောင်ရွက်သွားကြရမှာဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် တက်ရောက်လာသည့် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများနှင့် ကျေးရွာခွဲတာဝန်ခံများကတင်ပြသည်များကို လွှတ်တော်ကိုယ်စားလှယ်များကပြန်လည်ရှင်းလင်း ဆွေးနွေးခဲ့ကြသည်။

**ကိုနေ(ကျောက်ပန်းတောင်း)**

## ငါးမွေးကန်များရေကြီးရေလျှံမှုများမှ ကာကွယ်ရန်အသိပညာပေးဟောပြော

**မြဝတီ ဇွန် ၁၇**
ကရင်ပြည်နယ် မြဝတီခရိုင် မြဝတီမြို့နယ်အတွင်း ငါးမွေးမြူရေးကန်များ သဘာဝဘေးအန္တရာယ် ကြောင့် ရေကြီးရေလျှံမှုများမှ ကြိုတင်ကာကွယ်ရန်အတွက် အသိပညာပေး ဟောပြောပွဲကို မြဝတီမြို့ မေတ္တာလင်းမြိုင်ကျေးရွာတွင် ဇွန် ၁၂ ရက်က ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဟောပြောပွဲတွင် ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဒေါက်တာဝင်းမြင့်က ယခုလက်ရှိကာလတွင် မိုးအဆက်မပြတ်ရွာသွန်းလျက်ရှိရာ ငါးမွေးမြူရေးကန်များ ရေကြီးရေလျှံမှုများကြောင့် ဆုံးရှုံးမှုများ မဖြစ်ပေါ်စေရေးအတွက် ကန်ပေါင်များ မြှင့်တင်ခြင်း၊ မြေသားများထပ်ဖို့ခြင်း၊ ကန်ပေါင်ရေကျော်ပါက မွေးမြူရေးငါးများမဆုံးရှုံးစေရန် ကန်ပေါင်ပေါ်တွင် ဇာပြာပိုက်များ ကာရံထားရှိခြင်း၊ ရေလွှဲမြောင်း ဖောက်လုပ်ခြင်းများ ဆောင်ရွက်နိုင်ရေးအတွက် ကျေးရွာလူထုအား အသိပညာပေးဟောပြောခဲ့သည်။

ဟောပြောပွဲသို့ ကျေးရွာအုပ်စုနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ဒေသခံပြည်သူ ၆၀ ခန့် တက်ရောက်ပြီး မေတ္တာလင်းမြိုင်ကျေးရွာတွင် လက်ခတ်တောင်သဘာဝရေထွက်မှ ရေကိုအသုံးပြု၍ ငါးမွေးမြူရေးကန် ၁၁ ကန်၊ ၁၅ ဧကတွင် ငါးများမွေးမြူလျက်ရှိကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**



## မီးဖိုချောင်ထွက်အမှိုက်များအား မြေကျင်းတူးစွန့်ပစ်စနစ်ကျင့်သုံးနေခြင်းအား ကွင်းဆင်းကြည့်ရှု

**ကျောက်တံခါး ဇွန် ၁၇**
ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသန်းဦး၊ တာဝန်ခံအင်ဂျင်နီယာ ဦးစိုးမင်းတို့ ကြီးကြပ်၍ စည်ပင်ဝန်ထမ်းများသည် မီးဖိုချောင်ထွက်အမှိုက်များအား စက်ယန္တရားကြီးများဖြင့် မြေကျင်းတူး၍ စွန့်ပစ်သည့်စနစ်ကို ဇွန် ၁၅ ရက် မွန်းလွဲ ၂ နာရီက ကျောက်တံခါးမြို့ အမှိုက်စွန့်ပစ်နေရာတွင် ဆောင်ရွက်ခဲ့သည်။

ယင်းသို့ ဆောင်ရွက်ရာ၌ကျောက်တံခါးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဦး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းနိုင်တို့က လာရောက်ကြည့်ရှုကာ ကျောက်တံခါးမြို့ သန့်ရှင်းသာယာလှပရေးနှင့် အမှိုက်များစည်းကမ်းတကျ စွန့်ပစ်နိုင်ရေး ယခုကဲ့သို့ မြေကျင်းတူးစွန့်ပစ်စနစ်များ ဆက်လက်ဆောင်ရွက်သွားနိုင်ရေးကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဦးက ပြောကြားခဲ့သည်။

**ခင်ကို(ကျောက်တံခါး)**

## ဝါးခယ်မမြို့နယ်တွင် ဌာနဆိုင်ရာများမှ ရက် ၁၀၀ စီမံချက်အား အရှိန်အဟုန်မြှင့် ဆောင်ရွက်

**ဝါးခယ်မ ဇွန် ၁၇**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးဝင်းအတွင်း ဖွင့်လှစ်ထားရှိသော ပြည်သူ့ဝန်ဆောင်မှု (OSS) ရုံး၏ ဌာန ၁၀ ခုမှ ရုံးလုပ်ငန်းများနှင့်ပတ်သက်ပြီး ဒေသခံပြည်သူများ၏ လိုအပ်ချက်များကို တစ်နေရာထဲတွင် ပြည့်စုံစွာ အရှိန်အဟုန်မြှင့် ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထက်အောင်ဖြိုး၏ ဦးဆောင်မှုဖြင့် ဘဲချောင်းကျေးရွာအုပ်စုမှ ဒေသခံပြည်သူ အိမ်ထောင်စု ၅၁ စုအား ကျေးရွာမြေငှားဂရန် ထုတ်ပေးနိုင်ရန် ကွင်းဆင်းဆေးမှုများ ပြုလုပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ထို့ပြင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့အနေဖြင့် ဝါးခယ်မမြို့နယ်အတွင်း မြို့သန့်ရှင်းသာယာလှပစေရေး၊ ရေစီးရေလာကောင်းမွန်စေရေး လုပ်ငန်းများကို နေ့စဉ် ဆောင်ရွက်ပေးသကဲ့သို့ အပတ်စဉ် စနေနေ့တိုင်း မြို့ပေါ်ရပ်ကွက်များတွင် အထူးသန့်ရှင်းရေးအနေဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ လမ်းဦးစီးဌာနအနေဖြင့် တံတားအတက်အဆင်း ကတ္တရာလမ်း မြေညှိခြင်းလုပ်ငန်းအတွက် ဝါးခယ်မကြိုးတံတားအား ခွင့်ပြုရန်ပုံငွေ ၃၂ ဒသမ ၂၁ သန်း၊ ရွှေလောင်းကြိုးတံတားအတွက် ၁၃ ဒသမ ၇၅ သန်းနှင့် ကျွန်းကုန်းကြိုးတံတားအတွက် ငါးသန်းဖြင့် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ယင်းနောက် ဝါးခယ်မမြို့နယ်အတွင်း မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို သစ်တောဦးစီးဌာနမှ ပျိုးပင် ၃၅၀၀ အား ဌာနဆိုင်ရာများ၊ ပြည်သူများနှင့် စုပေါင်းကာ စိုက်ပျိုးခြင်း၊ ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနမှ မိုးရာသီ ကျောင်းဖွင့်ကာလတွင် ကျောင်းသား၊ ကျောင်းသူများ သွေးလွန်တုပ်ကွေးရောဂါအန္တရာယ်မှ ကြိုတင်ကာကွယ်ရေးအနေဖြင့် မြို့နယ်အတွင်းရှိ အခြေခံပညာ ကျောင်းများအား ခြင်ဆေးဖျန်းခြင်း၊ ကျေးရွာအရောက် ပြည်သူ့ဗဟိုပြု တိုင်းရင်းဆေးဖြင့် ကွင်းဆင်းဆေးကုသခြင်း၊ ကျန်းမာရေးအသိပညာပေး ဟောပြောခြင်းများ ဆောင်ရွက်ခဲ့သည်။ ပြန် /ဆက် ဦးစီးဌာနမှ နယ်လှည့် နံရံကပ်ဓာတ်ပုံပြပွဲများ၊ အသိပညာပေးဟောပြောပွဲများပြုလုပ်ခြင်း၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ကျေးရွာများရှိ ကျွဲ၊ နွားအကောင်ရေစုစုပေါင်း ၁၅၀၀ ကျော်အား ကာကွယ်ဆေးထိုးနှံခြင်းများ၊ ရပ်ကွက် ခုနစ်ရပ်ကွက်၊ ကျေးရွာအုပ်စု ၁၀ အုပ်မှ ရွှေ့ပြောင်းနေထိုင်သူများအား အိမ်ထောင်စု၊ မှတ်ပုံတင်များ ထုတ်ပေးနိုင်ရေး ကွင်းဆင်းဆောင်ရွက်မှုများ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းရေးအဖွဲ့နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့ပူးပေါင်းကာ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဆောင်ရွက်မှုများနှင့် မူခင်းကျဆင်းရေး ဆွေးနွေးဟောပြောခြင်းများကို မြို့နယ်အတွင်း သက်ဆိုင်ရာဌာနများက ပြည်သူကို ရှေးရှုကာ ရက် ၁၀၀ စီမံချက်များအား အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**လွမ်းသီဟ(ဝါးခယ်မ)**

## တောင်ကြီးမြို့၌ အတက်ရောဂါစီမံချက်လုပ်ငန်းစတင်

**တောင်ကြီး ဇွန် ၁၇**

မြန်မာနိုင်ငံတွင် အတက်ရောဂါစီမံချက်လုပ်ငန်း စတင်ခြင်း အထိမ်းအမှတ်အခမ်းအနားကို သစ်တောရပ်ကွက်ရှိ ပြည်နယ်ကျန်းမာရေးဦးစီးဌာနရုံးအစည်းအဝေးခန်းမ၌ ဇွန် ၁၅ ရက် နံနက် ၉ နာရီက ပြုလုပ်ခဲ့သည်။

ရှမ်းပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာစိုးဦးက အတက်ရောဂါသည် အရေးကြီးသည့်ပြည်သူ့ကျန်းမာရေးပြဿနာတစ်ရပ်ဖြစ်ပြီး ရုပ်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာ၊ လူမှုရေးနှင့်စီးပွားရေးဆိုင်ရာ ဆိုးကျိုးများရှိကာ ရောဂါရှိသူတစ်ဦးချင်းကိုဖြစ်စေ၊ မိသားစုအပေါ်ဖြစ်စေ၊ နိုင်ငံအပေါ်ဖြစ်စေ၊ အကျိုးသက်ရောက်မှုများလည်း ရှိနိုင်ကြောင်း အတက်ရောဂါနှင့် ပတ်သက်သော လွဲမှားသည့် အယူအဆများကြောင့် အတက်ရောဂါရှိသူ အများအပြားမှာ ပညာရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ နည်းပါးသဖြင့် လူနေမှုအဆင့်အတန်းပေါ်မှာလည်း အကျိုးသက်ရောက်မှုရှိကြောင်း ပြောကြားခဲ့သည်။

“မြန်မာနိုင်ငံမှာ ကျန်းမာရေးဝန်ကြီးဌာနမှလည်း ပြည်သူလူထုရဲ့ ကျန်းမာရေးစောင့်ရှောက်မှုလိုအပ်ချက်များကို ဖြည့်ဆည်းပေးပြီး အဆင့်အတန်း မြင့်မားတဲ့ ကျန်းမာရေးစောင့်ရှောက်မှုကို ပေးစွမ်းနိုင်အောင်အမြဲ ဦးတည်ဆောင်ရွက်လျက်ရှိရာ အတက်ရောဂါစီမံချက်ကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့နဲ့ ပူးပေါင်းပြီး ၂၀၁၅ ခုနှစ်ထိ မြို့နယ် ရှစ်ခုတွင် အကောင်အထည်ဖော်ခဲ့ပြီး ၂၀၁၆ ခုနှစ်တွင် တောင်ကြီးနှင့် စစ်ကိုင်းမြို့နယ်များတို့သို့ တိုးချဲ့အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါတယ်” ဟု ဒေါက်တာစိုးဦးက ပြောသည်။

“အခုလိုအရေးကြီးတဲ့စီမံချက်ကို တောင်ကြီးမြို့နယ်အတွင်းမှာ လာရောက်ပြုလုပ်တဲ့အတွက် အထူးပဲကျေးဇူးတင်ပါတယ်။ မြို့နယ်အတွင်းရှိ တာဝန်ရှိသူအားလုံး ဝိုင်းဝန်း ပူးပေါင်းဆောင်ရွက်ပြီး အသက်ကယ်လုပ်ငန်းတစ်ခုဖြစ်တဲ့ အတက်ရောဂါစီမံချက်ကို မြို့နယ်အတွင်းမှာ တတ်စွမ်းသမျှကြိုးပမ်း အကောင်အထည်ဖော်ဆောင်ရွက်မှာဖြစ်ပါ” ဟု ယင်းက ပြောကြားခဲ့သည်။

မြန်မာနိုင်ငံအတက်ရောဂါစီမံချက်၏ စီမံချက်မန်နေဂျာ ပါမောက္ခ ဒေါက်တာဒေါ်ဝင်းမင်းသစ်က မြန်မာနိုင်ငံ အတက်ရောဂါစီမံချက်အကြောင်းကိုရှင်းလင်းတင်ပြခဲ့သည်။ **စိုင်းသန်းကျော်(တောင်ကြီး)**

## ကျေးရွာသုံးစိုက်ခင်းမှ ထွက်ရှိသည့် ထင်းများအား ဒေါင်းနေကျေးရွာ ဒေသခံပြည်သူများအားလွှဲပြောင်းပေးအပ်

**မကွေး ဇွန် ၁၇**

မကွေးမြို့နယ်အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနက ၂၀၀၉-၂၀၁၀ခုနှစ်တွင် စိုက်ပျိုးခဲ့သော ကျေးရွာသုံးစိုက်ခင်း ၃၀၀ မှ ထွက်ရှိသည့် ထင်းများကို အကျိုးပြုကျေးရွာ ဖြစ်သည့် မကွေးမြို့နယ် ဒေါင်းနေကျေးရွာ ဒေသခံပြည်သူများသို့ လွှဲပြောင်းပေးအပ်ပွဲကို ဇွန် ၁၅ ရက် ညနေ ၃ နာရီက ဒေါင်းနေကျေးရွာတွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

ယင်းနေ့ ထင်းပေးအပ်ပွဲတွင် မကွေးတိုင်းဒေသကြီး အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးသန့်ဇော်ဦးက ဒေါင်းနေကျေးရွာ ဒေသခံပြည်သူများသို့ လွှဲပြောင်းပေးအပ်ခဲ့သည်။

ယင်းနောက် လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်သိန်းဦးမှ စိုက်ခင်းနှင့် ပတ်သက်သည့်ဆက်လက်လုပ်ကိုင်မည့် အစီအစဉ်များအား ဒေသခံပြည်သူများသို့ ရှင်းလင်းပြောကြားခဲ့သည်။

မကွေးမြို့နယ် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန အနေဖြင့် တည်ထောင်ပြီးသော စိုက်ခင်းများ အနက် ငါးနှစ်ပြည့်စိုက်ခင်းများနှင့် ယင်းစိုက်ခင်းများမှ ထွက်ရှိသော ထင်း၊ တိုင်၊ မျှော့များအား သက်ဆိုင်ရာ အကျိုးပြုသော ကျေးရွာများသို့ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

“ကျေးရွာသုံး ထင်းစိုက်ခင်းများအား လွှဲပြောင်းပေးခြင်းဖြင့် ဒေါင်းနေကျေးရွာမှ အိမ်ထောင်စု ၂၈၂ အတွက် ထင်း၊ တိုင်၊ မျှော တန် ၃၃၀ ဖြန့်ဝေပေးနိုင်ခဲ့ပြီး ယခုလို ဖြန့်ဝေပေးခြင်းဖြင့် သဘာဝ သစ်တောများမှ ထင်းခိုးထုတ်ယူမှု လျော့နည်းစေနိုင်ခြင်း၊ သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှု လျော့နည်းစေခြင်း၊ ပြည်သူများက စိုက်ခင်းအတွင်းမှ ထင်း၊ တိုင်၊ မျှော့များလုံလောက်စွာ ထုတ်ယူသုံးစွဲနိုင်ခြင်းကြောင့် သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးအတွက် ဒေသခံပြည်သူများ ပိုမိုပူးပေါင်းဆောင်ရွက်လာသည့် အကျိုးကျေးဇူးများရရှိလာပါတယ်” ဟု မကွေးမြို့နယ် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

**ခင်မာလာ(မကွေး)**



## စဉ့်ကိုင်မြို့ မြို့မဈေးသာယာလှပရေး ကွန်ကရစ်လျှောက်လမ်းခင်းခြင်း ဆောင်ရွက်

**စဉ့်ကိုင် ဇွန် ၁၇**

မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများမှ ပြည်သူများစားသောက်ကုန်၊ လူသုံးကုန်ပစ္စည်းများ ဝယ်ယူရောင်းချလျက်ရှိသည့် မြို့မဈေး သာယာလှပရေးနှင့် အဆင်ပြေချောမွေ့စွာသွားလာနိုင်ရန်အတွက် ကွန်ကရစ်လျှောက်လမ်း ခင်းခြင်းကို ဇွန် ၁၆ ရက် နံနက် ၈ နာရီက ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ မြို့မဈေးကွန်ကရစ်လျှောက်လမ်း ခင်းခြင်းလုပ်ငန်းကို စဉ့်ကိုင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ငွေကျပ် ၉၄၈၀၀၀ အကုန်အကျခံကာ အရှည်ပေ ၁၁၀၊ အနံ ၉ လက်မအား ရေဝပ်သောနေရာများ၊ မြေနိမ့်သောနေရာများ၊ ပျံကျဈေးတန်းနှင့် အများပြည်သူဈေးများဝယ်ယူရာတွင် သက်သောင့်သက်သာ သွားလာနိုင်စေရန် ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း သိရသည်။

ယခင်ကသွားလာရေး ခက်ခဲသောနေရာများတွင် ကွန်ကရစ်လျှောက်လမ်း ဆောင်ရွက်ပေးမှုကြောင့် သွားလာရေး အဆင်ပြေပြီး မြို့မဈေး အလယ်လမ်းအားအရှည်ပေ ၁၅၀ ခင်းရန်၊ ကျန်ရှိနေသည့်အတွက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ပိုရငွေများရှိပါက မြို့မဈေး သာယာလှပစေရေးအတွက် ဆက်လက်ဆောင်ရွက်ပေးသွားမည်ကြောင်း အမှုဆောင်အရာရှိ ဦးစိုးအောင်က ပြောသည်။

**တင်တင်ထွေး(စဉ့်ကိုင်)**

## မုံရွာခရိုင် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌဖလား မြို့နယ်ပေါင်းစုံ (အလွတ်တန်း) ဘောလုံးပြိုင်ပွဲ ချောင်းဦးမြို့၌ ကျင်းပ

**ချောင်းဦး ဇွန် ၁၇**

၂၀၁၆ ခုနှစ် မုံရွာခရိုင် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌဖလား မြို့နယ်ပေါင်းစုံ (အလွတ်တန်း) ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဇွန် ၁၆ ရက် ညနေ ၄ နာရီက ချောင်းဦးမြို့ ပြည်သူ့အားကစားကွင်းအတွင်း၌ ကျင်းပခဲ့ကြောင်း သိရသည်။

မုံရွာခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးလှမြင့်က အဖွင့်အမှာစကားပြောကြားပြီး ဘောလုံးပြိုင်ပွဲဖွင့်ပွဲကို ဖွင့်လှစ်ပေးခဲ့သည်။


၂၀၁၆-ခုနှစ် မုံရွာခရိုင် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌဖလား မြို့နယ်ပေါင်းစုံ (အလွတ်တန်း) ဘောလုံးပြိုင်ပွဲသို့ ခရိုင်အတွင်းရှိ မြို့နယ်လေးမြို့နယ်ဖြစ်သည့် မုံရွာ၊ ချောင်းဦး၊ အရာတော်၊ ဘုတလင် မြို့နယ်တို့မှ ဘောလုံးအသင်းလေးသင်း ဝင်ရောက်ယှဉ်ပြိုင်ကစားကြရာ ဖွင့်ပွဲနေ့တွင် အရာတော်မြို့နယ်အသင်းနှင့် ဘုတလင်မြို့နယ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့သည်။

ဘောလုံးပြိုင်ပွဲဖွင့်ပွဲသို့ မုံရွာခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးလှမြင့်၊ ချောင်းဦးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးနှင့် ချောင်းဦး၊ အရာတော်၊ ဘုတလင်မြို့နယ်တို့မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ ချောင်းဦးမြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးသစ်လွင်နှင့် ဌာနဆိုင်ရာများ၊ ဘောလုံးဝါသနာရှင် မိဘပြည်သူများ တက်ရောက်ခဲ့ကြသည်။

“ချောင်းဦးမြို့အနေနဲ့ ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲကို အိမ်ရှင်အနေနဲ့ ကျင်းပခွင့်ရတဲ့အတွက် မြို့နယ်ကိုယ်စား ဂုဏ်ယူမိပါတယ်။ ဘောလုံးပြိုင်ပွဲတိုင်းလိုလိုမှာ အားပါးတရအားပေးကြလို့ ပရိသတ်တွေ တစ်ဖက်နှင့်တစ်ဖက် ရန်ဖြစ်တာမျိုးတွေ ရှိခဲ့ဖူးတာကြောင့် ပြောင်းလဲချိန်တန်ပြီဆိုတဲ့ ယနေ့အချိန်မှာတော့ ဘောလုံးကစားသမားတွေရော ပရိသတ်တွေပါ နိုင်ငံကြီးသားပီသစွာ အားပေးစေချင်ကြောင်း” ဘောလုံးဝါသနာရှင်တစ်ဦးက ပြောသည်။ **(မြို့နယ် ပြန်/ဆက်)**

**တာချီလိတ်မြို့နယ် စည်ပင်သာယာရေးဌာနက ဦးဆောင်၍ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်မှုအဖြစ် အများပြည်သူသွားလာမှုများသည့်နေရာများ၊ ခြင်ပေါက်ပွားနိုင်သည့်နေရာများတွင် ခြင်ဆေးဖျန်းခြင်းကို ဇွန် ၁၅ ရက် နံနက်က မြန်မာ–ထိုင်း ချစ်ကြည်ရေးတံတားအမှတ်(၁)အောက်တွင် စတင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ ယင်းသို့ ခြင်ဆေးဖျန်းခြင်းကို သစ်ပင်ချုံများ၊ မြောင်းချောင်းများတွင်ဆောင်ရွက်သွားမည်ဖြစ်ပြီး၊ နေအိမ်များတွင်ခြင်ဆေးဖျန်းလိုပါက အခမဲ့ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းသိရသည်**

သတင်းနှင့်ဓာတ်ပုံ- ခရိုင်ပြန်/ဆက်



# စည်းကမ်းမဲ့ရွှေတူးဖော်မှုကြောင့် လယ်ယာမြေများ ပျက်စီးဆုံးရှုံးကာ လယ်ယာမဲ့ဦးရေပိုများလာ

**ဟုမ္မလင်း ဇွန် ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့နယ်အတွင်း တရားဝင်နှင့် တရားမဝင် ရွှေတူးဖော်ရေးကုမ္ပဏီများအနေဖြင့် စည်းကမ်းမဲ့ရွှေတူးဖော်မှုများကြောင့် လယ်ယာမြေအများအပြား ပျက်စီးဆုံးရှုံးခြင်းနှင့်အတူ လယ်သမားများလယ်မဲ့ယာမဲ့များဖြစ်လာပြီး ရွှေတူးဖော်ရေးကိုသာ လုပ်ကိုင်လာကြသည်ကိုတွေ့ရကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဦးကမ်ဇာမုံက ပြောသည်။

"ဟုမ္မလင်းမြို့နယ်ဟာ ရှမ်းနီ၊ နာဂ၊ ချင်း၊ ဗမာလူမျိုးတွေနဲ့အခြားလူမျိုးတွေ နေထိုင်နေပါတယ်။ ရှေးတုန်းကဟုမ္မလင်းမြို့နယ်ရဲ့ အဓိကစီးပွားရေးက လယ်ယာစိုက်ပျိုးရေးကို လုပ်ခဲ့ပေမယ့် ရွှေတူးတာတွေပေါ်လာတော့ ဒေသခံတွေရဲ့ အဓိကစီးပွားရေးလုပ်ငန်းဟာ ရွှေသတ္တုတူးဖော်ရေးဖြစ်လာပါတယ်။ တရားဝင်ရော၊ တရားမဝင်ရော ရွှေသတ္တုတူးဖော်ရေးကုမ္ပဏီတွေရဲ့ စည်းကမ်းမဲ့ ရွှေတူးတာတွေကြောင့် လယ်ယာမြေတွေအများအပြား ပျက်စီးကုန်သလို လယ်သမားတွေအနေနဲ့ လယ်မဲ့ယာမဲ့တွေဖြစ်လာပြီး ရွှေတူးတာကိုပဲ လုပ်ကိုင်နေကြတာတွေ့ရပါတယ်" ဟု ဦးကမ်ဇာမုံက ပြောသည်။

ဟုမ္မလင်းမြို့နယ်အတွင်း ရွှေသတ္တုတူးဖော်ရေးကုမ္ပဏီသည် ယခုလက်ရှိတွင် ကုမ္ပဏီ ၆၅ ခု လုပ်ကွက်ပေါင်း ၈၇ ကွက်ကိုတစ်နှစ်စာချုပ်ဖြင့်လုပ်ကိုင်လျက်ရှိသလို တရားမဝင် ရွှေတူးဖော်သည့်ဒေသခံများ၏ ရွှေမျှောများအများအပြားရှိကြောင်း သိရသည်။

ယခုအစိုးရသစ်လက်ထက်တွင် တရားမဝင်ရွှေမျှောများကို လိုက်လံဖမ်းဆီးခြင်းကြောင့် ဒေသခံများ ရွှေမျှောများကို ရပ်ဆိုင်းထားရသောကြောင့် တစ်ပိုင်တစ်နိုင် ရွှေမျှောလုပ်ကိုင်နေသောဒေသခံများအနေဖြင့် စားဝတ်နေရေးကျပ်တည်းမှု အခက်အခဲများဖြင့် ရင်ဆိုင်လာရကြောင်း ဟုမ္မလင်းမြို့နယ် အမှတ်(၂) တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ဦးကျော်ဌေးလွင်က ပြောသည်။

"အခက်အခဲတွေ့နေတဲ့ ရွှေမျှောလုပ်တဲ့ဒေသခံတွေအနေနဲ့ တရားဝင်ရွှေမျှောလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိရေးကို မျှော်လင့်နေကြပါတယ်။ ဒေသခံတွေရဲ့ တရားမဝင် တစ်ပိုင်တစ်နိုင် ရွှေမျှောလုပ်ငန်းကို စည်းကမ်းနဲ့အညီ စစ်ဆေးပြီး တရားဝင်လိုင်စင်တွေ ချပေးလိုက်ရင်နိုင်ငံတော်အတွက် ဝင်ငွေအများအပြားရလာမှာဖြစ်ပါတယ်" ဟု ဦးကျော်ဌေးလွင်က ပြောသည်။

"မြန်မာ့သတ္တုတွင်းဥပဒေနည်းဥပဒေကို ပြင်ဆင်တဲ့ ဥပဒေ၊ နည်းဥပဒေနဲ့ သက်ဆိုင်နေပြီး မူဝါဒဆိုင်ရာကိစ္စရပ်တွေ ဖြစ်နေတဲ့အတွက် သယံဇာတနဲ့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန အမှတ်(၂)သတ္တုတွင်းလုပ်ငန်းရုံးချုပ်နေပြည်တော်ကိုတင်ပြထားပြီး ပြန်ကြားချက်ရရှိလာရင် ပြန်လည်အသိပေးဆောင်ရွက်သွားမှာဖြစ်ပါတယ်" ဟု ဦးကမ်ဇာမုံက ပြောသည်။

ဟုမ္မလင်းမြို့နယ်တွင် ကြိုးဝိုင်း ၁၄ ခု၊ ဧရိယာ ၆၆၉၅၃၃ ဧကရှိပြီး အဆိုပါသစ်တောမြေတွင် သစ်တောဦးစီးဌာနမှ ခွင့်ပြုထားသောရွှေသတ္တုလုပ်ကွက်များမရှိကြောင်းသိရသလို သစ်တောကြိုးဝိုင်းများသည် ဟုမ္မလင်းမြို့နယ်နှင့် အလှမ်းကွာဝေးပြီးသွားလာရေးခက်ခဲသလို လူဦးရေနည်းပါးခြင်းတို့ကြောင့် သစ်တောကြိုးဝိုင်းများအတွင်းတရားဝင် ရွှေတူးဖော်ရေးလုပ်ငန်းများ မရှိသလို တစ်ပိုင်တစ်နိုင် ရွှေမျှောလုပ်ငန်းများကို သစ်တောဦးစီးဌာနအနေဖြင့် တရားဝင်လိုင်စင်ချထားပေးခြင်းမျိုးမရှိကြောင်း ဝန်ကြီးဦးကမ်ဇာမုံက ပြောသည်။

**မျိုးဝင်းထွန်း(မုံရွာ)**



# တရားမဝင်မှတ်ပုံတင်ရေယာဉ်များပပျောက်ရေးနှင့် ရေကြောင်းသွားလာမှုဘေးအန္တရာယ်ကင်းရှင်းရေးအတွက် ပညာပေးဟောပြော၍ဆွေးနွေးခြင်းများပြုလုပ်

**မန္တလေး ဇွန် ၁၇**

တရားမဝင်မှတ်ပုံတင်ရေယာဉ်များ ပပျောက်ရေးနှင့် ရေကြောင်းသွားလာမှုတွင် ဘေးအန္တရာယ် ကင်းရှင်းရေးအတွက် ရေကြောင်းရဲတပ်ဖွဲ့ခွဲ(မန္တလေး)က အမရပူရမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဇွန်လ ၁၅ ရက် မွန်းလွဲ ၁ နာရီက အသိပညာပေးဟောပြောဆွေးနွေးပွဲကျင်းပခဲ့ကြောင်း သိရသည်။

ဆွေးနွေးပွဲတွင် ရေကြောင်းရဲတပ်ဖွဲ့ခွဲ(မန္တလေး)မှ တပ်ဖွဲ့ခွဲမှူး ဒုရဲမှူးကြီးခွန်မျိုးမြရှိန်က ဧရာဝတီမြစ်ကြောင်းအတွင်း တရားဥပဒေစိုးမိုးရေးကို ထိခိုက်စေသောပြစ်မှုများအား ဒုစရိုက်သမားများအနေဖြင့် Illegal Vessel, Unreported And Unregulated Vessel (IUU) တရားမဝင်မှတ်ပုံတင်မဲ့ ရေယာဉ်များအသုံးပြုပြီး ပြစ်မှုကျူးလွန်လေ့ရှိ၍ လျော့နည်းပပျောက်သွားစေရန်၊ ရေယာဉ်လိုင်စင်များ၊ ပြုလုပ်ကြရန် လိုအပ်ကြောင်း၊ ရေကြောင်းရဲတပ်ဖွဲ့အနေဖြင့် ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ နယ်မြေခံ ရဲတပ်ဖွဲ့ဝင်တို့ဖြင့် ပူးပေါင်း ဆောင်ရွက်နေမှုများ၊ ရေကြောင်းအန္တရာယ်ကင်းရှင်းရေး ဧရာဝတီမြစ်အတွင်း ရေယာဉ်များတွင် အန္တရာယ်ကျရောက်ပါက ဆက်သွယ်ရမည့် ဖုန်းနံပတ်များနှင့် တရားဥပဒေစိုးမိုးရေးအတွက် ဆောင်ရွက်နေမှုအခြေအနေများအား ဟောပြောဆွေးနွေးခဲ့သည်။

ဆက်လက်၍ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ပြည်နယ်နှင့် တိုင်းဒေသ ကြီးရုံးများဌာနခွဲ အထက်မြန်မာပြည်ညွှန်ကြားရေးမှူး ဦးစိုးနိုင်(၂)က မိုးတွင်းကာလများတွင် ရေယာဉ်များ တွေ့ကြုံနိုင်သော အန္တရာယ်များနှင့် စပ်လျဉ်း၍ လိုက်နာဆောင်ရွက်ရမည့် အချက်များ၊ ရေယာဉ်ပေါ်တွင် ပါရှိရမည့်ပစ္စည်းများ၊ ရေယာဉ်နှင့် ခရီးသည် အန္တရာယ်ကင်းရှင်းရေး ဆောင်ရန်ရှောင်ရန်များ၊ တရားမဝင်ရေယာဉ်များ ပပျောက်စေရေးအတွက် ဌာနမှ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ပေး လျက်ရှိသည်များကို ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးသန့်စင်ဦး၊ မန္တလေးခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးစိန်ထွန်း၊ အမရပူရမြို့နယ်အုပ်ချုပ်ရေးမှူး ဦးနေမြတ်သူ၊ အမရပူရမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးတင်အေးကျော်တို့က သက်ဆိုင်ရာကဏ္ဍများအလိုက် ဆွေးနွေးဟောပြောခဲ့ကြရာ တက်ရောက်လာကြသည့် ရေယာဉ်ပိုင်ရှင်များ၊ ရေယာဉ်မောင်းသူများ၊ ရေယာဉ်လုပ်သားများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ပြီး ရေကြောင်းရဲတပ်ဖွဲ့ဝင်များက အန္တရာယ်ကြုံတွေ့ပါက ဆောင်ရွက်နိုင်ရေးတို့ကို လက်တွေ့သရုပ်ပြခဲ့သည်။

**(ဘိုဘိုဟန်)**

# ၃၃ ကေဗွီအေ လျှပ်စစ်ထိန်းချုပ်ကာကွယ်ရေးစနစ် အဆင့်မြှင့်တပ်ဆင်မှု ဆောင်ရွက်ပြီးစီး




**မုံရွာ ဇွန် ၁၇**

မုံရွာမြို့ စက်မှုဇုန်ရပ်ကွက် ဓာတ်အားခွဲရုံတွင် တပ်ဆင်ထားသော ၃၃ကေဗွီ (၁၀) အမ်ဗွီအေထရန်စဖော်မာအား တပ်ဆင်ပြီးစီးပြီဖြစ်ရာ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးအတွက် ၃၃ကေဗွီ Switch Bay သို့ ရွှေ့ပြောင်းတပ်ဆင်ခြင်းနှင့် ၁၁ ကေဗွီ Switchgear Panel (ထိန်းချုပ်ကာကွယ်ရေးစနစ်)များကို တပ်ဆင်ပြီးစီးသွားပြီဖြစ်ကြောင်း တိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာရုံးမှ သိရသည်။

စက်မှုဇုန်ရပ်ကွက် ဓာတ်အားခွဲရုံတွင် တပ်ဆင်ထားသော ၃၃ ကေဗွီ ၁၀ အမ်ဗွီအေ ထရန်စဖော်မာတပ်ဆင်ပြီး အသုံးပြုလျက်ရှိရာ ဓာတ်အားဖြတ်တောက်မှုများကို အောင်ချမ်းသာ ပင်မဓာတ်အားခွဲရုံမှ ဖြတ်တောက်ပေးခဲ့ပြီး ယခု Switchgear Panel (ထိန်းချုပ်ကာကွယ်ရေးစနစ်)များ တပ်ဆင်ပြီးစီးသဖြင့် ယခုဓာတ်အားခွဲရုံမှ ဖြတ်တောက်ပေးနိုင်တော့မည်ဖြစ်ရာ စက်မှုဇုန်ရပ်ကွက်၊ နတ်လူထိပ်ပန် ရပ်ကွက်၊ ဗောဓိတစ်ထောင်နှင့် ကျေးရွာများ လျှပ်စစ်အန္တရာယ်ပိုမိုစိတ်ချနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

Switchgear Panel (ထိန်းချုပ်ကာ ကွယ်ရေးစနစ်) မတပ်ဆင်ခင်တုန်းက တစ်နေရာမှာ ကြိုးပြတ်တာပဲဖြစ်ဖြစ်၊ သစ်ပင်၊ သစ်ကိုင်းတွေနဲ့ ရိုက်မိလို့ အလိုအလျောက် ဓာတ်အားပြတ်တောက်တာကို အောင်ချမ်းသာဓာတ်အားခွဲရုံကပဲလုပ်ပေးတာပါ။ အခုတော့ စက်မှုရပ်ကွက် ဓာတ်အားခွဲရုံက တိုက်ရိုက်ဖြတ်တောက်ပေးနိုင်မှာဖြစ်တဲ့အတွက် လျှပ်စစ်အန္တရာယ် ကင်းရှင်းရေးကို ပိုမိုစိတ်ချရမှာပါ'ဟု တိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာရုံးမှ ဒုတိယအင်ဂျင်နီယာချုပ် ဦးမျိုးသန့်ထွန်းက ပြောသည်။

အဆိုပါ Switch Bay သို့ ရွှေ့ပြောင်းတပ်ဆင်ခြင်းနှင့် ၁၁ ကေဗွီ Switchgear Panel (ထိန်းချုပ်ကာကွယ်ရေးစနစ်) တပ်ဆင်ခြင်းလုပ်ငန်းများကို ယခုလလဆန်းပိုင်းမှ စတင်ဆောင်ရွက်ခဲ့ရာ ဇွန် ၁၄ ရက်တွင် တပ်ဆင်ပြီးစီးပြီဖြစ်သဖြင့် စက်မှုဇုန်ရပ်ကွက်နှင့် နတ်လူထိပ်ပန်ရပ်ကွက်၊ ဗေဓိတစ်ထောင်နှင့် ကျေးရွာများ ပုံမှန်လျှပ်စစ်ဓာတ်အားရရှိပြီဖြစ်ကြောင်း သိရသည်။

**မင်းဝေ (မုံရွာ)**

# အောင်လံမြို့နယ်တွင် လေဘေးကြောင့် ပျက်စီးသောအိမ်များအား ဆက်လက်ထောက်ပံ့

**အောင်လံ ဇွန် ၁၇**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် အောင်လံမြို့နယ်တွင် မေ ၄ ရက်က လေပြင်းတိုက်ခတ်ခဲ့သဖြင့် ကျေးရွာအချို့တွင် ပျက်စီးဆုံးရှုံးမှုများရှိခဲ့ရာ ထိုစဉ်က လူမှုဝန်ထမ်းဦးစီးဌာနမှ အိမ်သုံးပစ္စည်းများ ထောက်ပံ့ခဲ့ပြီး ဇွန် ၁၅ ရက် မွန်းလွဲ ၂ နာရီခွဲကလည်း ပျက်စီးသွားသော အိမ်များ ပြန်လည်ပြုပြင်ရန်အတွက် ပျက်စီးဆုံးရှုံးမှုအနေအထားကိုလိုက်၍ တစ်အိမ်လျှင် ကျပ် ၅၀၀၀၀၊ ကျပ် ၂၀၀၀၀ အသီးသီးထပ်မံထောက်ပံ့ခဲ့သည်။

ယင်းသို့ထောက်ပံ့ရာတွင် မိုးဖုန်း၊ ပြေရိုး၊ ငွေးကုန်းရွာတို့တွင် အိမ် ၂၂ လုံးအတွက် အိမ်ဆောက်ပစ္စည်းတန်ဖိုးကျပ် ၄၄၀၀၀၀ ကိုလည်းကောင်း၊ စမ်းချောင်းရပ်ကွက်တွင် အိမ်နှစ်လုံးအတွက် အိမ်ဆောက်ပစ္စည်းတန်ဖိုးကျပ် ၇၀၀၀၀ ကိုလည်းကောင်း၊ ဈေးကုန်းရပ်ကွက်တွင် အိမ်တစ်လုံးအတွက် အိမ်ဆောက်ပစ္စည်းတန်ဖိုးကျပ် ၂၀၀၀၀ ကိုလည်းကောင်း၊ သရက်တောရပ်ကွက်တွင် အိမ်လေးလုံးအတွက် အိမ်ဆောက်ပစ္စည်းတန်ဖိုး ကျပ် ၈၀၀၀၀ ကိုလည်းကောင်း စုစုပေါင်းကျပ် ၆၁၀၀၀၀ တို့အား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဆင့်၊ မြို့နယ်ပြန်ဆက်ဦးစီးမှူး ဒေါ်တင်သူဇာလှိုင်နှင့် မြို့နယ်ထွေ/အုပ် ဒု-ဦးစီးမှူး ဦးမြတ်မင်းမောင်အဖွဲ့တို့က သွားရောက်ပေးအပ်ခဲ့သည် ။**သိန်းလွင်(ပြန်/ဆက်)**

# ငွေကျပ် ၁၁ သိန်း ကျော်တန်ဖိုးရှိ ကျောင်းသုံးစာရေးကိရိယာများ တာလေ အထက၌ ထောက်ပံ့ပေးအပ်

**တာလေ ဇွန် ၁၇**
ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် တာလေမြို့တွင် ၂၀၁၆-၂၀၁၇ ပညာသင်နှစ် ကျောင်းနေရန် အခက်အခဲရှိသော ချို့တဲ့ကျောင်းသား၊ ကျောင်းသူများအား စေတနာရှင်အလှူရှင်များက ကျောင်းသုံးစာရေးကိရိယာများ ထောက်ပံ့ပေးအပ်ခြင်းကို ဇွန် ၁၄ ရက် နံနက် ၉ နာရီခွဲက တာလေ အခြေခံပညာအထက်တန်းကျောင်းရှိ ချယ်ရီခန်းမဆောင်၌ ပြုလုပ်ခဲ့ကြောင်းသိရသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးဇော်က အဖွင့်အမှာစကားပြောကြားပြီး တာချီလိတ်မြို့နယ်ပညာရေးမှူး ဒေါ်မာမာဦးက မြို့နယ်အတွင်းရှိ ပညာရေးဆိုင်ရာများကို ရှင်းလင်းပြောကြားကာ ကျောင်းအုပ်ဆရာကြီး ဦးသန်းစိုးက ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့သည်။

အဆိုပါ ကျောင်းသုံးစာရေးကိရိယာများထောက်ပံ့ပေးအပ်ပွဲတွင် အခြေခံပညာအထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းများရှိ ချို့တဲ့ကျောင်းသား၊ ကျောင်းသူ ၁၁၁ ဦးတို့အား တာချီလိတ်ပညာရေးဖောင်ဒေးရှင်းအပါအဝင် စေတနာရှင် အလှူရှင်ကိုးဦးတို့က ငွေကျပ် ၁၁ သိန်းကျော်တန်ဖိုးရှိ ကျောင်းသုံးစာရေးကိရိယာများထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**အောင်ကျော်မိုး(ပြန်/ဆက်)**

# ရွှေလွင်ပြင် စာကြည့်တိုက်ဆောက်လုပ်နိုင်ရေး ထောက်ပံ့ငွေများ ပေးအပ်

**အင်းတော် ဇွန် ၁၇**
ပြည်သူမျက်နှာပြု ရက် ၁၀၀ စီမံကိန်းအရ အင်းတော်မြို့နယ် အလယ်ဆိပ်ကျေးရွာအုပ်စု ပင်သချေကျေးရွာ ရွှေလွင်ပြင်စာကြည့်တိုက်အား အပြီးသတ်ဆောက်လုပ်နိုင်ရေးအတွက် မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းမှ ထောက်ပံ့လှူဒါန်းငွေကျပ် ၁၀ သိန်း ပေးအပ်ပွဲအခမ်းအနားကို အဆိုပါကျေးရွာရှိ ဘုန်းတော်ကြီးကျောင်းတွင် ဇွန် ၁၂ ရက် နံနက် ၁၁ နာရီက ပြုလုပ်ခဲ့ကြောင်းသိရသည်။

"အခုထောက်ပံ့လှူဒါန်းငွေကျပ် ၁၀ သိန်းကို မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းက ထောက်ပံ့တာဖြစ်ပြီး ကျေးရွာစာကြည့်တိုက်များ ပိုမိုရှင်သန်ခိုင်မာစေရေးအတွက် ပေးအပ်တာဖြစ်ပါတယ်။

"စာကြည့်တိုက်များ တည်ထောင်ဖွင့်လှစ်ပြီး ကျေးရွာပြည်သူတွေအနေနဲ့ ဒီဖွင့်လှစ်ထားတဲ့ စာကြည့်တိုက်များကို အစဉ်အမြဲ ရှင်သန်နေအောင် ဝိုင်းဝန်းစောင့်ရှောက်သွားကြရမှာဖြစ်ပါတယ်။ ဒါမှလည်းကျေးရွာတွေမှာ ဖွင့်လှစ်ထားတဲ့စာကြည့်တိုက်တွေများပြားလာပြီး နိုင်ငံနှင့်အဝန်းမှာ အသိဉာဏ်ပညာ မြင့်မားတဲ့နိုင်ငံသားကောင်းများပေါ်ထွက်လာမှာဖြစ်ပါတယ်။

"စာကြည့်တိုက်တွေအစဉ်သဖြင့် ရှင်သန်နေအောင်တော့ ကျေးရွာတွေမှာရှိတဲ့ ကျေးရွာသူကျေးရွာသားတွေက မိမိတို့ရဲ့ စာကြည့်တိုက်တွေကို ဒုတိယဘုန်းတော်ကြီးကျောင်းသဖွယ် ပြုစုပျိုးထောင်သွားကြရမှာဖြစ်ပါတယ်" ဟု ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်အေးမြမွန်က ရှင်းလင်းပြောကြားခဲ့သည်။

"ကျွန်တော်တို့ ကျေးရွာအနေနဲ့ စာကြည့်တိုက်ကို အပြီးသတ်တည်ဆောက်နိုင်ရေးအတွက် ရန်ပုံငွေလိုအပ်နေတဲ့ အချိန်မှာ အခုလို ထောက်ပံ့ပေးအပ်လှူဒါန်းခဲ့တဲ့ မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်းနဲ့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တာဝန်ရှိသူများကို အထူးပဲကျေးဇူးတင်ရှိပါတယ်။ အခုလိုထောက်ပံ့ပေးတဲ့ငွေနဲ့ ကျွန်တော်တို့ ပင်သချေကျေးရွာရဲ့ စာကြည့်တိုက်ကို သတ်မှတ်ကာလအတွင်း အပြီးသတ်တည်ဆောက်နိုင်ရေးအတွက် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်သွားကြမှာဖြစ်ပါတယ်" ဟု ပင်သချေကျေးရွာ စာကြည့်တိုက်ဆောက်လုပ်ရေးကော်မတီ ဦးထွန်းဖေက ပြောသည်။

အဆိုပါအခမ်းအနားတွင် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးမှူးက မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်းမှ ထောက်ပံ့လှူဒါန်းငွေကျပ် ၁၀ သိန်းအားလည်းကောင်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်သီဟက စာကြည့်တိုက်အတွက်စာအုပ်၊ စာစောင်များကိုလည်းကောင်း ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**(ကျော်သီဟ)**

# အစိုးရနည်းပညာကောလိပ်၊ အစိုးရစက်မှုလက်မှုသိပ္ပံနှင့် အစိုးရနည်းပညာအထက်တန်းကျောင်းများ လုပ်ငန်းညှိနှိုင်း

**နေပြည်တော် ဇွန် ၁၇**
အစိုးရနည်းပညာကောလိပ်၊ အစိုးရစက်မှုလက်မှုသိပ္ပံနှင့် အစိုးရနည်းပညာအထက်တန်းကျောင်းများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇွန် ၁၄ ရက်တွင် အစိုးရနည်းပညာ အထက်တန်းကျောင်း နေပြည်တော်၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး တက်ရောက် အဖွင့်အမှာစကား ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက နိုင်ငံစီးပွားရေးစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးနိုင်ရေးသည် နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေး (TVET) ကဏ္ဍ၏ အဓိကလုပ်ဆောင်ရမည့် အချက်ဖြစ်ပါကြောင်း၊ သင်ယူမှုနှင့် လေ့ကျင့်မှု အခွင့်အလမ်း တိုးချဲ့ဆောင်ရွက်ရန်နှင့် အရည်အသွေးမြင့်မားရေး ဆောင်ရွက်ရန်တို့ လိုအပ်ပါကြောင်း။

ခေတ်စနစ်နှင့် လိုက်လျောညီထွေဖြစ်သော TVET ကဏ္ဍဖြစ်ရန်အတွက် Trainer များ၏ အရည်အသွေးကို မြှင့်တင်ပေးရန်လိုအပ်ပြီး ဒေသနှင့် ကိုက်ညီသော အသေးစားနှင့်အလတ်စား စက်မှုလက်မှုလုပ်ငန်းများအတွက် လိုအပ်သော Skilled Labour များနှင့် နိုင်ငံတော်အတွက် လိုအပ်သော Skilled Labour များကို မွေးထုတ်ပေးရမည် ဖြစ်ပါကြောင်း၊ ကျောင်းအုပ်ကြီးများသည် TVET ကဏ္ဍကို ဦးဆောင်သူများဖြစ်သည့်အတွက် TVET ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းနှင့် လုပ်ငန်းအစီအစဉ်များပြုစု၍ ဦးစားပေးအလိုက် တိုးချဲ့ဆောင်ရွက်နိုင်ရန်အတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရမည် ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသော ကျောင်းအုပ်ကြီးများက ကျောင်းဆိုင်ရာ အချက်အလက်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



မင်းဘူးခရိုင် စေတုတ္တရာမြို့နယ် မြို့မဈေးအတွင်းတွင် ရောင်းချလျက်ရှိသော သား၊ ငါးဆိုင်များအား စားသုံးသူပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် ခြင်၊ ယင်နှင့် ပိုးမွှားအန္တရာယ်ကင်းစေရေးနှင့် စနစ်တကျထားသိုထုပ်ပိုးရောင်းချစေရန် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသက်နိုင်နှင့် မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဖိုးကျော်မင်းတို့အဖွဲ့၊ ဈေးကော်မတီအဖွဲ့ဝင်များနှင့် ပူးပေါင်း၍ ဇွန် ၁၄ ရက် နံနက်ပိုင်းက လိုက်လံစစ်ဆေးကြည့်ရှု အသိပေးနှိုးဆော်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ သတင်းနှင့်ဓာတ်ပုံ- တင်ထွန်းဦး(မင်းဘူး)

# ၂၀၁၅-၂၀၁၆ ခုနှစ် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် နောက်ဆုံးနှစ်ကျောင်းသား ကျောင်းသူများအား စိုက်ပျိုးနည်းပညာပေးသင်တန်းပြုလုပ်

**ပဲခူး ဇွန် ၁၇**
ပဲခူးတိုင်းဒေသကြီး၌ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် နောက်ဆုံးနှစ်ကျောင်းသား ကျောင်းသူများအား စိုက်ပျိုးနည်းပညာပေးသင်တန်းဖွင့်ပွဲအခမ်းအနားကို ဇွန် ၁၅ ရက်က ပဲခူးမြို့ စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူးရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် ပဲခူးတိုင်းဒေသကြီး ဦးစီးမှူး(ညွှန်ကြားရေးမှူး)လှမြင့်က ကျောင်းသားကျောင်းသူများအနေဖြင့် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်များမှ လုပ်ငန်းပိုင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ နည်းပညာများအား ကြိုးစားလေ့လာကြရန်၊ စပါးသီးနှံနှင့် ပတ်သက်၍ ခေါင်နှံဖြင့်ပျိုးထောင်စိုက်ပျိုးခြင်း၊ မိုးကြိုနှမ်းစိုက်ပျိုးခြင်းများကို လက်တွေ့သင်ကြားပြသသွားမည်ဖြစ်ကြောင်း၊ ကျောင်းသား ကျောင်းသူများ၏ ခရီးစရိတ်များကိုလည်း တတ်နိုင်သလောက် ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း အဖွင့်အမှာစကားပြောကြားသည်။

သင်တန်းတွင် ကျောင်းသား ကျောင်းသူ ၂၁ ဦးတက်ရောက်ပြီး စပါးနှင့်အခြားသီးနှံ၊ စက်မှုသီးနှံ၊ မြေအသုံးချ၊ မျိုးစေ့နှင့်သီးနှံကာကွယ်ရေးနည်းပညာများကို နှစ်ရက်သင်ကြားပို့ချခဲ့ကြောင်း သိရသည်။ **(ကြေးမုံ)**



# အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ဟားခါး၌ကျင်းပ

**ဟားခါး ဇွန် ၁၇**
ချင်းပြည်နယ်၏ အသေးစားနှင့်အလတ်စား လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ လမ်းပြမြေပုံနှင့် မဟာဗျူဟာများ ဖော်ထုတ်ချမှတ်နိုင်ရေးအတွက် ချင်းပြည်နယ် အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ဇွန် ၁၅ ရက် နံနက် ၉ နာရီက ဟားခါးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ဗိုလ်တိုက်ချွန်းခန်းမ၌ ကျင်းပသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် ချင်းပြည်နယ် ပြည်နယ်ဝန်ကြီးချုပ်ကိုယ်စား လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးကျော်ကျော်နှင့် ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌဦးအောင်သန်းတို့က အဖွင့်အမှာစကား ပြောကြားကြပြီး ပြည်နယ်စည်ပင်သာယာရေး၊ လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီး ဆလိုင်းအိုက်ဇက်ခင်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ဆက်လက်၍ FNF Project Director မစ္စကကသရင်းဗန်နက်ချ်က နှုတ်ဆက်စကားပြောကြားပြီး စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်အေးအေးဝင်းက SME ဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်ရှိဆောင်ရွက်နေမှုအခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယနေ့ ကျင်းပသော အလုပ်ရုံဆွေးနွေးပွဲသို့ ပြည်နယ်အဆင့်အဖွဲ့အစည်းဝင်များ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပညာရှင်များ၊ အရပ်ဘက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြပြီး အလုပ်ရုံဆွေးနွေးပွဲကို နှစ်ရက်ကြာ ပြုလုပ်ကြောင်းသိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

စာအုပ်စာပေ လှူမိတ်ဆွေ

# "နှစ်ခြိုက်စွာ မအိပ်စက်နိုင်ကြသူများ"

**à** မောင်သောင်းဝင်း(တမန်ဟောင်း)

"ဆရာကြီးသောင်း ကျွန်တော်တို့ Betting အကြောင်းလေး မရေးသေးဘူးလား" ဆိုပြီး အရာရှိတစ်ဦးက မေးလာပါတယ်။ "ဟုတ်ကဲ့ အလုပ်အားလို့ရှိရင် ရေးပေးပါမယ်" လို့ဖြေလိုက်ရပါတယ်။ ထိုအရာရှိက တခြားသူမဟုတ်ပါဘူး။ တစ်ဌာနတည်းတွင် တာဝန်ထမ်းဆောင်နေသူဖြစ်ပါတယ်။ လွန်ခဲ့သောနှစ်လခန့်က သူရဲ့ခါးသီးသော အတွေ့အကြုံအား စာရေးသူကို ရင်ဖွင့်ထားတာ နှစ်ပတ်လောက်ရှိပါပြီ။ သူ့အတွေ့အကြုံကို စာဖတ်ပရိသတ်တွေ သင်ခန်းစာယူနိုင်အောင်လို့ စာရေးသားတင်ပြပေးပါဆိုပြီး မေတ္တာရပ်ခံထားပါတယ်။

ထိုအရာရှိဟာ ရိုးသားပြီး ကြိုးစားသူတစ်ဦးဖြစ်ပါတယ်။ ဌာနရှိအရာရှိများထဲတွင် လုပ်ရည်ကိုင်ရည်ထူးချွန်ပြီး အထက်အောက်ပေါင်းသင်းဆက်ဆံရေး ပြေပြစ်သူလည်း ဖြစ်ပါတယ်။ အသောက်အစားကင်းပြီး ရိုးရိုးကုပ်ကုပ် ခြိုးခြံချွေတာ နေထိုင်တတ်သူတစ်ဦးဖြစ်ပါတယ်။ အိမ်ထောင်သည်တစ်ဦးဖြစ်ကာ ဇနီးဖြစ်သူကလည်း ဝန်ထမ်းတစ်ဦးဖြစ်ပါတယ်။ ဒါကြောင့် ဝန်ထမ်းများဖြစ်ကြတဲ့ သူတို့ဇနီးမောင်နှံနှစ်ဦးဟာ လစဉ် ဝင်ငွေ၊ ထွက်ငွေစာရင်းဆွဲပြီး လစာကိုစည်းစနစ်တကျဖြင့် သုံးစွဲနေသူများလည်း ဖြစ်ကြပါတယ်။

ဒါပေမယ့် တစ်နေ့မှာတော့ ထိုအရာရှိဟာ အပေါင်းသင်းမှားပြီး လောင်းကစားဖက်လာခဲ့ပါတယ်။ တခြားလောင်းကစား မဟုတ်ပါဘူး။ ဘောလုံးပွဲလောင်းတာပါ။ ပထမပိုင်းတော့ နည်းနည်းပေါက်ပါတယ်။ နောက်ပိုင်း မပေါက်လို့ အရင်းကျေအောင်ဆိုပြီး လိုက်ရင်း လိုက်ရင်းနဲ့ နှစ်သိန်းလောက် မြုပ်သွားပါတယ်။ ဝန်ထမ်းတစ်ဦးအတွက် ငွေနှစ်သိန်းဆိုသောပမာဏဟာ များလှပါတယ်။ ထိုအရာရှိဟာ ဘောလုံးပွဲရှုံးထားတဲ့ငွေနဲ့ပက်သက်ပြီး ဇနီးဖြစ်သူကိုလည်း ဖွင့်ဟမပြောရဲဘဲ ဖြစ်နေခဲ့ပါတယ်။ တအုံနွေးနွေးနဲ့ စားမဝင်အိပ်မပျော် တစ်လခန့် စိတ်ညစ်နေခဲ့ရတယ်လို့ ဆိုပါတယ်။

နောက်ဆုံးတစ်နေ့မှာ စိတ်ညစ်တဲ့ဒဏ်ကိုမခံနိုင်လို့ ဇနီးဖြစ်သူကို ဖွင့်ပြောလိုက်ရပါတယ်။ ဘာပြောကောင်းမလဲ ဇနီးဖြစ်သူကလည်း အညာသူဆိုတော့ ငွေကိုနှမြောလို့ လင်မယားနှစ်ယောက် ခွန်းကြီးခွန်းငယ် စကားများကြပါတယ်။ အရာရှိက သူမှားကြောင်းနှင့် နောက်နောင်တွင် မည်သည့်လောင်းကစားကိုမျှ မလုပ်ပါဘူးလို့ပြောဆိုပြီး အကြိမ်ကြိမ်တောင်းပန်တော့မှ ဇနီးဖြစ်သူက ကျေအေးခဲ့ပါတယ်။ အဲဒီအချိန်ကျမှပဲ သက်ပြင်းချနိုင်ပြီး စားဝင်အိပ်ပျော်တယ်လို့ ဆိုပါတယ်။

"မည်သည့်လောင်းကစားကိုမျှ မလုပ်တော့ဘူးဟု ခိုင်မာစွာဆုံးဖြတ်ထားကြောင်း" စာရေးသူကို ပြောလာပါတယ်။ "ကောင်းတာပေါ့၊ ဒီလိုစောစောစီးစီး အသိစိတ်ဝင်ပြီး သင်ခန်းစာယူနိုင်တာဟာ ဝမ်းသာစရာပဲ" ဆိုပြီး စာရေးသူက ထောက်ခံအားပေးခဲ့ပါတယ်။ မကောင်းမှုဒုစရိုက်လုပ်ငန်းကို စောစောစီးစီး စွန့်လွှတ်နိုင်သူများဟာ တိုးတက်မှုရရှိကြမှာပါ။ တချို့သောသူများဟာ သိသိနဲ့ဆက်မိုက်နေကြပါတယ်။ ထိုသူများဟာ မိသားစုနှင့်အသိုက်အဝန်းကို ဒုက္ခပေးနေကြသူများသာ ဖြစ်ပါတယ်။

**အစိုးရသစ်လက်ထက် ရက် ၁၀၀ စီမံကိန်းတွင် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများကို ထိထိရောက်ရောက် ဆောင်ရွက်သင့်ပါတယ်။ အထူးသဖြင့် လောင်းကစားဝိုင်းများကို ဖိဖိစီးစီး ဖမ်းဆီးနှိမ်နင်းသင့်ပါတယ်။ ဘောလုံးပွဲ၊ နှစ်လုံး၊ သုံးလုံး၊ ဖဲဝိုင်း၊ ကြက်ဝိုင်း၊ ဂျင်ဝိုင်း စတဲ့လောင်းကစားနည်းပေါင်းစုံကို ယခင်ကလို လိုင်ကြေးယူပြီး ခွင့်ပြုထားတဲ့စနစ်မျိုးကို မပြုလုပ်သင့်တော့ပါဘူး။ အဂတိလိုက်စားမှု တိုက်ဖျက်သွားမည်ဟု ကြွေးကြော်ထားတဲ့ အစိုးရသစ်လက်ထက်တွင် လောင်းကစားဝိုင်းများကို ထိရောက်စွာ. . .**

မြန်မာနိုင်ငံတွင် လူငယ်၊ လူလတ်၊ လူကြီး အသက်အရွယ်ပေါင်းစုံဟာ ဘောလုံးပွဲလောင်းကစားလုပ်လာတာ တွေ့ရပါတယ်။ ဘောလုံးပွဲလောင်းတာဟာ ငွေကြေးဆုံးရှုံးရုံသာမက တန်ဖိုးရှိသောအချိန်ကို လည်း များစွာပေးဆပ်နေရပါတယ်။ ဘောလုံးပွဲလောင်းသူတစ်ဦးဟာ မလောင်းမီကတည်းက ပွဲစဉ်ကြိုတင်လေ့လာရခြင်း၊ လူသူမသိအောင် ဒိုင်ဆီသွားပြီးလောင်းကြေးထပ်ရခြင်း၊ ညဥ့်နက်သန်းခေါင်အထိ ဘောလုံးပွဲစောင့်ကြည့်ရခြင်း၊ တစ်ခါတစ်ရံ မိုးလင်းပေါက်ကြည့်ရပါတယ်။ လောင်းကြေးပေါက်ရင် ခဏတာပျော်ရွှင်မှု ခံစားရနိုင်ပေမယ့် မပေါက်တာကများပါတယ်။ ဒါ့ကြောင့် အလုပ်အကိုင်ပျက်၊ စီးပွားပျက်ဖြစ်ကြရပါတယ်။

အစိုးရသစ်လက်ထက် ရက် ၁၀၀ စီမံကိန်းတွင် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများကို ထိထိရောက်ရောက် ဆောင်ရွက်သင့်ပါတယ်။ အထူးသဖြင့် လောင်းကစားဝိုင်းများကို ဖိဖိစီးစီးဖမ်းဆီးနှိမ်နင်းသင့်ပါတယ်။ ဘောလုံးပွဲ၊ နှစ်လုံး၊ သုံးလုံး၊ ဖဲဝိုင်း၊ ကြက်ဝိုင်း၊ ဂျင်ဝိုင်း စတဲ့လောင်းကစားနည်းပေါင်းစုံကို ယခင်ကလို လိုင်ကြေးယူပြီး ခွင့်ပြုထားတဲ့စနစ်မျိုးကို မပြုလုပ်သင့်တော့ပါဘူး။ အဂတိလိုက်စားမှု တိုက်ဖျက်သွားမည်ဟု ကြွေးကြော်ထားတဲ့ အစိုးရသစ်လက်ထက်တွင် လောင်းကစားဝိုင်းများကို ထိရောက်စွာ ဖော်ထုတ်အရေးယူသွားသင့်ပါတယ်။

ဘောလုံးပွဲလောင်းတဲ့အလေ့အထဟာ သာမန်အရပ်သားများအပြင် ဝန်ထမ်းအသိုက်အဝန်းထဲသို့ပင် ကူးစက်လာသဖြင့် တာဝန်ရှိသူများက အချိန်မီတားဆီးသင့်ပါပြီ။ လောင်းကစားလုပ်သော ဝန်ထမ်းများဖြင့် ဖွဲ့စည်းထားတဲ့ ရုံးတစ်ရုံး၊ ဌာနတစ်ခုဟာ လုပ်ငန်းများကို မှန်ကန်စွာ အချိန်မီ အကောင်အထည်ဖော်နိုင်ဖို့ အလားအလာနည်းသွားပြီဖြစ်ပါတယ်။ အိပ်ချိန်၊ စားချိန်ပုံမှန်မရှိတဲ့ ဝန်ထမ်းတစ်ဦးဟာ မိမိတာဝန်ကို စိတ်ပါလက်ပါ ထမ်းဆောင်နိုင်စွမ်း မရှိနိုင်ပါဘူး။ ဒါ့ကြောင့် လုပ်ဖော်ကိုင်ဖက်များကို အနှောင့်အယှက်ဖြစ်စေပါတယ်။ ထိုအကျိုးဆက်ကြောင့် တိုင်းပြည်ကုန်ထုတ်လုပ်ငန်းကို များစွာထိခိုက်စေနိုင်ပါတယ်။

လောင်းကစားလုပ်သူများဟာ အဆုံးတစ်နေ့တွင် ကတိမတည်သူများဖြစ်လာပါတယ်။ မိတ်ဆွေသူငယ်ချင်း၊ ဆွေမျိုး၊ မိဘ၊ သားသမီးများအပြင် မိမိ၏ဇနီးအပေါ် ကိုပင် လိမ်လည်တတ်လာပါတယ်။ စာရိတ္တပျက်ပြားသူများနှင့် တည်ဆောက်ထားသော အသိုက်အဝန်းတစ်ခုဟာ အကောင်းဘက်သို့ ဦးတည်နိုင်ဖို့ အခွင့်အလမ်းနည်းသွားပြီဖြစ်ပါတယ်။ တစ်ဦးနှင့်တစ်ဦး သံသယဝင်လာကြသဖြင့် ကြီးမားသောတာဝန်များကို အောင်မြင်စွာထမ်းဆောင်နိုင်မည့် Teamwork ကိုလည်း တည်ဆောက်မရနိုင်တော့ပါဘူး။

လောင်းကစားလုပ်ငန်းအများစုဟာ ဒိုင်လုပ်တဲ့သူက အသာစီးယူထားပြီး ဖြစ်ပါတယ်။ ထိုးသားဟာ ရှုံးဖို့ရာခိုင်နှုန်းများနေပါတယ်။ ထိုသဘောတရားကို သိသိနဲ့ကျူးလွန်သူများဟာ အသိဉာဏ်ခေါင်းပါးသူများသာ ဖြစ်ပါတယ်။ လောင်းကစားလုပ်ရာတွင် နိုင်သူရော၊ ရှုံးသူပါ အကျိုးမရှိပါဘူး။ နိုင်သူကလည်း လွယ်လွယ်ရတဲ့ငွေကို လွယ်လွယ်သုံးဖြုန်းပစ်တတ်ကြပါတယ်။ ရှုံးသူကလည်း စီးပွားပျက်သွားပါတယ်။ လောင်းကစားရှုံးထားသူတစ်ဦးဟာ အကြွေးတင်နေသဖြင့် မစားနိုင်၊ မအိပ်နိုင် ဖြစ်တတ်ကြပါတယ်။ မဖြေရှင်းနိုင်တဲ့အဆုံး ထွက်ပေါက်ရှာသွားတတ်ကြပါတယ်။ လောင်းကစားလုပ်ပြီး ဘဝပျက်သွားတဲ့သူတွေ ဒုနဲ့ဒေးပါပဲ။

လူ့ဘဝတွင် မိမိကိုယ်တိုင် ကာယဉာဏအားဖြင့် ကြိုးပမ်းရှာဖွေထားသော ငွေကြေးသည်သာလျှင်အဖြူစင်ဆုံးဖြစ်ပါတယ်။ သမ္မာအာဇီဝလုပ်ငန်းဖြင့် ရရှိသောငွေဟာ အသုံးခံပါတယ်။ ငွေကိုဖြတ်လမ်းနည်းဖြင့် ရှာဖွေသည်ထက် ရိုးသားကြိုးစားသောနည်းလမ်းဖြင့် ရှာဖွေစုဆောင်းခြင်းသည်သာလျှင် အကောင်းဆုံးနည်းလမ်းဖြစ်ပါတယ်။ ကြီးပွားတိုးတက်ရေးအတွက် ဖြတ်လမ်းမရှိပါဘူး။ ဖြတ်လမ်းနည်းဖြင့်ကြီးပွားရေး လမ်းစရှာသူများဟာ ပြုတ်ကျတတ်ပါတယ်။

ခြုံ၍တင်ပြရလျှင် မည်သည့်လောင်းကစားနည်းမဆို စီးပွားပျက်စေနိုင်ပါတယ်။ မြန်မာ့လူမှုအသိုက်အဝန်းတွင် ဘောလုံးပွဲလောင်းတဲ့အကျင့်ဆိုးဟာ ကင်ဆာရောဂါလို တဖြည်းဖြည်း အမြစ်တွယ်ပွားများလာပြီဖြစ်ပါတယ်။ အထူးသဖြင့် ဝန်ထမ်းများ ဘောလုံးပွဲလောင်းလာခြင်းဟာ တိုင်းပြည်အတွက် ကောင်းတဲ့အရိပ်လက္ခဏာ မဟုတ်ပေ။ ဒါ့ကြောင့် တာဝန်ရှိသူများဟာ ရုံး၊ ဌာနများတွင် လောင်းကစားပြုလုပ်နေတဲ့ ဝန်ထမ်းများကိုဖော်ထုတ်ပြီး ပညာပေးစည်းရုံး ဆောင်ရွက်သွားသင့်ပါတယ်။ လိုက်နာကျင့်ကြံနိုင်ခြင်းမရှိတဲ့ ဝန်ထမ်းများကို ရုံးတွင်းစည်းကမ်းဖြင့် အရေးယူခြင်း၊ ဌာနပြောင်းခြင်း၊ နေရာပြောင်းခြင်းတို့ဖြင့် တားဆီးသွားသင့်ပါတယ်။ လောင်းကစားလုပ်သဖြင့် အကြွေးတင်နေသူများဟာ နေ့စဉ်ဘဝမှာ စိတ်ချမ်းမြေ့ပျော်ရွှင်မှု မရှိနိုင်တော့ပါဘူး။ ထိုအကြွေးကို မည်သို့ပေးဆပ်ရမလဲ စဉ်းစားရင်းဖြင့် စားမဝင်၊ အိပ်မပျော်ဖြစ်လာပါတယ်။ ပုံမှန်အိပ်စက်နိုင်ခြင်းမရှိသူတစ်ဦးဟာ မှန်ကန်စွာတွေးတောနိုင်စွမ်းမရှိတော့ဘဲ အဆုံးတစ်နေ့တွင် ပြဿနာကို လွဲမှားစွာဖြေရှင်းတတ်ကြပါတယ်။ ဒါ့ကြောင့် ညစဉ်နှစ်ခြိုက်စွာအိပ်စက်နိုင်ရေးအတွက် လောင်းကစားကို ရှောင်ရှားသွားကြပါစို့ဟု အကြံပြုတိုက်တွန်း ရေးသားတင်ပြအပ်ပါတယ်။

## ကျေးရွာမြေပုံဇယားရန်ထုတ်ပေးနိုင်ရေး ကွင်းဆင်းဆောင်ရွက်

**ပခုက္ကူ၊ ဇွန် ၁၇**

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင်၊ ပခုက္ကူမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ရက် ၁၀၀ စီမံချက်ကို အကောင်အထည်ဖော်ဆောင်ရွက်သည့်အနေဖြင့် မကျီးပင်ပုအုပ်စု ကျွန်းအိုကျေးရွာတွင် ကျေးရွာမြေပုံဇယားရန်များ ထုတ်ပေးနိုင်ရေးအတွက် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်ထူးအောင်နှင့် လုပ်ငန်းအဖွဲ့သည် ဇွန် ၁၄ ရက် နံနက် ၁၀ နာရီက ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါကျွန်းအိုကျေးရွာသည် အိမ်ခြေ ၅၇ လုံး၊ အိမ်ထောင်စု ၆၀ ရှိပြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ပြည်သူ့အကျိုးပြုဆောင်ရွက်နိုင်ရေးအတွက် အိမ်ထောင်စုတစ်စုစီ၏ လျှောက်လွှာများ၊ ပတ်ဝန်းကျင်ထွက်ဆိုချက်များကိုရယူ၍ ကျေးရွာမြေပုံဇယားရန်များထုတ်ပေးနိုင်ရေး လုပ်ထုံးလုပ်နည်းနှင့်အညီ ထောက်ခံချက်များကို ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**

## အသက်မွေးဝမ်းကျောင်းအထောက်အကူပြုသင်တန်းဖွင့်

**မင်းဘူး ဇွန် ၁၇**

မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရက် ၁၀၀ စီမံချက်ဖြစ်သော အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ဆိုင်ကယ်ပြင်သင်တန်းကို မကျီးသုံးပင်ကျေးရွာတွင် ဇွန် ၁၂ ရက် နံနက်ပိုင်းက ဖွင့်လှစ်ခဲ့သည်။

အဆိုပါဖွင့်ပွဲတွင် ဒုမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းနိုင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ဘုန်းလင်းက သင်တန်းဖွင့်လှစ်ပေးရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။ ယင်းသင်တန်းသို့ မကျီးသုံးပင်ကျေးရွာမှ ဒေသခံ သင်တန်းသား ၁၀ ဦး တက်ရောက်ခဲ့ပြီး ဇွန် ၁၂ ရက်မှ ၁၈ ရက်ထိ သင်ကြားပို့ချကြောင်း သိရသည်။

**တင်ထွန်းဦး(မင်းဘူး)**

## ကရင်အမျိုးသားအစည်းအရုံးသို့ စိုက်ပျိုးရေးစရိတ်၊ မျိုးစပါးနှင့် ဓာတ်မြေသြဇာများ ထောက်ပံ့



**ဘားအံ ဇွန် ၁၇**

ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် အခြေစိုက် KNU ကရင်အမျိုးသားအစည်းအရုံး (ဗဟို) ဌာနချုပ် မွေးမြူရေးစခန်းရှိ ငြိမ်းချမ်းရေးအဖွဲ့ဝင် မိသားစုများ၏ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဝင်ငွေတိုးတက်မြင့်မားလာစေရေးအတွက် စိုက်ပျိုးစရိတ်အနေဖြင့်ငွေကျပ် ၃၀ တိတိနှင့် ယူရီးယား ၅၀ အိတ်၊ ကွန်ပေါင်း ၁၅ အိတ်၊ မျိုးစပါး ၁၅၇ တင်းအား ပြည်နယ်အစိုးရအဖွဲ့၏ အထောက်အပံ့ဖြင့် စိုက်ပျိုးရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူးရုံး၌ ဇွန် ၁၅ ရက် နံနက် ၁၁ နာရီက ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ စိုက်ပျိုးစရိတ်၊ ဓာတ်မြေသြဇာနှင့် မျိုးစပါးများအား ကရင်ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန မှူးဦးဝင်းလှိုင်ဦးက KNU ကရင်အမျိုးသားအစည်းအရုံး (ဗဟို) ဌာနချုပ်တာဝန်ခံ ဖဒိုစောမြမောင်ထံသို့ ပေးအပ်ခဲ့ပြီး ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ကော့ကရိတ်မြို့နယ်တွင် စိုက်ပျိုးရေးနည်းပညာပေးသင်တန်းပို့ချခြင်းနှင့် ဟောပြောပွဲများပြုလုပ်နေကြောင်း သိရသည်။

KNU ကရင်အမျိုးသားအစည်းအရုံးမှ ငြိမ်းချမ်းရေးမိသားစုဝင်များ စားဝတ်နေရေးနှင့် မွေးမြူထားသော တိရစ္ဆာန်များအတွက် လိုအပ်သောအစာရရှိစေရန် တမိုင်ကုန်း၊ အံ့ဖလေး၊ ရေတွင်းဖြူ ရေကျော်ကွင်းနှင့် တတန်ကူးကျေးရွာအတွင်းရှိ လယ် ၈၆ ဧကအား စပါးစိုက်ပျိုးရန် ပေးအပ်ထားကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**




## လုပ်ဆောင်ပုံ

| | |
|---|---|
| နာမည်ကြီး ထိပ်တန်းစာရင်း | top |
| နောက်ဆုံးပေါ် Ring Tones ပြရန် | latest |
| ဝယ်ယူထားသော သီချင်းများကို ပြန်ရန် | mylib |
| သီချင်းအသစ် ဝယ်ရန် | buy (Song Code) |
| သီချင်းကို ဖျက်ရန် | delete (song code) |
| CRBT ကို သင်၏ Default အဖြစ်ထားရန် | def (song code) |
| Song Codes များကို ရယူရန် | Lotaya Web Portal (www.lotayamm.com/service/crbt) |

- သက်သာသောနှုန်းထားနှင့် ထပ်မံမိတ်ဆက်လိုက်သည့် ယခုဝန်ဆောင်မှုကို ရယူရန် 7979 သို့ REG ဟု SMS ပေးပို့၍ ရယူသုံးစွဲနိုင်ပါသည်။
- MPT ၏ မိုဘိုင်းဖုန်း (CDMA/WCDMA/GSM) အသုံးပြုသူအားလုံး ရယူသုံးစွဲနိုင်ပါသည်။
- ယခုအခါတွင် ဝန်ဆောင်ခအနေဖြင့် တစ်လလျှင် CRBT ရယူမှုအတွက် အခမဲ့ သီချင်းတစ်ပုဒ်အပါအဝင် ၁၀၀၀ ကျပ် သာ ကျသင့်မည် ဖြစ်ပါသည်။
- လတစ်လ၏ ပထမဦးဆုံး ၁ ရက်နေ့တွင် ဝန်ဆောင်ခအား ပေးဆောင်ရမည်ဖြစ်ပါသည်။ သီချင်းပေါ်မူတည်၍ ကောက်ခံမည့် ဈေးနှုန်းကွဲပြားနိုင်ပါသည်။
- 7979 သို့ ပြောင်းလည်းအသုံးပြုလိုက်ပါက 1771 (သို့) 1772 (သို့) 1773 တို့တွင် ရှိသောသီချင်းများအားလုံး ပျက်သွားမည်ဖြစ်ပါသည်။
- ဤဝန်ဆောင်မှုမှ ရပ်ဆိုင်းလိုပါက 7979 သို့ UNR ဟု SMS ပေးပို့၍ ပယ်ဖျက်နိုင်ပါသည်။

*၂၀၁၆ ဧပြီလ ၁ ရက်နေ့မှစ၍ လက်ရှိနှုန်းထားများတွင် အစိုးရကုန်သွယ်လုပ်ငန်းခွန် ၅% ထပ်ဆောင်းကောက်ခံသွားပါမည်။

For detailed information
www.mpt.com.mm mptofficialpage mptofficial
CALL CENTER 106 | free hotline 24 hours everyday










## ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

SONY မြေယံ၊ စမ်းချောင်းမြို့နယ် (အပိုင်း-၂)
(ဆက်သွယ်ရန်ဖုန်းနံပါတ် - ၀၉-၄၃၀၈၃၉၉၉၊ ၀၉-၇၈၄၉၉၀၉၀၉၄၊ ၀၉-၄၅၆၀၇၁၇၇၅)




## တိုက်ခန်းရောင်းမည်

ပေ(၂၅×၅၀)၊ 3F ပိတောက်ပင်အထက်လမ်း၊ ကြည့်မြင်တိုင်ညဈေးအနီး (လူနေခွင့်ကျပြီး) ဝရန်တာ၊ ပြတင်းပေါက်သံပန်းတပ်ပြီး၊ မျက်နှာကြက်ကောနစ်၊ ကိုရီးယားပါကေး၊ 2BR,1A/C၊ မီးဖို၊ ရေချိုးခန်း၊ အိမ်သာကွဲပြားအပြည့်ကပ်/ခင်း၊ ဘိုထိုင်အိမ်သာ၊ အသင့်နေထိုင်နိုင်၊ ဈေး-၁၁၅၀(ညှိနှိုင်း)

**ဖုန်း-၀၉-၅၀၇၄၄၆၇၊ ၀၁-၈၅၆၁၈၅၆**

## ကျေးဇူးဆပ်ပါမည်

ရိုးအက်(စ်)ကုမ္ပဏီ၏ မှတ်ပုံတင်လက်မှတ်-၈၉၉ အက်ဖ်စီ/၂၀၁၅-၂၀၁၆(ရက)ပျောက်ဆုံးသွားပါ၍ တွေ့ရှိပါက ပြန်ပို့ပေးပါ။ ကျေးဇူးဆပ်ပါမည်။

**ဖုန်း-၀၁-၅၂၈၉၆၅**

## ဖခင်အမည်မှန်

အထက(၁)၊ မရမ်းကုန်း၊ နဝမတန်း (C)မှ မောင်ထူးလှိုင်၏ ဖခင်အမည်မှန်မှာ ဦးကျော်သူရ[၁၂/ကမန(နိုင်)၀၀၀၁၇၂] ဖြစ်ပါကြောင်း။

**ဦးကျော်သူရ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၀ သုဝဏ္ဏ(လူသုံးကုန်အနီး)၊ မြေကွက်အမှတ်-၆၈၊ မြေကွက်တည်နေရာအမှတ်(၆၈)၊ သုခိတာလမ်း၊ (၃၀)ရပ်ကွက်၊ သုဝဏ္ဏ၊ သဃ်န်းကျွန်းမြို့နယ်၊ ဦးညွန့်လှိုင်[၁၂/ဒဂန(နိုင်)၀၁၅၈၈၃]အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးညွန့်လှိုင် ကွယ်လွန်သဖြင့် ဒေါ်အေးအေးမြင့်[၁၂/ ဒဂန(နိုင်)၀၁၅၈၈၄]မှ တစ်ဦးတည်းသော ဇနီးတော်စပ်ကြောင်း ကတိသစ္စာပြုလွှာ၊ သေစာရင်း၊ ထောက်ခံချက်ကျမ်းကျိန်လွှာ ပူးတွဲတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာတွင် တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**




## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၀ သုဝဏ္ဏ(လူသုံးကုန်အနီး)၊ မြေကွက်အမှတ်-၆၉၊ မြေကွက်တည်နေရာအမှတ်(၆၉)၊ သုခိတာလမ်း၊ (၃၀)ရပ်ကွက်၊ သုဝဏ္ဏ၊ သဃ်န်းကျွန်းမြို့နယ်၊ ဦးညွန့်လှိုင်[၁၂/ဒဂန(နိုင်)၀၁၅၈၈၃]အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးညွန့်လှိုင် ကွယ်လွန်သဖြင့် ဒေါ်အေးအေးမြင့်[၁၂/ ဒဂန(နိုင်)၀၁၅၈၈၄]မှ တစ်ဦးတည်းသော ဇနီးတော်စပ်ကြောင်း ကတိသစ္စာပြုလွှာ၊ သေစာရင်း၊ ထောက်ခံချက်ကျမ်းကျိန်လွှာ ပူးတွဲတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာတွင် တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ခွေးရောင်းမည်

Pekingese
Larbrador
Alasakan
Gread Dane
ဂျပန်စပန်နီရယ်
အင်းခွေးရောင်းမည်။
**Ph:09-799705762**



ဆုမွန်ကောင်းတောင်းလွှာ

(၁၄-၆-၂၀၁၆)ရက်နေ့တွင် ကျရောက်သော
စိန်ဒိုင်းမွန်း သဘော်ဆေးကုမ္ပဏီလီမိတက်၏ မန်နေဂျင်းဒါရိုက်တာ
ဦးတင်လတ် + ဒေါက်တာဒေါ်စန်းစန်းဝင်း တို့၏
(၂၅)နှစ်ပြည့် ငွေရတုမင်္ဂလာနှစ်ပတ်လည် နေ့အား
ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့်
ယနေ့မှစ၍ နှစ်(၁၀၀)တိုင်အောင် သာယာချမ်းမြေ့သော
မိသားစုဘဝကို ပိုင်ဆိုင်နိုင်ပါစေကြောင်း
ဆုမွန်ကောင်းတောင်းအပ်ပါသည်။

SD PAINT
စိန်ဒိုင်းမွန်း သဘော်ဆေးကုမ္ပဏီလီမိတက် မှ ဝန်ထမ်းများ



Forever Gems by
ရွှေနန်းတော်

မိုးရာသီအထူးအစီအစဉ်
၁-၆-၂၀၁၆ မှ ၃၀-၉-၂၀၁၆

ရွှေနန်းတော်စိန်ရွှေရတနာဆိုင်(၄)ဆိုင်မှချက်ချင်းပေါက် ချက်ချင်းယူဇလာမပါကံစမ်းမဲ
(၁)ကျပ်သား ရွှေဆွဲကြိုး (၅) ကုံး
(၁၂ပဲ) ရွှေဆွဲကြိုး (၅) ကုံး
(၈ပဲ) ရွှေဆွဲကြိုး (၁၀)ကုံး အပါအဝင်ရွှေသားကံစမ်းမဲ(၁၅၀)ကျော်ချီးမြှင့်ပေးမည်။

ဝယ်ယူမှုသိန်း(၆၀)ပြည့်တိုင်းငွေသားကျပ်(၂၅၀၀၀)ချက်ချင်းခံစားခွင့်ရှိသည့်
Golden Palace Super Diamond card
၃၁-၁၂-၂၀၁၆ အထိ အများဆုံးဝယ်ယူသူ(၂၅)ဦးအတွက်
ရွှေ(၁၀)ကျပ်သား၊ ရွှေ(၇)ကျပ်သား၊ ရွှေ(၅)ကျပ်သားအပါအဝင် ရွှေသားဆုမဲ(၂၅)ဆု

Silver card,Gold card, Diamond card အကျိုးခံစားခွင့်များနှင့်
3D CAD/CAM ဖြင့် ကမ္ဘာ့အဆင့်မီ လက်ဝတ်ရတနာများကို ထုတ်လုပ်ရောင်းချပေးခြင်း၊
Order ထည်များကိုလည်းလက်ခံခြင်းများဆောင်ရွက်ပေးနေပါသည်။

ဆိုင်(၁)- အမှတ်- ၅၄၃၊ မဟာဗန္ဓုလလမ်းနှင့်လမ်းမတော်လမ်းထောင့်ဆုံ ဈေးမီးပွိုင့်အနီး PH: 01-210572,01-229409,01-227212
ဆိုင်(၂)- အမှတ်- ၆၈၉၊ ၁၉လမ်းနှင့်မဟာဗန္ဓုလလမ်းထောင့် PH:01-211728, 01-226977,01-228751
ဆိုင်(၃)- မြေညီထပ်၊ JUNCTION SQUARE SHOPPING CENTRE PH:01-211728, 09-731 45462,09-731 45463
ဆိုင်(၄)- (G-05A), မြေညီထပ်၊ MYANMAR PLAZA (HAGL GROUP) NEAR SEDONA HOTEL), PH: 09-2653 99966, 09-2653 99977




## မကွေးတိုင်းဒေသကြီး ရေနံချောင်း စက်မှုဇုန် အိတ်ချိန်းရှိ အော်တိုတယ်လီဖုန်းနံပါတ်များအား ခေတ်မီအိတ်ချိန်းစက်များနှင့် ပြောင်းလဲမည်

**ရန်ကုန်၊ မြန်မာ၊ ၂၀၁၆ ခုနှစ် ဇွန်လ ၁၄ ရက်** – မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း MPT က ပိုမိုကောင်းမွန်သည့် အရည်အသွေးနှင့် ခေတ်မီဝန်ဆောင်မှုများကိုပေးနိုင်ရန် မကွေးတိုင်းဒေသကြီး ရေနံချောင်းစက်မှုဇုံအိတ်ချိန်းနယ်မြေအတွင်း အော်တိုတယ်လီဖုန်းနံပါတ်များအား ခေတ်မီအိတ်ချိန်းစက်များနှင့် ပြောင်းလဲမည်ဖြစ်ပါသည်။ ပြောင်းလဲမည့်နေ့ရက်နှင့် တယ်လီဖုန်းနံပါတ်မှာ အောက်ပါအတိုင်းဖြစ်ပါသည်။

| ဇရိယာ | လက်ရှိအသုံးပြုနေသော ဖုန်းနံပါတ် | အသစ်ပြောင်းလဲမည့် ဖုန်းနံပါတ် | နေ့စွဲ |
|---|---|---|---|
| ရေနံချောင်းစက်မှုဇုန် အိတ်ချိန်းဇရိယာ (ရေနံချောင်းမြို့နယ်၊ မကွေးတိုင်းဒေသကြီး) | ၀၆၀-၃၀-××× | ၀၆၀-၈၈၀-၀××× | ဇူလိုင်လ ၁ ရက်၊ ၂၀၁၆ |

အဆိုပါ နံပါတ်အဟောင်းမှ နံပါတ်အသစ်သို့ ပြောင်းလဲစဉ်ကာလအတွင်းတွင် MPT မှ မိမိတို့၏ဝန်ဆောင်မှုကို အသုံးပြုနေသူများ အနေဖြင့် ဆက်သွယ်မှုအဆင်ပြေစေရန် Call Forward ဝန်ဆောင်မှုကို ၂၀၁၇ ခုနှစ် ဇွန်လကုန်အထိ အခမဲ့ပေးထားမည်ဖြစ်ပါသည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း

We must work together! We must build our Nation!

သင်...အသက်ငယ်ငယ်နဲ့ အောင်မြင်ချင်ပါသလား ➡ လူငယ်မန်နေဂျာသင်တန်း

MYANMAR'S LAND
Success, Motivation and Management Institute
www.facebook.com/mlinstitute

YOUNG MANAGER TRAINING



သင်တန်းများအားလုံးကို ABE (UK) ၏ ကမ္ဘာ့အမှတ်အများဆုံးရ (WORLD FIRST) ရရှိထားသော ဆရာ လင်းသိုက်ညွန့် (မြန်မာ့ငွေ) ကိုယ်တိုင်သင်ကြားပေးပါမည်။

စီးပွားရေးစီမံခန့်ခွဲမှုပညာကို စိတ်ဝင်စားသူ လူငယ်တိုင်းအတွက်...

- အခြေခံစီးပွားရေးစီမံခန့်ခွဲမှုပညာ (Basic Business Management)
- Marketing, HR, Operation အခြေခံ အသိသုတများ
- Business Plan, Business Model ရေးဆွဲနည်း
- ခေါင်းဆောင်မှုပညာ (Leadership Skill)
- အပြုသဘောရှုမြင်မှု၊ စကားပြောဆိုမှုပညာ
- Problem Solving Skill, How to get idea ?

တော်ဝင်စင်တာ New Campus တွင် သင်ကြားပါမည်

၂၅-၆-၂၀၁၆ ဖွင့်မည်။သင်တန်းကာလ (၂-လ) Sat-Sun 5:30 pm to 7:30 pm

သက်ဆိုင်ရာနယ်ပယ်အသီးသီးမှ ကျွမ်းကျင်ပညာရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်များမှလည်း Guest Speaker များအဖြစ် ပါဝင်ဆွေးနွေးပေးပါမည်။

Campus - Taw Win Centre (3rd Floor) website : www.lynnthaiknyunt.com
Contact: 01503172, 09259290274, 09259290273, 0943121060, 0932350785, 095010014


## စာရေးဆရာကြီးဦးနု (ဝန်ကြီးချုပ်ဟောင်း)
## (၁၀၉) နှစ်ပြည့် မွေးနေ့ အထိမ်းအမှတ်

(၂၀-၆-၂၀၁၆) တနင်္လာနေ့သည် စာရေးဆရာကြီးဦးနု သက်ရှိထင်ရှား ရှိနေဦးမည်ဆိုပါက အသက် (၁၀၉ နှစ်) ရှိပါမည်။ ယခုမွေးနှစ်မင်္ဂလာ အထိမ်းအမှတ်အဖြစ် ချမ်းမြေ့ဆရာတော်ကြီးအား အမှူးထား၍ သံဃာတော် အရှင်သူမြတ်များ၊ ယောဂီများအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းပြီး စာအုပ်ထုတ်ဝေရေးတိုက်နှင့် စာပေမိတ်ဆွေများအား နေ့လယ်စာဖြင့် ဧည့်ခံမည်ဖြစ်ပါ၍ အောက်ပါအတိုင်း ကြွရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

နေ့ရက်။ ။ (၂၀-၆-၂၀၁၆) တနင်္လာနေ့
အချိန်။ ။ နံနက် ၁၀ နာရီ
နေရာ။ ။ ချမ်းမြေ့ရိပ်သာ၊ ကမ္ဘာအေးစေတီလမ်း၊ ရန်ကုန်မြို့။

ဦးနု ထာဝရရန်ပုံငွေအဖွဲ့


Reg : 219/99

ရွှေဘုံသာမှာ အောင်သမာဓိ စိန်ရွှေရတနာဆိုင် ဖွင့်ပါပြီ ....

အောင်သမာဓိရဲ့ရွှေမိုးများ၊ ရွှေချစ်သူများရဲ့နွေးထွေးတဲ့ ဖိတ်ခေါ်မှုအရ၊ ရန်ကုန်မြို့ရွှေဘုံသာလမ်းမှာ အောင်သမာဓိ စိန်ရွှေရတနာဆိုင်သစ် အမှတ်(၅)ကို ၂၀.၆.၂၀၁၆ နေ့ကစလို့ ဖွင့်လှစ်လိုက်ပါပြီ ။

ဆိုင်စဖွင့်တဲ့နေ့က စပြီး ရက်ပေါင်း ၁၀၀ အတွင်း ဝယ်ယူအားပေးသူများအတွက် ရွှေထည်ပစ္စည်း အမျိုးပေါင်း (၁၀၀) ကို ကံစမ်းမဲဖြင့် စေတနာတုံ့ပြန် သွားမှာဖြစ်လို့ "ရွှေအခွင့်အရေးကြီး" ကို လက်လွတ်မသွားစေရန် အတွက် သတင်းကောင်းပါးအပ်လိုက်ပါတယ်။

ကံစမ်းမဲဖွင့်မည့် ရက် နှင့် နေရာ။ ။ ၂.၁၀.၂၀၁၆ ၊ မနက် (၉)နာရီ၊ တော်ဝင်ဂါးဒင်းဟိုတယ် (Grand Ball Room)

အောင်သမာဓိ စိန်ရွှေရတနာဆိုင် အမှတ်(၅) အမှတ်(၈၀) ၊ ရွှေဘုံသာလမ်း ၊ ပန်းဘဲတန်းမြို့နယ် ၊ ရန်ကုန်မြို့။ ဖုန်း ၀၁-၃၇၅၈၃၉



ဆိုင်တွေမှာ ပစ္စည်းပြတ်သွားလောက်အောင် မိန်းကလေးတွေရဲ့ ပါးစပ်များမှာ တဟုန်ထိုးကျော်ကြား လူကြိုက်များနေတဲ့ Swiss Formula 3 Way Cake ကို ရောင်းချလိုသော လက်လီ/လက်ကားဆိုင်များအနေဖြင့် အောက်ပါဖုန်းနံပါတ်များကို ဆက်သွယ်မေးမြန်း ဝယ်ယူနိုင်ပါသည်။

*** Special Promotion ***

3 Way Cake တစ်ဗူးဝယ်ယူသည့် သူတိုင်းအား BB Cream Liquid Foundation ဗူးသေးတစ်ဗူးကို လက်ဆောင်အဖြစ် တွဲကပ်ပေးထားပါသည်။




၀၉-၂၅၀၁၆၂၂၈၂ ၀၉-၇၈၅၆၆၆၆၅၁ ၀၉-၇၈၅၆၆၆၆၅၂ ၀၉-၇၈၅၆၆၆၆၅၃



တိုက်ကြီးမြို့အဝင် မြေကွက်ရောင်းမည်
ပြည်လမ်းမကြီးဘေး၊ ဖိုက်ဂျုံးပြီး နဂါးမောက်ပင် (၁၅၀)ပေ်ခံ၊ ဥယျာဉ်မြေ (၂.၅)ဧက
ပုံစံ (၇) ကျပြီး
ဈေးနှုန်း - ၃၅၀ သိန်း
Ph : 09-974988492, 09-975844740



မင်္ဂလာပါ
အိမ်ပြောင်း၊အိမ်ရွှေ့လုပ်ငန်း
မြို့တွင်း/နယ်ဝေးများအတွက်
ဈေးနှုန်းချိုသာစွာဖြင့်
Box ကားမျိုးစုံဖြင့်
အလုပ်သမားစီစဉ်ပေးသည်။
09-450042704
09-250095116
09-420096296



PUN HLAING + SILOAM HOSPITALS

CARDIOLOGY ... The New Frontier ...

Prof. Pim J De Feyter (Topic - 1) "Coronary Imaging"
Prof. Aung Kyaw Zaw (Topic - 2) "Current Approach to Managing Acute Coronary Syndromes"
Dr. Jayaram Lingamanaicker (Topic - 3) "Managing Acute Heart Attack"

"ဆေးပညာဘွဲ့လွန် သင်တန်းသားများ အထူးတက်သင့်သည်"

Sedona Hotel
*Mindon Room (Level - 2)* 19 June, 2016 (Sunday) 10 : 00 AM - 12 : 00 PM (*RSVP - Ngu War Htwe (09 - 97 23 49 447), 01-684325 (Ext : 1304)*)


အား က စား မြင့် တင် စိတ် လန်း ရွှင် ဆန့် ကျင် မူး ယစ် ဆေး

The 2nd Myanmar International Education & Career Fair 2016
မြန်မာအပြည်ပြည်ဆိုင်ရာပညာရေးနှင့်အလုပ်အကိုင်အခွင့်အလမ်းပြပွဲ ၂၀၁၆
Hot Line: 09 795815900
June 24 to 26, 2016
Tatmadaw Hall
Yangon, Myanmar
www.miecf.net



Online register ပြုလုပ်သူများအား Samsung Tab A အပါအဝင်အိမ်သုံးလျှပ်စစ်ပစ္စည်းများစွာကိုကံထူးရှင်အဖြစ် ရွေးချယ်ကာချီးမြှင့်သွားပါမည်။
ဆရာဒင်မောင်ညို(ဘောဂဗေဒ)နှင့် သက်ဆိုင်ရာကျောင်းများမှပညာရှင်ကြီးများက နေ့စဉ်ပညာရပ်အလိုက်ဟောပြောဆွေးနွေးသွားမည်ဖြစ်ပြီး စိတ်ပါဝင်စားသူမည်သူမဆိုတက်ရောက်လေ့လာနိုင်ပါသည်။
ပြပွဲသို့တက်ရောက်လေ့လာသူများအတွက်လည်းနေ့စဉ်မိုဘိုင်းဖုန်းဆက်များစွာကိုကံစမ်းမဲဖွင့်လှစ်ပေးမည်ဖြစ်သည်။
Supported by:
Media Partner:
METRO AEC connect BIY YCTC QI PSTI APOLLO iwork.com.mm CAREE ACADEMY Aptech LID NTT DATA Linux Lab infoava

စိန်နန်းတော်
Diamonds & Fine Jewelry
မိုးရာသီအထူး Promotion
7th June - 31st August 2016
5% to 30% off



ချက်ချင်းပေါက်ချက်ချင်းယူ ဗလာမပါကံစမ်းမဲ
စိန်လက်စွပ် - (၁၀) ကွင်း
ပလက်တီနမ်ကြိုး - (၂၀) ကုံး
ရွှေဆွဲသီး - (၅၀) ခု နှင့် အခြားအဖိုးတန်ဆုမဲများစွာ



စိန်ထည်ဝယ်ယူသူများကို ပုလဲဟန်းချိန်းများ ထပ်ဗံလက်ဆောင်ပေးသွားပါမည်။



သိန်း (၁၀၀) ဖိုးဝယ်ယူသူတိုင်းကို ငွေ (၅)သောင်းကျပ်လက်ငင်းပြန်အမ်းပေးမည့် မိုးရာသီအထူးအစီအစဉ်
Main Branch - No. 663/665 Mahabandoola Road, Between Latha St & 20th St, Yangon Ph: 01-371944, 01-371454, 01-371425
Branches - Taw Win Center, Junction Square Shopping Center, Gamone Pwint (Ga Bar Aye), Ocean Supercenter (Shwe Gone Daing), Myanmar Plaza (HAGL)
http://www.seinnandaw.com info@seinnandaw.com facebook.com/seinnandaw Online Shopping Hotline - +95 942500 8475

ဝိတိုရိယ ဆေးရုံ
Victoria Hospital
Quality Care
မလေးရှားနိုင်ငံမှ
နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးခေါင်းနှင့် လည်ပင်း
အထူးကုပါမောက္ခဆရာဝန်ကြီးက ဇူလိုင်လ တွင် ခွဲစိတ်ကုသပေးမည့်အစီအစဉ်
High Tech ENT Head & Neck Surgery
ONE STOP SOLUTION
- အသံဝင်ခြင်းနှင့် အသံကြိုးတွင် အသီးထသောရောဂါများကို Laser ဖြင့် ခွဲစိတ်ကုသပေးခြင်း။
- နားမကြားသည့်သူများအား ကမ္ဘာ့အဆင့်မြင့်နည်းပညာဖြင့် အမေရိကန်နိုင်ငံလုပ် အကြမ်းခံ၊ ရေစိုခံ အတွင်းနားအာရုံကြောနှီးဆွစက် Cochlear Implant ကို ဝါရင့် ကမ္ဘာကျော်မလေးရှားမှခွဲစိတ်ဆရာဝန်ကြီးဖြင့် ယုံကြည်စိတ်ချစွာ ခွဲစိတ်ပေးခြင်း၊ ခွဲစိတ်ပြီးသည့်အခါ ကျွမ်းကျင်စိတ်ရှည်သော စကားပြောလေ့ကျင့်ပေးသည့် ဆရာမဖြင့် စနစ်တကျသင်ကြားပေးခြင်း။
- နှာခေါင်းရောဂါများကို တီဗွီမှန်ပြောင်းဖြင့် အကုစိတ်ခွဲစိတ်ကုသပေးခြင်း။
- လည်ပင်းကင်ဆာများကို လိုအပ်သလိုခွဲစိတ်ကုသပေးခြင်း။
ဇူလိုင်လ(၁)ရက်နေ့တွင်ပြင်ပလူနာများကို ကြည့်ရှုပေးသွားမည်ဖြစ်ပြီး ဇူလိုင်လ (၂နှင့်၃)ရက်နေ့များတွင် ခွဲစိတ်ကုသပေးမည်။
ခွဲစိတ်ကုသလိုသူများသည် ကြိုတင်စစ်ဆေးမှုများ ပြုလုပ်ရန်လိုအပ်ပါသဖြင့် ဇွန်လ (၂၇)ရက်နေ့ မတိုင်မီ လာရောက်တွေ့ဆုံရန်လိုအပ်ပါသည်။
လူဦးရေအကန့်သတ်ထားပါသဖြင့် ကြိုတင်စာရင်းပေးရန် လိုအပ်ပါသည်။
အသေးစိတ်စုံစမ်းမေးမြန်းလိုပါက - - - ၀၉၇၈၃၆၆၆၃၁ ~ ၁၄၄ - Extension: ၇၀၆၅ သို့ဆက်သွယ်နိုင်ပါသည်။
အမှတ် (၆၈)၊ တော်ဝင်လမ်း၊ (၉)မိုင်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ Website : www.victoriahospitalmyanmar.com
Facebook : www.facebook.com/WictoriyaGeneralHospital

ကွန်ဒိုငှားမည်
River View Point Tower ကွန်ဒိုအသစ် (2000 Sqft) ကမ်းနားလမ်းနှင့် သစ်တောလမ်းထောင့်၊ အလုံမြို့နယ်၊ (အဆင့်မြင့်ပြင်ဆင်ပြီး)
ဖုန်း-၀၁-၆၈၇၆၃၈၊ ၀၉-၇၈၅၀၁၉၆၆၇

KO YE
အိမ်၊ ခြံ၊ မြေ အကျိုးဆောင်
ဒဂုံရှေ့ပိုင်း၊ တောင်ပိုင်း၊ မြောက်ပိုင်း၊ ဆိပ်ကမ်း၊ ရွှေပေါက်ကံ မြို့နယ်များရှိ မြေကွက်များဝယ်လိုပါသည်။
09 73111472
09 421120927

ဒဂုံမြို့သစ်
အရှေ့ပိုင်း
ဆိပ်ကမ်းမြို့နယ်
တောင်ပိုင်း၊ မြောက်ပိုင်း
များရှိမြေကွက်များကို
ဈေးကောင်းပေးဝယ်သည်။
09-500 5916
09-730 97123

ချိုသာသောဈေးဖြင့် အဆောက်အဦးပါ မြေကွက်ရောင်းမည်။
သန်လျင်၊ အမှတ်ထမ်းရပ်ကွက် ကျိုက်ခေါက်ဘုရားလမ်းမကြီးအနီး။
မြေဧရိယာ ၀.၈၃၅ ဧက(၁၈၀'x၂၀၀')၊ ရေ၊ မီး။
အုတ်တံတိုင်းခတ် ဂိုဒေါင်သုံးလုံးပါ၊
3B မြေရောင်းမည်။
ဈေးနှုန်း = ၇၀၀၀ သိန်း ညှိနှိုင်း
အကျိုးဆောင်လိုသည်။
ဆက်သွယ်ရန် - ၀၉-၄၉၃၄၇၆၄၉၊ ၀၉-၈၇၅၈၄၄၇၅၀

ဇီ ဝ မျိုး စုံ မျိုး ကွဲ တွေ ကြွယ် စေ ဖို့ သ ဘာ ဝ တော တွေ ထိန်း သိမ်း စို့

# အထူးဝမ်းနည်းကြေကွဲခြင်း

## ဒေါ်မြမြ(မော်လမြိုင်)

## အသက် (၉၄)နှစ်

ဦးလှဟန် (MANAGING DIRECTOR-WAH WAH AGRICULTURAL CHEMICALS TRADING CO., LTD)-ဒေါ်ဝါဝါသိန်းတို့၏ ကျေးဇူးရှင်မိခင်ကြီး ဒေါ်မြမြ အသက် (၉၄)နှစ်သည် ၁၂-၆-၂၀၁၆ရက် မွန်းလွဲ ၁း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**အရောင်းကိုယ်စားလှယ်တော်ကြီးများဖြစ်သော-မဍ္ဍေဝါ(အောင်ပန်း)၊ ဦးကျော်ဝင်းနိုင်(ပိန်းကန်)၊ မြေလတ်ရာဇာ(မြောင်မြို့)၊ ချမ်းမြေ့-၂(ရွှေဘိုမြို့)၊ ဟိန်းထက်(သစ်ရာကောက်)၊ အိဇော်(ကျောင်းကုန်း)၊ ရွှေဇီးကွက်(ချောင်းဦးမြို့)၊ မျိုးချစ်(တောင်ငူမြို့)၊ အားသစ်(တပ်ကုန်းမြို့)၊ ဦးခင်မောင်ချို (မအူပင်မြို့)၊ စန်းသော်တာ(ကွမ်းခြံကုန်းမြို့)၊ ဦးမောင်မောင် (ဒိုက်ဦးမြို့)၊ မိုးမြင့်စံ(ပခုက္ကူမြို့)**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးအောင်ချင်ဆက်(ခ)ဦးတင်အေး**

**ဥက္ကဋ္ဌ(သီလဝဏ်ကုမ္ပဏီ)**

**အသက်(၉၃)နှစ်**

ဦးတင်ဝင်း (မန်နေဂျင်းဒါရိုက်တာ၊ သီလဝဏ်ဝန်ဆောင်မှုကုမ္ပဏီနှင့် Jasper Motor ကုမ္ပဏီ)-ဒေါ်ကြွန္ဒနီလာဦးတို့၏ဖခင် ဦးအောင်ချင်ဆက်(ခ)ဦးတင်အေး (ဥက္ကဋ္ဌ-သီလဝဏ်ကုမ္ပဏီ) အသက်(၉၃)နှစ်သည် ၁၃-၆-၂၀၁၆ရက် (တနင်္လာနေ့) နံနက် ၇း၅၅ နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဦးဇော်ဇော်-ဒေါ်ဌေးဌေးခိုင်**

**Max Myanmar Holding Co., Ltd**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ သိမ်၊ ကျောင်း၊ မုခ်ဦး၊ ရေတွင်း၊ ရေကန် အလှူ့ဒါယိကာမကြီး**

**ဒေါ်ပါးပါး (၈၄)နှစ်**

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ ကုန်ဈေးတန်းလမ်းနေ ဦးဘာဘူ(ခ)ဦးအေးမောင်၊ ဦးတင်မောင် (စန္ဒီပရဆေးရောင်းဝယ်ရေး)တို့၏ မိခင်ကြီးသည် ၈-၆-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဆရာဦးထွန်းထွန်း**

**ရွှေခေါင်းပေါင်းဆေးတိုက်**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

**ဦးဟန်ထွန်း (၆၉)နှစ်**

အင်္ဂပူမြို့နယ်အသင်း(ရန်ကုန်)၏ ရာသက်ပန်အသင်းဝင်၊ ကြည့်မြင်တိုင်မြို့နယ်၊ သရက်တောတောင်ရပ်ကွက်၊ ကမ်းနားလမ်း၊ အမှတ်(၃၈၉)နေ ဒေါ်လှရှိန်၏ခင်ပွန်း ဦးဟန်ထွန်း (၆၉)နှစ်သည် ၁၁-၆-၂၀၁၆ (စနေနေ့) နံနက် ၇း၄၅ နာရီတွင် ဝိတိုရိယဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဥက္ကဋ္ဌဦးမြင့်အောင်နှင့်အမှုဆောင်အဖွဲ့**

**အင်္ဂပူမြို့နယ်အသင်း(ရန်ကုန်)**

## ဂရန်မူရင်းပယ်ဖျက်ပြီးဖြစ်ကြောင်း အသိပေးကြော်ငြာခြင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၃၊ မြေကွက်အမှတ်(၁၃၄၅/ခ)၊ မြေကွက်တည်နေရာအမှတ်(၁၃၄၅/ခ)၊ (၁၃)ရပ်ကွက်၊ တောင်ဥက္ကလာပ (ဦးမြမောင် AC-၀၀၁၈၁၄)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးမြမောင်(AC-၀၀၁၈၁၄) ထံမှ ပိုင်ဆိုင်ကြောင်းစာချုပ်-၆၀၃၅(၂၂-၉-၁၅)ဖြင့်ရရှိသူ ဒေါ်သန်းမြင့်[၁၂/ဥကတ(နိုင်)၀၈၂၄၀၈]မှ ဂရန်ပျောက်ဆုံးသဖြင့် ဂရန်မိတ္တူလျှောက်ထားလာခြင်းအား ဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ရာ ကန့်ကွက်သူမရှိသဖြင့် ဂရန်မိတ္တူထုတ်ပေးပြီးဖြစ်၍ မူလထုတ်ပေးထားသည့် ဦးမြမောင်(AC-၀၀၁၈၁၄)အမည်ပေါက် နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)မူရင်းစာအုပ်အား မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနမှ ပယ်ဖျက်ပြီးဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်ရန်ကြော်ငြာ

အောက်ပါလျှောက်ထားသူအား (၄)လက်မအဝီစိတွင်း(၁)တွင်း တူးဖော်ခွင့်လိုင်စင်ထုတ်ပေးခြင်းကို မည်သူမဆို ကန့်ကွက်လိုပါက ကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက် ရုံးချိန်အတွင်း မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန မြေအောက်ရေကြီးကြပ်မှု အရာရှိရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

| | |
|---|---|
| လျှောက်ထားသူအမည်နှင့် | ဦးကျော်ဇော |
| နေရပ်လိပ်စာ | အမှတ်(၁၉၂)၊ အင်ကြင်းလမ်းနှင့်(၇)လမ်းထောင့် |
| တူးဖော်မည့်နေရာ | ရွှေနံ့သာစံပြ၊ မင်္ဂလာဒုံမြို့နယ် |
| မြေကွက်အမှတ် | (၁၉၂) |
| မြေတိုင်းရပ်ကွက်အမှတ် | ရွှေနံ့သာစံပြ |

**မြေအောက်ရေကြီးကြပ်မှုအရာရှိ**

**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

## အထူးကျေးဇူးတင်ရှိခြင်း

**ဒေါ်ခင်မြ**

**အသက်(၈၆)နှစ်**

**ကျောက်ဖြူ**

၁၁-၆-၂၀၁၆ ရက်တွင် ကွယ်လွန်သွားခဲ့သော မိခင်ကြီးဒေါ်ခင်မြ နာမကျန်းဖြစ်စဉ်က မေတ္တာစေတနာအပြည့်ဖြင့် အထူးဂရုစိုက်ကုသပေးခဲ့ကြသော တပ်မတော်ဆေးရုံကြီး၊ မင်္ဂလာဒုံ(၁/၁၀၀၀)မှတပ်မှူးနှင့်တကွ ဗိုလ်မှူးကြီး ခင်အောင်ထွန်းနှင့်ဆရာဝန်၊ သူနာပြုများအားလည်းကောင်း၊ ဖြည့်ဆည်းမှုများ ဆောင်ရွက်ပေးသည့် မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်၊ ရွှေဂန္ဓမာထရေးဒင်းကုမ္ပဏီလီမိတက်မှ MD နှင့် ဝန်ထမ်းများအားလည်းကောင်း၊ ၁၃-၆-၂၀၁၆ရက် ဈာပနအခမ်းအနားတွင် ကရုဏာမေတ္တာများဖြင့် လာရောက်အားပေးနှစ်သိမ့်ခဲ့ကြသည့် စတသ(၂၄)မှ သူငယ်ချင်းများနှင့် မိသားစုများအားလည်းကောင်း၊ ဝိုင်းဝန်းကူညီပေးကြသည့် MECမှဝန်ထမ်းများ၊ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ ကျေးဇူးတင်ထိုက်သူအားလုံးတို့အား အထူးပင်ကျေးဇူးတင်ရှိပါကြောင်း။

**ကျန်ရစ်သူမိသားစု**

## ကျေးဇူးအထူးတင်ရှိခြင်း

**ဒေါ်ခင်ဌေး (စောင်-၂)**

**အသက်(၈၅)နှစ်**

မေမေ(ဒေါ်ခင်ဌေး)၏ နာရေးကိစ္စတွင် လိုက်ပါပို့ဆောင်ပေးသော တေဇ(၉)မှ သူငယ်ချင်းများ၊ ဝိတိုရိယဆေးရုံမှ ဆေးရုံအုပ်ကြီးနှင့် ဝန်ထမ်းများ၊ TAXI အဖွဲ့သားများ၊ နာရေးကိစ္စအဝဝတွင် ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများ၊ သူငယ်ချင်းများ၊ ကိုယ်တိုင်လိုက်ပါပို့ဆောင်ကြသော မိတ်ဆွေများအားလည်းကောင်း၊ အစစအရာရာ ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးကြသူများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်း။

**ကျန်ရစ်သူမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဒေါ်သန်းမြ (၇၂)နှစ်**

**အင်းပေါ်ခုံရွာ၊ အင်းလေး**

သူငယ်ချင်း ဦးကျော်လွင်(ဦးစီးအရာရှိ-စုံစမ်းရေး၊ စ. စ. စ)- ဒေါ်ဝါဝွမ်းဖြူ (ဦးစီးအရာရှိ-စုံစမ်းရေး၊ စ. စ. စ)တို့၏မိခင်သည် ၁၃-၆-၂၀၁၆ ရက်တွင် ကွယ်လွန်ကြောင်းသိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူဝမ်းနည်း ကြေကွဲရပါသည်။ မိခင်ကြီးကောင်းရာဘုံဘဝ ရောက်ရှိစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**စုံစမ်းရေးလက်ထောက်(၁၉၈၈)လူမှုရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာချက်

ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၅စီဂျီ၊ မြေကွက်အမှတ်-၃၈၇၊ မြေကွက်တည်နေရာအမှတ်-၆၅၊ အနောက်ဈေးဟောင်းလမ်း၊ ဆရာစံ မြောက်/အနောက်ရပ်ကွက်၊ ဗဟန်းမြို့နယ် (ဒေါ်သင်းသင်းနွဲ့)[၁၂/အစန(နိုင်)၁၃၄၃၂၅] အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ်-၂၈၈/၂၀၁၄၏ ၁-၁-၂၀၁၅ရက်စွဲပါ မြေကွက်နှင့် အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်နှင့်ပတ်သက်၍ ရန်ကုန်မြို့စာချုပ်စာတမ်း မှတ်ပုံတင်ရုံးတွင် အရောင်းအဝယ် မှတ်ပုံတင်စာချုပ်ချုပ်ဆို ပေးစေလိုကြောင်းစွဲဆိုသောအမှုကို စရိတ်နှင့်တကွ အနိုင်ဒီကရီချမှတ်ပေးသည့် စီရင်ချက်၊ ဒီကရီ၊ တရားမဇာရီမှုအမှတ်-၂၅/၂၀၁၅၏ ၁၆-၁၀-၂၀၁၅ရက်စွဲပါ အမိန့်၊ ထုံးပုံကျအပြီးသတ်အမိန့် ၂၇-၁၀-၂၀၁၅ရက်စွဲပါ ဘီလစ်ခန့်စာတို့ တင်ပြ၍ တရားရုံးကိုယ်စား (ဘီလစ်)ဒေါ်မေသူဟန်[၁၂/ဥကမ(နိုင်)၁၈၈၃၇၀]မှ အရောင်းအဝယ် စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါ ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာချက်

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၂၊ မြေကွက်အမှတ်-၁၀၈၄၊ မြေကွက်တည်နေရာအမှတ်-၁၀၈၄၊ မဥ္ဇူသကလမ်း၊ (၁၂)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ဗိုလ်ကြီးနေစိုး အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား ဦးနေစိုး(ISN-၅၇၉၅၃၈) [၁၂/ရကန(နိုင်)၀၄၈၆၃၇]မှ ဂရန်မူရင်းပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ မြို့နယ်၊ အထွေထွေအုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ တရားရုံးကျမ်းကျိန်လွှာ၊ ကိုယ်တိုင်ကတိဝန်ခံချက်၊ ၎င်းထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၁၂၅၈၀ (၈-၁၂-၁၅)ဖြင့် ရရှိသူ ဒေါ်အိအိမွန်ထွေး[၁၂/လမန(နိုင်)၁၃၅၅၂၅]မှ ပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါမရုပ်သိမ်းကြောင်း ကျမ်းကျိန်လွှာတို့တင်ပြ၍ ဂရန်မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာခြင်းအပေါ် လုပ်ထုံးလုပ်နည်းအဆင့်ဆင့် ဆောက်ရွက်ခဲ့ပြီး ကန့်ကွက်ချက်မရှိခြင်းကြောင့် ဂရန်မိတ္တူထုတ်ပေးမည်ဖြစ်ပါသဖြင့် မြေငှားစာချုပ်အမှတ်-၂/ခမတ/ရွှေဂရန်-၃၂(၉၃/၉၄)၊ (၁၇-၁-၉၄)ရက်စွဲဖြင့် ထုတ်ပေးထားသည့် နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)စာအုပ်အား ပယ်ဖျက်သွားမည်ဖြစ်ရာ တရားဝင်ခိုင်လုံသည့်အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်ကြေညာချက်

ကျွန်ုပ်၏မိတ်ဆွေ ကိုဟန်ထူးလွင်(ခ)ကျားပေါက်၊ အမှတ်-၃၊ မဥ္ဇူလမ်း၊ ကံ့ကော်မြိုင်လမ်းသွယ်(၂)၊ ပါရမီ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

အထက်ပါ ကိုဟန်ထူးလွင်(ခ)ကျားပေါက်၏ မူပိုင်ဖြစ်သည့် ၎င်းဖန်တီးထားသော/ပါဝင်ပတ်သက်မှုရှိသော (သီချင်းစာသား၊ သံစဉ်၊ သီဆိုမှု အမှတ်အသား၊ ပန်းချီ၊ ဓာတ်ပုံတို့မှအစ) အနုပညာဖန်တီးမှုပစ္စည်းအဝဝတို့နှင့်စပ်လျဉ်းပြီး ကိုဟန်ထူးလွင်(ခ)ကျားပေါက်မှ ကျွန်ုပ် ဦးငြိမ်းကျော် တစ်ဦးတည်းကိုသာလျှင် ၎င်းတို့ကိုယ်စား စီမံဆောင်ရွက်နိုင်ရန်အတွက် လွှဲအပ်ထားပါသည်။

သို့ပါ၍ အောက်ဖော်ပြပါ တေးရေးတေးဆိုတို့၏ အနုပညာဖန်တီးမှုပစ္စည်းများနှင့်စပ်လျဉ်းပြီး တစ်ခုလုံးသော်လည်းကောင်း၊ တစ်စိတ်တစ်ပိုင်းကိုသော်လည်းကောင်း တရားဝင်ခွင့်ပြုချက်မရှိဘဲ မည်သူမျှ မူပိုင်အဖြစ်ဆောင်ရွက်ခွင့်၊ လွှဲအပ်ခွင့်၊ အသုံးပြုခွင့်၊ စီမံခန့်ခွဲခွင့် တစ်စုံတစ်ရာမရှိကြောင်း အသိပေးကြေညာအပ်ပါသည်။

ကိုဟန်ထူးလွင်(ခ)ကျားပေါက်မှ ဖန်တီးထားသော အနုပညာပစ္စည်းအဝဝကို အသုံးပြုလိုပါ၊ ဦးငြိမ်းကျော် (တရားလွှတ်တော်ရှေ့နေ)သို့ ဆက်သွယ်၍ တရားဝင်ခွင့်ပြုချက် ရယူနိုင်ပါသည်။ တရားဝင်ခွင့်ပြုချက်မရှိဘဲ အသုံးပြုထားကြောင်း တွေ့ရှိပါက သက်ဆိုင်ရာ ဥပဒေအရပ်ရပ်နှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်းလည်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ငြိမ်းကျော်(စဉ်-၁၉၉၈)**

**တရားလွှတ်တော်ရှေ့နေ**

**Myanmar Centre Tower (1)**

**အခန်းအမှတ်(၀၈)၊ (၇)လွှာ၊ အမှတ်(၁၉၂)၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့**

**ဖုန်း-၀၉-၇၃၀၄၀၇၆၃**

## အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ မြန်မာ့ဂုဏ်ရောင်အိမ်ရာဝင်း၊ မြလမ်း၊ အမှတ်(၁၈)ရှိ LYNX TRADING CO.,LTDမှ အထွေထွေမန်နေဂျာ ဦးရဲမြင့်ထွန်း၏ လွှဲအပ်ညွှန်ကြားချက်အရ အသိပေးကြေညာအပ်ပါသည်။

JULIA
Value & Pride



VOV
The Color Trend Company

**မှတ်ပုံတင်စာချုပ်အမှတ်-၇၆၅၇/၂၀၀၉** **မှတ်ပုံတင်စာချုပ်အမှတ်-၇၆၅၈/၂၀၀၉**

LYNX TRADING CO.,LTD သည် KOREA နိုင်ငံ JULIA CO.,LTD နှင့် The Faceshop CO.,LTD တို့မှ ထုတ်လုပ်သည့် JULIA နှင့် VOV ကုန်အမှတ်တံဆိပ်ပါ အလှကုန်ပစ္စည်းအမျိုးမျိုးကို မြန်မာနိုင်ငံတွင် ဖြန့်ဖြူးရောင်းချနိုင်ရန်အတွက် တစ်ဦးတည်းကိုယ်စားလှယ်အဖြစ် ရရှိခဲ့၍ အထက်ဖော်ပြပါအမည်အမှတ်အသားများကို ရန်ကုန်မြို့၊ စာချုပ်စာတမ်းရုံးတွင် JULIA အမှတ်တံဆိပ်အား မှတ်ပုံတင်စာချုပ်အမှတ်-၇၆၅၇/၂၀၀၉ နှင့် VOVအမှတ်တံဆိပ်အား မှတ်ပုံတင်စာချုပ်အမှတ်-၇၆၅၈/၂၀၀၉ တို့ဖြင့် ၁-၁၀-၂၀၀၉ ရက်က မှတ်ပုံတင်ထားခဲ့ပြီးဖြစ်ပါသည်။

LYNX TRADING CO.,LTDသည် အထက်ကုန်အမှတ်တံဆိပ်ပါ အလှကုန်ပစ္စည်းများတွင် "LYNX" ရောင်ပြန်စတစ်ကာ (Hologram)ကပ်နှိပ်၍ မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ လက်လီ/လက်ကားဖြင့် တစ်ဦးတည်း ဖြန့်ဖြူးရောင်းချလျက်ရှိပြီး အခြားမည်သူတစ်ဦးတစ်ယောက်ကိုမျှ ထပ်ဆင့်ဖြန့်ဖြူးရောင်းချရန် ခွင့်ပြုထားခြင်းမရှိပါ။ အထက်ပါပစ္စည်းများသည် ဈေးကွက်တွင် အမည်ကောင်းသတင်းဖြင့် ပြည်သူများ အထူးဝယ်ယူအားပေး အသုံးပြုလျက်ရှိပါသည်။

သို့ပါ၍ JULIA နှင့် VOVကုန်အမှတ်တံဆိပ်များအား တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ကသော်လည်းကောင်း(သို့မဟုတ်) ကုမ္ပဏီအဖွဲ့အစည်းတစ်ခုခုကသော်လည်းကောင်း ထပ်တူထပ်မျှ ဆင်တူယိုးမှား၊ ထင်ယောင်ထင်မှား၊ သံတူကြောင်းကွဲ၊ ပုံတူပုံမှား တုပပြုလုပ်ဖြန့်ဖြူးရောင်းချခြင်းမပြုလုပ်ရန်နှင့် JULIA နှင့် VOV ကုန်အမှတ်တံဆိပ်၏ တစ်ဦးတည်းမူပိုင်ဖြစ်သူ LYNX TRADING CO.,LTD ၏ အကျိုးကို ထိခိုက်နစ်နာစေရန် မဟုတ်မမှန်သော စာတမ်းအမှတ်အသားဖြင့် အတုပြုလုပ်ဆောင်ရွက်လာပါက ပြစ်မှုဥပဒေ၊ တရားမဥပဒေများအရ အရေးယူ တရားစွဲဆို ဆောင်ရွက်မည်ဖြစ်ပါကြောင်းနှင့် ပစ္စည်းအတုအပအသုံးပြု၍ အသားအရည်ထိခိုက်မှု၊ ငွေကြေးကုန်ကျမှုအတွက် "LYNX "တွင် တာဝန်မရှိပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးငွေသိန်း(စဉ်-၅၂၄)** **ဦးသိန်းဇော်(စဉ်-၃၃၀၅၅)** **ဒေါ်ထွေးနန္ဒာသိန်း(စဉ်-၂၉၇၉၃)**

**တရားလွှတ်တော်ရှေ့နေ** **အထက်တန်းရှေ့နေများ**

**အမှတ်(၁၆၃)၊ (၄)လွှာ၊ (၃၈)လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**

**ဖုန်း-၀၁-၅၇၉၄၄၀၊ ၀၉-၅၀၃၉၅၉၁၊ ၀၉-၇၃၀၀၁၀၇၅၊ ၀၉-၇၃၀၂၇၇၀၅**

# မြန်မာနိုင်ငံ လျှပ်စစ်ဓာတ်အားလိုအပ်ချက် ဖြည့်ဆည်းနိုင်ရေး ပြင်သစ်ကူညီမည်

**နေပြည်တော် ဇွန် ၁၇**

မဂ္ဂါဝပ် ၆၉၀ ခန့် ထုတ်လုပ်နိုင်မည့် လေးမြို့ရေအားလျှပ်စစ်စီမံကိန်းဖြစ်မြောက်နိုင်စွမ်း လေ့လာရန် ပြင်သစ်နိုင်ငံက အမေရိကန်ဒေါ်လာ တစ်သန်းကူညီပေးမည်ဖြစ်ကြောင်း သိရသည်။

မဂ္ဂါဝပ် ၆၉၀ ခန့် ထုတ်လုပ်နိုင်မည့် ရခိုင်ပြည်နယ် လေးမြို့ရေအားလျှပ်စစ်စီမံကိန်းအပါအဝင် မြန်မာနိုင်ငံ၏ လျှပ်စစ်လိုအပ်ချက်ဖြည့်ဆည်းနိုင်ရေးအတွက် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဖေဇင်ထွန်းနှင့် ပြင်သစ်နိုင်ငံ နိုင်ငံခြားရေးနှင့် နိုင်ငံတကာဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီး မစ္စတာ ဂျီးမာ့ခ်အီရောင်တို့သည် ယနေ့မွန်းလွဲပိုင်းတွင် တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

ယင်းတွေ့ဆုံဆွေးနွေးမှုမှတစ်ဆင့် မြန်မာနိုင်ငံ၏ လျှပ်စစ်လိုအပ်ချက် ဖြည့်ဆည်းနိုင်ရေးနှင့်ပတ်သက်၍ ပြင်သစ်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများအပေါ် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးထိန်လွင်က "ကျွန်တော်တို့နိုင်ငံရဲ့ ပြည်သူတွေသုံးစွဲတဲ့ ဝန်အားပြည့်မီဖို့ အဓိကထားထုတ်လုပ်ဖြန့်ဖြူးလျက်ရှိတယ်။ အဓိကထုတ်လုပ်တာကတော့ ရေအားလျှပ်စစ်နဲ့ ဂတ်စ်ကို အသုံးပြုပြီး ထုတ်လုပ်ပါတယ်။ တစ်နိုင်ငံလုံးရဲ့ ၃၄ ရာခိုင်နှုန်းက လျှပ်စစ်ဓာတ်အားသုံးစွဲနိုင်ပါတယ်။

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ✱**



ရှမ်းပြည်နယ်မြောက်ပိုင်းရှိ မဂ္ဂါဝပ် ၁၀၅၀ ခန့် ထုတ်လုပ်နိုင်သည့် ရွှေလီ(၃)ရေအားလျှပ်စစ် စီမံကိန်းလုပ်ငန်းခွင်အား တွေ့ရစဉ်။ (လျှပ်စစ်)




နှစ်ပွဲဆက်အနိုင်ရထားသည့် ဇေယျာရွှေမြေအသင်း။

# MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၁၄) ယနေ့ စတင်ကျင်းပမည်

**ရန်ကုန် ဇွန် ၁၇**

၂၀၁၆ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၁၄)ကို ဇွန် ၁၈ ရက်နှင့် ၁၉ ရက်တို့တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

ပွဲစဉ်(၁၄)ကို ဇွန် ၁၈ ရက်တွင် သုဝဏ္ဏကွင်း၌ ဇွဲကပင်အသင်းနှင့် ရခိုင်အသင်း၊ မုံရွာကွင်း၌ ဇေယျာရွှေမြေအသင်းနှင့် Southern အသင်း၊ တောင်ငူကွင်း၌ ဟံသာဝတီနှင့် ဧရာဝတီအသင်း၊ ဇွန် ၁၉ ရက်တွင် YUSC ကွင်း၌ လက်ရှိချန်ပီယံ ရန်ကုန်အသင်းနှင့် ရှမ်းယူနိုက်တက်အသင်း၊ ဗထူးကွင်း၌ ရတနာပုံအသင်းနှင့် Horizon အသင်း၊ သုဝဏ္ဏကွင်း၌ ချင်းယူနိုက်တက်အသင်းနှင့် မကွေးအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ပွဲစဉ်(၁၃)အပြီးတွင် ရတနာပုံအသင်းက ၃၅ မှတ်ဖြင့် ဦးဆောင်နေပြီး ရန်ကုန်အသင်းက ၂၂ မှတ်၊ ဟံသာဝတီနှင့် ဧရာဝတီအသင်းတို့က ၂၁ မှတ်စီ၊ ဇေယျာရွှေမြေနှင့် မကွေးအသင်းတို့က ၁၉ မှတ်စီ၊ ရှမ်းယူနိုက်တက်နှင့် ချင်းယူနိုက်တက်အသင်းတို့က ၁၈ မှတ်စီ၊ ဇွဲကပင်အသင်းက ၁၅ မှတ်၊ ရခိုင်အသင်းက ၁၀ မှတ်၊ Southern အသင်းက ၁၀ မှတ်၊ Horizon အသင်းက ငါးမှတ်တို့ ရရှိထားသည်။

ပြိုင်ပွဲပြီးဆုံးရန် ကိုးပွဲစီကစားရန် ကျန်ရှိနေသေးသော်လည်း လက်ရှိအမှတ်ပေးဇယားရပ်တည်မှုအရ ရတနာပုံအသင်းမှာ ၁၃ မှတ်အသာဖြင့်ဦးဆောင်နေပြီး ချန်ပီယံပြန်ဖြစ်ရန် အကောင်းဆုံးအနေအထားဖြစ်နေသည်။ လက်ရှိချန်ပီယံ ရန်ကုန်အသင်းမှာ နိုင်ပွဲဆက်နေသည့် ရှမ်းအသင်းနှင့်ပွဲကျပ်ကစားရမည်ဖြစ်ပြီး အမာခံကစားသမားအချို့ ပွဲပယ်ခံထားရသောကြောင့် အိမ်ကွင်းဖြစ်သော်လည်း ရုန်းကန်ရဖွယ်ရှိနေသည်။ ဒုတိယအကျော့ပွဲစဉ်များတွင် နှစ်ပွဲဆက်အနိုင်ရထားသည့် ဇေယျာရွှေမြေနှင့် Southern အသင်းတို့ပွဲမှာ အကြိတ်အနယ်ရှိလာနိုင်သလို ဟံသာဝတီ-ဧရာဝတီ၊ ချင်း-မကွေး ပွဲစဉ်များမှာလည်း ပြိုင်ဆိုင်မှုပြင်းထန်လာနိုင်သည်။ **(ရှိုင်းထက်ဇော်)**

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

၁၇-၆-၂၀၁၆

| | |
|---|---|
| ဟုမ္မလင်း | ၃ ဒသမ ၂၃ လက်မ |
| ခန္တီး | ၃ ဒသမ ၁၉ လက်မ |
| ကလေးဝ | ၂ ဒသမ ၆၈ လက်မ |
| ဟိုင်းကြီးကျွန်း | ၂ ဒသမ ၁၃ လက်မ |
| မိုးညှင်း | ၁ ဒသမ ၇၃ လက်မ |
| မော်လိုက် | ၁ ဒသမ ၅၄ လက်မ |
| ခရမ်း | ၁ ဒသမ ၂၆ လက်မ |
| လပွတ္တာ | ၁ ဒသမ ၁၈ လက်မ |



